# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်၊ အင်္ဂါနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၂၇]


**အေးစေ မြဲစေ မေတ္တာရေ**

- နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရန့်၊ ကြိုင်လှိုင်နှံ့၊ သင်းပျံ့နယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရွှံ့မမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

(စံကင်းဆရာတော်ဘုရားကြီး)



# ကမ္ဘာ့လူသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် သုတေသန ရလဒ်များမှတစ်ဆင့် လက်တွေ့အသုံးချနိုင်ရန် ကြိုးပမ်းဆောင်ရွက်

စာမျက်နှာ-၃




# ပုဇွန်တောင်ရေကျော်မှ ရိုးရာသီတင်းကျွတ်မီးထွန်းပွဲ

ရေကျော်သီတင်းကျွတ်မီးထွန်းပွဲမှ ပျော်ရွှင်မှု မြင်ကွင်း။

သတင်းမြင်ကွင်း-မောင်စိန်လွင်

ဓာတ်ပုံ-မင်းထက်၊ တင်စိုး

**ရန်ကုန် အောက်တိုဘာ ၂၆**

အဲ --- အမလေး------- ကိုင်ထားနော် မောင်လေး မမလက်ကိုကိုင်ထားဆိုသည့် ရုတ်တရက် ကျယ်လောင်စွာ ထွက်ပေါ်လာသောအသံနှင့်အတူ အာမေဋိတ်အသံမျိုးစုံ ပေါ်ထွက်လာသောလားရာသို့ အမှတ်မထင် ကြည့်မိလိုက်သည်။ မြန်မာတို့၏ရိုးရာပွဲများနှင့် ပျော်ပွဲရွှင်ပွဲများတွင် မိသားစုများ၊ ညီအစ်ကို၊ မောင်နှမများ၊ သူငယ်ချင်းများနှင့် လူငယ်အများစုကို ရင်ခုန်ပျော်ရွှင်မှုပေးသည့် အပျော်စီးချားရဟတ်တစ်စင်းပေါ်မှ ပေါ်ထွက်လာသော အာမေဋိတ်အသံများက ရန်ကုန်မြို့ ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်လာ အများပြည်သူတို့၏စိတ်ကို ပျော်ရွှင်လွင့်ပျံ့ စီးမျောစေလျက်။ ။

မြန်မာတို့၏ ရိုးရာဓလေ့ပွဲတော်ဖြစ်သည့် သီတင်းကျွတ်လရာသီတွင် နှစ်ပေါင်း ၆၀ ကျော်ကြာ ကျင်းပခဲ့သည့် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်အတွင်းရှိ ရေကျော်သီတင်းကျွတ်ပွဲတော်၏ ဒုတိယမြောက်ည နေ့ဖြစ်သည်။ မုန့်ဆိုင်များ၊ ဈေးဆိုင်ခန်းများ၊ အရုပ်ဆိုင်များ၊ စားသောက်ဆိုင်ခန်းများ၊ *စာမျက်နှာ ၈ ကော်လံ ၁* ●




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## အစိမ်းရောင်စီးပွားရေးနှင့် ဂေါ်ဇီလာအယ်လ်နီညို

“အစိမ်းရောင်”ဟူသော ဝေါဟာရတစ်ခုက မျက်မှောက်ကာလမှာ ကျယ်ကျယ်လောင်လောင်ပေါ်ထွက်လာနေသည်။ သူတို့ပြောနေကြသည့် အစိမ်းရောင်ဟူသည်မှာ ဩကာသလောက (The World of Nature) ကိုဆိုလိုကြခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် အစိမ်းရောင်သည် သဘာဝလောကကြီးကို ကိုယ်စားပြုထားခြင်းဖြစ်သည်။

သဘာဝလောကတည်းဟူသော အစိမ်းရောင်နှင့်စပ်လျဉ်း၍ အစိမ်းရောင်စွမ်းအင် (Green Energy)၊ အစိမ်းရောင်မြို့များ (Green Cities)၊ အစိမ်းရောင်စီးပွားရေး (Green Economy) စသည် စသည်တို့လည်း ရှေ့တန်းသို့ရောက်ရှိလာသည်။ နေစွမ်းအား (Solar Power)၊ ရေစွမ်းအား (Hydro Power)၊ လေစွမ်းအား (Wind Power)၊ ဘူမိအပူစွမ်းအား (Geothermal Power) စသည့် စသည့် မကုန်ခန်းနိုင်သော၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းသော စွမ်းအားများကို “အစိမ်းရောင်စွမ်းအင်”ဟုဆိုကြပြီး သပ်ရပ်သန့်ရှင်းစိမ်းလန်းစိုပြည်ကာ စွမ်းအင်ပြုန်းတီးမှုနည်းပါးသော၊ သဘာဝစွမ်းအင်များကိုအကျိုးရှိရှိအသုံးချသော ခေတ်မီမြို့များကို “အစိမ်းရောင် မြို့များ”ဟု ခေါ်ဝေါ်ကြသည်။ တစ်ဖန် လူ့အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ထိခိုက်ပျက်စီးမှုအနည်းဆုံးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးအမြတ်အများဆုံးရရှိစေရန် ဦးတည်ဆောင်ရွက်သည့် စီးပွားရေးကို “အစိမ်းရောင်စီးပွားရေး”ဟု အမှတ်သညာပြုထားကြသည်။

ပြည်တွင်းပြည်ပ သိပ္ပံပညာရှင်များ၊ အတွေ့အကြုံဗဟုသုတကြွယ်ဝသည့် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြသည့် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဖိုရမ်ကို ယခုနှစ်အစောပိုင်းက မြန်မာနိုင်ငံ၌ ကျင်းပခဲ့ရာ အဆိုပါဖိုရမ်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားရာတွင် “ယနေ့ခေတ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စိန်ခေါ်မှုများ၊ သဘာဝနှင့် လူ့ပယောဂကြောင့် ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်များသည် ယခင်ကထက် ကြိမ်ဖန်များစွာနှင့် ပြင်းထန်စွာကျရောက်လျက်ရှိခြင်းကြောင့် စုပေါင်းရင်ဆိုင်ဖြေရှင်းကြရမည်ဖြစ်ပါကြောင်း၊ လူ့အဖွဲ့အစည်းတစ်ခုတွင် မတူညီသည့် ယုံကြည်မှု၊ လူမျိုးစု၊ ဓလေ့စရိုက်၊ အသိပညာ၊ အတတ်ပညာနှင့် စိတ်ဝင်စားမှုအမျိုးမျိုး၊ လူတန်းစားအမျိုးမျိုးရှိကြမည်ဖြစ်ပါကြောင်း၊ ထိုပုဂ္ဂိုလ်များအနေဖြင့် စုပေါင်းလုပ်ဆောင်တတ်သည့် စိတ်ဓာတ်နှင့် လုပ်ဆောင်နိုင်သည့် စွမ်းရည်များရှိလျှင် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် စိန်ခေါ်မှုများကို မုချမသွေကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း”ဖြင့် တိုက်တွန်းပြောကြားခဲ့သည်။

ယခု ၂၀၁၅ ခုနှစ်တွင် ဂေါ်ဇီလာ အယ်လ်နီညို (Godzilla El Nino) ခေါ် ရာစုနှစ်အတွင်း အပြင်းထန်ဆုံးသော အယ်လ်နီညိုဖြစ်စဉ်တစ်ခုဖြစ်ပေါ်ရန် အစပျိုးနေပြီဖြစ်ရာ အဆိုပါဖြစ်စဉ်၏အကျိုးဆက်များဖြစ်သည့် မိုးနည်းမှု၊ ရေရှားပါးမှု၊ အပူချိန်မြင့်တက်မှုစသည့် သဘာဝဘေးအန္တရာယ်များကို အခြားနိုင်ငံများနည်းတူ မိမိတို့မြန်မာနိုင်ငံသည်လည်း ကြုံတွေ့ရမည်ဖြစ်ကြောင်း မြန်မာမိုးလေဝသပညာရှင်တစ်ဦးက ကြိုတင်သတိပေးထားသည်ကို သိရှိကြပြီးဖြစ်ပေမည်။

သဘာဝဖြစ်စဉ်ကို လူတို့အနေဖြင့် တားဆီး၍ အလျဉ်းမရနိုင်သော်လည်း အဆိုပါဖြစ်စဉ်ကြောင့်ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များကိုမူ ကြိုတင်ပြင်ဆင်မှုဖြင့် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ကျော်လွှားကြရမည်ဖြစ်သည်။ ယင်းသို့ကျော်လွှားရာတွင် အထက်တွင်ဆိုခဲ့သည့်အတိုင်း စုပေါင်းလုပ်ဆောင်တတ်သည့် စိတ်ဓာတ်နှင့် လုပ်ဆောင်နိုင်သည့် စွမ်းရည်များရှိရန်လိုအပ်သကဲ့သို့ ကျယ်ပြန့်သော စိတ်စေတနာနှင့် နက်ရှိုင်းစွာ အတူတကွပူးပေါင်းဆောင်ရွက်လိုစိတ်တို့ ရှိရန်လည်း အလွန်လိုအပ်မည်ဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

# မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး စိုက်ပျိုးရေပေးဝေမှုစစ်ဆေး

**မိတ္ထီလာ အောက်တိုဘာ ၂၆**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်သည် အောက်တိုဘာ ၂၂ ရက်က မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဝမ်းတွင်းမြို့နယ် ကုန်းရွာအနီးရှိ မိတ္ထီလာလွင်ပြင်ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်း၏ ယာယီရေတင်စခန်းသို့ရောက်ရှိပြီး ရေစုပ်စက်ကြီးများဖြင့် မိုးစပါး ဧက ၁၀၀၀ လျာထားသည့်အနက် ၁၀၅၄ ဧက စိုက်ပျိုးရေပေးဝေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရေလိုအပ်ချက်နည်းသော သီးနှံများကိုတွဲဖက်၍ သီးနှံပုံစံပြောင်းလဲစိုက်ပျိုးခြင်းနှင့် စိုက်ပျိုးရေးကို အကျိုးရှိစွာ အသုံးချခြင်းဖြင့် စိုက်ပျိုးဧက ပိုမိုတိုးတက်စေရေးအတွက် မှာကြားခဲ့သည်။

ထို့နောက် ဝမ်းတွင်းမြို့နယ် ကုန်းရွာအနီး စမုံချောင်းပေါ်တွင် တည်ဆောက်နေသော Rubber Dam တည်ဆောက်ရေး လုပ်ငန်းခွင်နှင့် မြို့ကြီးရေလှောင်တမံ တည်ဆောက်ပြီးပါက ကင်းတားဆည်မှ ပိုလျှံလာမည့် ဆည်ရေကို မိုင်းမောဒေသနှင့် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးမြေဧက ၃၃၀၀၀ ကို ဖြည့်စွက်စိုက်ပျိုးရေပေးဝေရန်အတွက် Rubber Dam ကို တည်ဆောက်နေခြင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ မိတ္ထီလာမြို့နယ် ညောင်ကန်ကျေးရွာအနီးရှိ ရေအရင်းအမြစ် ဦးစီးဌာနက တူးဖော်ခဲ့သော စိုက်ပျိုးရေ စက်ရေတွင်းအမှတ် (မထ-၇၁) သို့ ရောက်ရှိခဲ့ပြီး စိုက်ပျိုးဧက ပိုမိုတိုးတက်စေရေးဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# ကျိုက္ခမီရေလယ်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

**မုဒုံ အောက်တိုဘာ ၂၆**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ ဆုတောင်းပြည့်ရေလယ်ဆံတော်ရှင် မြတ်စွာဘုရားကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၄ ရက်မှ လပြည့်ကျော် ၅ ရက်အထိ (အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။

ပွဲတော်ရက်အတွင်း ဆွမ်းအိုးမျှော ပူဇော်ပွဲ၊ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲ၊ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားများကို ကျင်းပမည်ဖြစ်သည်။ ပျော်ပွဲရွှင်ပွဲများအဖြစ် လျှပ်စစ်မီးပုံးပျံလွှတ်တင်ပွဲ၊ အလင်္ကာဝတ်ရည် မြန်မာသံစဉ် တေးဂီတပျော်ဖြေပွဲ၊ ဟန်ဇာမိုးဝင်း ဇာတ်သဘင်ပွဲ၊ မွန်ပြည်နယ်ဇာတ်အဖွဲ့ သုံးဖွဲ့နှင့် ကလပ်အသင်း ဘောလုံးပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ ဘုရားဖူး လာ ရပ်ဝေးရပ်နီးမှ ရဟန်းသံဃာတော်များ၊ ဧည့်သည်များအား စတုဒိသာတို့ဖြင့် ဧည့်ခံကျွေးမွေး လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။



ဓာတ်ပုံ-မြတ်မွန်ထွေး (မြန်မာ့အလင်း)

“ကိုယ့်ရဲ့မွေးရပ်ဇာတိမို့ သီတင်းကျွတ်ပွဲတော် ရာသီရောက်တိုင်း အလုပ်ကခွင့်ယူပြီး နှစ်စဉ်ပြန်ပါတယ်။ မွန်ပြည်နယ်ရဲ့အစည်ကားဆုံးဘုရားပွဲတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်လို့ ကိုယ့်ဒေသအတွက် ဂုဏ်ယူပါတယ်။ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ လာရောက်ဆင်နွှဲကြဖို့လည်း ဖိတ်ခေါ်ပါတယ်” ဟု ရန်ကုန်မြို့ရောက် သံဖြူဇရပ်မြို့နယ် ကျုံကဒတ်ကျေးရွာမှ လူငယ်တစ်ဦးကသူ၏ဆန္ဒကို ပြောပြသည်။

**ကိုချစ်(မုဒုံ)**

# အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဆင်း

**ဒိုက်ဦး အောက်တိုဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် မီးသတ်ဦးစီးဌာနတွင် အောက်တိုဘာ ၂၃ ရက်က အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်းပွဲကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော်က သင်တန်းဆင်း အမှာစကားပြောကြားခဲ့ပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ကာ မြို့နယ်ရဲတပ်ဖွဲ့မှူးက တူညီဝတ်စုံများ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းတွင် မီးသတ်ပညာရပ်၊ စစ်ရေးပြပညာရပ်၊ ရှာဖွေကယ်ဆယ်ရေးပညာရပ်များအပြင် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး လုပ်ငန်းတာဝန်များကို သင်ကြားပေးခဲ့သည်။ သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ပြီး သင်တန်းသား စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ငွေးစု(ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၆-၁၀-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၇၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၇၅ |
| ဥရောပ | တစ်ယူရို | ၁၄၅၄·၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၂၁·၅၂ |
| ထိုင်း | တစ်ဘတ် | ၃၆·၃၃၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၉·၈၀၆ |
| တရုတ် | တစ်ယွမ် | ၂၀၁·၉၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅·၂၉ |

ခင်ရတနာ-စုစည်းသည်။

၁၂-၁၀-၂၀၁၅ မှ ၁၆-၁၀-၂၀၁၅ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၆၂၄ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၅၈၄ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ သိုလှောင်စရိတ်၊ သယ်ပို့စရိတ်နှင့် ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

# ကမ္ဘာ့လူသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် သုတေသနရလဒ်များမှတစ်ဆင့် လက်တွေ့အသုံးချနိုင်ရန် ကြိုးပမ်းဆောင်ရွက်




ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်နည်းပညာတက္ကသိုလ် နည်းပညာသုတေသနအဆောက်အအုံဖွင့်ပွဲတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**ရန်ကုန် အောက်တိုဘာ ၂၆**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ရန်ကုန် နည်းပညာတက္ကသိုလ် နည်းပညာသုတေသန အဆောက်အအုံ (Technological Research Centre) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ အဆိုပါနည်းပညာ သုတေသနအဆောက်အအုံ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တက်ရောက်၍ စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ အဆင့်မြင့်နည်းပညာ တက္ကသိုလ်များ၏ ဦးစီးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ပညာရှင် ဆရာကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နည်းပညာသုတေသန အဆောက်အအုံကို ထူးချွန် ကျောင်းသား ကျောင်းသူများဖြစ်ကြသည့် မောင်ကျော်ဇင်ဟိန်း၊ မခြူးဝေစိုး၊ မောင်ရဲပိုင်ဦး၊ မောင်ရန်နိုင်နှင့် မခိုင်လင်းအောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက နည်းပညာ သုတေသနအဆောက်အအုံ ဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။



ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့်ပက်ဖျန်းပေးကြပြီး နည်းပညာသုတေသန အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပင်မဆောင် ဧည့်ခန်းမ၌ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက နည်းပညာ သုတေသနအဆောက်အအုံနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ရန်ကုန် နည်းပညာတက္ကသိုလ် ပင်မဆောင်ရှိ စုဝေးခန်းမ၌ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက အဖွင့်အမှာစကား ပြောကြားရာတွင် ရန်ကုန် နည်းပညာတက္ကသိုလ်၏ သမိုင်းကြောင်းအရ ၁၉၆၁ ခုနှစ်တွင် ယခင် ဆိုဗီယက်ပြည်ထောင်စုက မြန်မာနိုင်ငံကို ချစ်ကြည်ရေး လက်ဆောင်အဖြစ် ပေးအပ်ခဲ့စဉ်က ဗမာ့စက်မှုတက္ကသိုလ် (Burma Institute of Technology) (B.I.T) ဆိုသည့်အမည်နှင့် စတင် ဖွင့်လှစ်ခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် (Rangon Institute of Techno-logy)(R.I.T) အဖြစ် ပြောင်းလဲခေါ်ဝေါ်ခဲ့ကြောင်း။

ဆက်လက်၍ ၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အောက်ကို စတင်ရောက်ရှိခဲ့ပြီး (Yangon Institute of Technology) (Y.I.T), (Yangon Technological University) (Y.T.U) စသည်ဖြင့် အဆင့်ဆင့် အမည်ပြောင်းလဲပါကြောင်း။

စတင်တည်ထောင်ခဲ့သည့်အချိန်မှ ယခုအချိန်အထိ အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်ပေါင်း သုံးသောင်းနီးပါး မွေးထုတ်နိုင်ခဲ့ပြီး ဤတက္ကသိုလ်ထွက် ဘွဲ့ရအသိပညာရှင်၊ အတတ်ပညာရှင် ပုဂ္ဂိုလ်အများအပြားသည်လည်း နိုင်ငံတည်ဆောက်ရေး လုပ်ငန်းတာဝန်ကြီးများကို ထမ်းဆောင်ခဲ့ကြပြီးဖြစ်သကဲ့သို့ ထမ်းဆောင်နေကြဆဲလည်း ဖြစ်ပါကြောင်း။

သုတေသန လုပ်ငန်းသည် တက္ကသိုလ်တစ်ခု၏ အသက်သွေးကြောဖြစ်သည်ဟု ယူဆထားသည့်အတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန Y.T.U ရဲ့ သုတေသနလုပ်ငန်း စွမ်းဆောင်မှုများသည် အနာဂတ်နည်းပညာတက္ကသိုလ် ပညာရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း။

တိုးတက် ပြောင်းလဲလာသည့် မျက်မှောက်အချိန်တွင် အခြေခံလိုအပ်ချက်များဖြစ်သည့် အဆောက်အအုံ၊ လမ်း၊ ရေနှင့် လျှပ်စစ်မီးတို့အပြင် သင်ကြားရေး ဆရာ ဆရာမများ ပိုမိုလိုအပ်လာမှု၊ သင်ကြားမှုအထောက်အကူပြု ပစ္စည်းများနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ စုံစုံလင်လင်ရှိရန်လိုအပ်မှု၊ ခေတ်မီ IT နည်းပညာဆိုင်ရာ လိုအပ်မှု၊ ဓာတ်ခွဲခန်းကျွမ်းကျင်သူများ လိုအပ်မှုစသည့် လိုအပ်မှုပေါင်းများစွာလည်း လိုက်ပါလာပါကြောင်း။

ယင်းလိုအပ်ချက်များကို နိုင်ငံတော်အစိုးရအနေဖြင့် အတတ်နိုင်ဆုံး ပံ့ပိုးဆောင်ရွက်ပေးနေသကဲ့သို့ ဤတက္ကသိုလ်အနေဖြင့်လည်း အာဆီယံတက္ကသိုလ်များ၊ အခြားနိုင်ငံခြားတက္ကသိုလ်များ၊ နိုင်ငံတကာမှ နည်းပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပို၍ ပူးပေါင်းဆောင်ရွက်ကြရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း။

ဤတက္ကသိုလ်သင်ကြားရေးဌာန ၁၂ ခုအတွက် ဂျပန်နိုင်ငံအစိုးရ၏ Japan-Asean Integration Fund (JAIF) အစီအစဉ်နှင့် ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ခြင်း စီမံကိန်းတွင် အမေရိကန်ဒေါ်လာတစ်သန်း တန်ဖိုးရှိသည့် ဓာတ်ခွဲခန်းပစ္စည်းအမျိုးမျိုး ရရှိခဲ့သည်ဟု သိရှိရပါကြောင်း။

ထို့အပြင် ဂျပန်၊ နယ်သာလန်၊ ဖင်လန်၊ ကိုရီးယား၊ ထိုင်းနိုင်ငံက တက္ကသိုလ်များနှင့် ပူးပေါင်းပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လျော့ပါးရေးဆိုင်ရာ သုတေသနလုပ်ငန်းများ၊ စွမ်းအင်ဆိုင်ရာ သုတေသနလုပ်ငန်းများ၊ ရေအရင်းအမြစ်ဆိုင်ရာ သုတေသနလုပ်ငန်း၊ Development of Small Scale Refinery Plant လုပ်ငန်းနှင့် Semi-conductor သုတေသနလုပ်ငန်း အစရှိသည့် အင်ဂျင်နီယာ သုတေသနလုပ်ငန်းများကိုလည်း စတင်အကောင်အထည်ဖော်နေမှုကို သိရှိရပါကြောင်း။

ပါရဂူဘွဲ့အတွက် ဂျပန်နိုင်ငံ၏ ထင်ရှားသည့် တက္ကသိုလ် ခုနစ်ခုသို့ ဤတက္ကသိုလ်မှ ဆရာ ဆရာမ ၄၂ ဦး စေလွှတ်နိုင်ခဲ့သည့်အပြင် JICA အကူအညီနှင့် ဓာတ်ခွဲခန်းဆိုင်ရာ အထောက်အကူပစ္စည်းများ ပါဝင်သည့် ဂျပန်ယန်း ၂ ဒသမ ၅၈၂ ဘီလီယံတန်ဖိုးရှိ သုံးထပ်နှင့် ငါးထပ် ဓာတ်ခွဲခန်း အဆောက်အအုံများ တည်ဆောက်နေသည်ဟု သိရှိရပါကြောင်း၊ ဘွဲ့ကြိုသင်တန်းများအားလုံး အတွက် နိုင်ငံတကာတက္ကသိုလ် အသိအမှတ်ပြုလက်မှတ်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှ စရရှိခဲ့သည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ယနေ့ဖွင့်လှစ်လိုက်သည့် နည်းပညာသုတေသန ဗဟိုဌာနသည် ဤတက္ကသိုလ်ရှိ ဌာနအသီးသီး၏ သုတေသနလုပ်ငန်းများကို အရှိန်အဟုန်နှင့် ရှေ့ဆက်လက်ဆောင်ရွက်နိုင်အောင် နိုင်ငံတော်အစိုးရက ပံ့ပိုးပေးခဲ့ခြင်းဖြစ်ပါကြောင်း။

ယခုဖွင့်လှစ်သည့် ခြောက်ထပ် နည်းပညာသုတေသနဆောင် TRC ကို ထိထိရောက်ရောက်အသုံးချပြီး ဤနည်းပညာ တက္ကသိုလ်၏ သုတေသနလုပ်ငန်း ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိလာစေရန်၊ ကမ္ဘာ့လူသားများ အတွက် အကျိုးဖြစ်ထွန်းစေမည့် သုတေသနရလဒ်များ ရရှိစေရန်၊ သုတေသနရလဒ်များမှ တစ်ဆင့် လက်တွေ့ အသုံးချနိုင်သည့်အဆင့် အထိ ရောက်ရှိလာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ဤသုတေသန ခြောက်ထပ်ဆောင်ကြီး ရေရှည်ခိုင်မြဲသည့် ဗဟိုဌာနဖြစ်စေရေး အားလုံးထိန်းသိမ်းစောင့်ရှောက်သွားကြပါရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ရန်ကုန်နည်းပညာ တက္ကသိုလ် ဘွဲ့ကြိုကျောင်းသား တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ နည်းပညာသုတေသန ဆောင်ကို ၂၀၁၄ ခုနှစ် ဧပြီ ၁၉ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် ပြီးစီးခဲ့သည်။ ယင်းအဆောက်အအုံကို နိုင်ငံတော်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ခန့်မှန်းကုန်ကျငွေကျပ် ၂ ဒသမ ၇၅၄ ဘီလီယံခန့် ကုန်ကျခံ၍ ဆောက်လုပ်ခဲ့ပြီး အရွယ်အစားမှာ (၁၆၀' × ၇၀'× ၉၆') စတုရန်းပေ ၇၉၂၇၅ ရှိပြီး ၁၅ ဦးဆံ့ ဓာတ်လှေကား နှစ်စင်းအပါအဝင် (RC)သံကူကွန်ကရစ် ခြောက်ထပ်နှင့် မြေအောက်ထပ်ပါ အဆောက်အအုံ ဖြစ်သည်။

ယင်း အဆောက်အအုံ၌ သက်ဆိုင်ရာဘာသာရပ်အသီးသီး၏ သုတေသနလုပ်ငန်းများကို အဆင့်မီစွာ ဆောင်ရွက်နိုင်သော သုတေသန ဓာတ်ခွဲခန်းများ ဖွင့်လှစ်ထားရှိသွားမည်ဖြစ်သည်။ နည်းပညာသုတေသန အဆောက်အအုံ ဖွင့်လှစ်နိုင်ခြင်းကြောင့် ရန်ကုန်နည်းပညာတက္ကသိုလ်၏ သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

**မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်**

**နေပြည်တော် အောက်တိုဘာ ၂၆** မှတ်သားဖွယ်ရာမိုးရေချိန်များမှာ သာယာဝတီမြို့တွင် ၀ ဒသမ ၇၁ လက်မ၊ ပင်လောင်းမြို့တွင် ၀ ဒသမ ၅၁ လက်မ၊ တောင်ကြီးမြို့တွင် ၀ ဒသမ ၄၀ လက်မနှင့် ရန်ကုန်(ကမ္ဘာအေး)တွင် ၀ ဒသမ ၃၁ လက်မတို့ဖြစ်ကြသည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# ဘယ်လ်ဂျီယံနိုင်ငံစစ်တန်းလျားတစ်ခုကို ခေါင်းစွပ်နှင့် လူတစ်ဦးကတိုက်ခိုက်


**ဘရပ်ဆဲလ် အောက်တိုဘာ ၂၆**

အောက်တိုဘာ ၂၆ ရက်တွင် ဘယ်လ်ဂျီယံနိုင်ငံ နေမာမြို့ အနီးတွင် တည်ရှိသော ဖလာဝင်းစစ်တန်းလျားကို ခေါင်းစွပ်စွပ်ထားသော အမျိုးသားတစ်ဦးက သေနတ်ဖြင့်အချက်ပေါင်းများစွာ ပစ်ခတ်တိုက်ခိုက်ခဲ့သော်လည်း ထိခိုက်သူတစ်ဦးမျှမရှိကြောင်း ဘယ်လ်ဂျီယံအစိုးရ ရှေ့နေများ၏ပြောကြားချက်အရ သိရသည်။

အဆိုပါအကြမ်းဖက်သမားမောင်းလာသော မော်တော်ယာဉ်ထဲတွင် ဗုံးပါလာနိုင်ဖွယ်ရှိသောကြောင့် တာဝန်ရှိသူများက ဗုံးရှာဖွေရေးအဖွဲ့တစ်ဖွဲ့ကို အခင်းဖြစ်ပွားရာနေရာသို့စေလွှတ်ခဲ့ရာ တိုက်ခိုက်ရေးသမား၏ မော်တော်ယာဉ်လည်း အခင်းဖြစ်ပွားရာနေရာအနီးတွင် စွန့်ပစ်ထားခဲ့သည်ကို တွေ့ရှိရကြောင်း ဘယ်လ်ဂျီယံသတင်းစာတစ်စောင်ဖြစ်သည့် လာဒါနရီဟာရီက ရေးသားဖော်ပြထားသည်။

ဘယ်လ်ဂျီယံနိုင်ငံတွင် ပြီးခဲ့သည့်ဇန်နဝါရီလက ရဲစခန်းအပေါ်တိုက်ခိုက်မှုပြုလုပ်ရန် လျှို့ဝှက်ကြံစည်မှုတစ်ခုကိုလည်း အချိန်မီကြားဖြတ်ဟန့်တားနိုင်ခဲ့သလို နိုင်ငံအတွင်းတိုက်ခိုက်မှု အကြီးအကျယ်ပြုလုပ်ရန်ကြံစည်သည့် အစ္စလာမ့်စစ်သွေးကြွအုပ်စုတစ်စုအပေါ် ထိုးစစ်ဆင်မှုများတွင်လည်း အမျိုးသားနှစ်ဦးကို သတ်ဖြတ်ခဲ့ကြောင်း သတင်းများအရ သိရသည်။

ဘယ်လ်ဂျီယံအစိုးရသည် ယင်းအချိန်ကတည်းက မြို့တော် ဘရပ်ဆဲလ်ရှိ ဥရောပကော်မရှင်ဌာနချုပ်၊ နိုင်ငံခြားသံရုံးများနှင့် ဂျူးစာသင်ကျောင်းများကဲ့သို့သော အဓိကနေရာများတွင် လုံခြုံရေးအစောင့်များ ချထားခဲ့ကြောင်း သတင်းများအရသိရသည်။ **(ရိုက်တာ)**





# အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်၌ အင်အားပြင်းငလျင်လှုပ် လူပေါင်း ၁၀၀ကျော် သေဆုံး

**ကဘူးလ် အောက်တိုဘာ ၂၆**

အင်အားပြင်းထန်သောငလျင်တစ်ခုအာဖဂန်နစ္စတန်မြောက်ပိုင်းတွင် လှုပ်ခတ်ခဲ့ရာ ဒေသတွင်းနှင့်အိမ်နီးချင်းပါကစ္စတန်နိုင်ငံတို့မှ လူ ၁၀၀ ကျော်သေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အမေရိကန်ဘူမိဗေဒ လေ့လာရေးဌာနက ပြင်းအား ၇ ဒသမ ၅ ရစ်ချ်စတာစကေးအဆင့်ရှိ ငလျင်တစ်ခုသည် ဒေသစံတော်ချိန်မွန်းလွဲ ၁နာရီ ၃၉ မိနစ်တွင် လှုပ်ခတ်ခဲ့ကြောင်း ပြောခဲ့သည်။

အဆိုပါငလျင်သည် အာဖဂန်နစ္စတန်နိုင်ငံ မြို့တော် ကဘူးလ်မှ အရှေ့မြောက်ဘက် ၂၅၄ ကီလိုမီတာခန့်အကွာ ဝေးလံခေါင်ဖျားသော ဘာဒါခါရှန်ပြည်နယ်၊ ဟိန္ဒူကုရှ်တောင်တန်းဒေသရှိ ၂၁၃ ကီလိုမီတာ ခန့်အနက် မြေအောက်တစ်နေရာတွင် ဗဟိုပြုကြောင်း သတင်းများအရ သိရသည်။ အဆိုပါငလျင်သည်ပါကစ္စတန်၊ အိန္ဒိယ၊ ဥဇဘက်ကစ္စတန်နှင့် တာဂျီကစ္စတန် ဒေသများတွင်ပါ လှုပ်ခဲ့ကြောင်း သိရသည်။

ပါကစ္စတန်မြောက်ပိုင်း၌ လှုပ်ခဲ့သောငလျင်ကြောင့် လူ ၄၀ ဦးသေဆုံးခဲ့သည်ကို အတည်ပြုကြောင်း ပါကစ္စတန်အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က အင်န်အိတ်ချ်ကေသတင်းဌာနသို့ သတင်းအတည်ပြုချက်ပေးပို့ခဲ့သည်။

အာဖဂန်မြောက်ပိုင်းတာကာပြည်နယ်ရှိမိန်းကလေးကျောင်းမှ အနည်းဆုံး ကျောင်းသူ ၁၂ ဦးသည်ငလျင်လှုပ်နေသော အဆောက်အအုံမှ ထွက်ပြေးစဉ် သေဆုံးခဲ့ကြောင်း အဆိုဆီရိုက်ပရက်စ်နှင့် အခြားမီဒီယာများက ဖော်ပြခဲ့သည်။ အခြားမိန်းကလေး ၃၀ မှာ ဆေးရုံသို့တင်ပို့ခဲ့ရကြောင်း သိရသည်။

ပါကစ္စတန်နှင့်အာဖဂန်နစ္စတန်ရှိအာဏာပိုင်များက ပျက်စီးမှုအတိုင်းအတာ ပမာဏကိုခန့်မှန်းရန်ကြိုးစားလျက်ရှိသော်လည်း ငလျင်ဒဏ်ကြောင့် ဆက်သွယ်ရေးလိုင်းများပါ ပြတ်တောက်ခဲ့ရာ တချို့ဒေသတွင် အဆက်အသွယ်မရနိုင်သဖြင့် သေဆုံးသူဦးရေလည်း နောက်ထပ်တိုးလာဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။ **(ရိုက်တာ/အင်န်အိတ်ချ်ကေ)**

# ရွှေ့ပြောင်းဒုက္ခသည်များအရေး ပူးပေါင်းဆောင်ရွက်ရန် အီးယူခေါင်းဆောင်များနှင့် ဘော်လ်ကန်နိုင်ငံများ သဘောတူညီမှုရရှိ

**ဘရပ်ဆဲလ် အောက်တိုဘာ ၂၆**

ဥရောပခေါင်းဆောင်များအနေဖြင့် ဘော်လ်ကန်နိုင်ငံများကို ဖြတ်ကျော်ဝင် ရောက်လာသော ရွှေ့ပြောင်းဒုက္ခသည်များ အရေးပူးပေါင်းဆောင်ရွက်ရန် သဘောတူလိုက်ပြီဖြစ်သည်။

ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကဲလ်နှင့် ဂရိဝန်ကြီးချုပ် အဲလက်တီစီ ပရက်တို့သည် ဘရပ်ဆဲလ်မြို့၌ ဘော်လ်ကန်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင် ကိုးဦးနှင့် တွေ့ဆုံကာ ရွှေ့ပြောင်းဒုက္ခသည်များ အရေးပူးပေါင်းဖြေရှင်းရန် သဘောတူခဲ့ကြသည်။

ယခုနှစ်အတွင်း ရွှေ့ပြောင်းဒုက္ခသည်များသည် ဘော်လ်ကန်နိုင်ငံများမှ တစ်ဆင့် လူပေါင်းသန်းဝက်ခန့် ဂျာမနီနိုင်ငံက လက်ခံသွားမည်ဖြစ်သည်။ အဆိုပါ ရွှေ့ပြောင်းဒုက္ခသည်များအရေးကို ဥရောပခေါင်းဆောင်များနှင့် ဘော်လ်ကန်နိုင်ငံများမှ ခေါင်းဆောင်များ တနင်္ဂနွေနေ့တစ်ညနေလုံး ဆွေးနွေးခဲ့ကြရာ လူပေါင်း ၁၀၀၀၀၀အား ကုလသမဂ္ဂ၏ နေရာထိုင်ခင်းပံ့ပိုးရေး အကူအညီအပါအဝင် အချက် ၁၇ ချက်ပါသော အစီအစဉ်ကို အတူတကွ ပူးပေါင်းလုပ်ဆောင်သွားကြရန် သဘောတူညီခဲ့ကြသည်။

မိမိတို့အနေဖြင့် ပြည်သူများကို လက်ခါရမ်းပြသည့်အစီအစဉ်ကိုရပ်တန့်ပြီး ရှင်းရှင်းလင်းလင်းလုပ်ဆောင်သွားရန်လိုကြောင်း အီးယူအမှုဆောင်ဥက္ကဋ္ဌ ဂျင်းကလောဒီဂျွန်ကာက ပြောဆိုလိုက်သည်။ **(ရိုက်တာ)**






# ဟေတီနိုင်ငံသားများ သမ္မတသစ်ရွေးချယ်ရန်မဲပေး

**ဟေတီ အောက်တိုဘာ ၂၆**

ဟေတီပြည်သူများသည် ရွေးချယ်ခံကိုယ်စားလှယ်လောင်း ၅၀ ထဲမှ ၎င်းတို့၏သမ္မတသစ်ကိုရွေးချယ်ရန် မဲများပေးခဲ့ပြီဖြစ်ကြောင်း အောက်တိုဘာ ၂၆ ရက်က အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

တာဝန်မှ အနားယူသွားသော သမ္မတ မီချယ်ဟာလီ၏နေရာတွင် သမ္မတသစ်ခန့်အပ်ရန်အတွက် အောက်တိုဘာ ၂၅ ရက်က ငါးနှစ်အတွင်း ပထမဆုံး သမ္မတရွေးကောက်ပွဲကို မြေထဲပင်လယ်နိုင်ငံများထဲက တစ်နိုင်ငံဖြစ်သော ဟေတီ၌ ကျင်းပပြုလုပ်ခဲ့သည်။ အာဏာရအစိုးရနှင့် အတိုက်အခံ ပါတီများအကြား မကျေလည်မှုဖြစ်နေသည့်ကြားက ဟေတီနိုင်ငံသည် နိုင်ငံရေးမတည်ငြိမ်မှုများ ဖြစ်ပွားနိုင်သော်လည်း သမ္မတရွေးကောက်ပွဲကျင်းပခြင်းအားဖြင့် ဟေတီနိုင်ငံအား နိုင်ငံရေးတည်ငြိမ်မှုများ ဖြစ်ပေါ်လာနိုင်မည့် ပြယုဂ်ပင်ဖြစ်သည်။

ဟေတီနိုင်ငံသည် လွန်ခဲ့သောငါးနှစ်က အင်အားပြင်း ငလျင်တစ်ခုလှုပ်ခဲ့ပြီး လူပေါင်းသုံးသိန်းကျော်သေဆုံးခဲ့ကာ ၁ ဒသမ ၅ သန်းမှာ နေအိမ်များဆုံးရှုံးခဲ့ရသည်။ ဟာရီကိန်းမုန်တိုင်းများနှင့် ဝမ်းပျက်ဝမ်းလျှော ကပ်ရောဂါများက ဟေတီပြန်လည်တည်ထောင်ရေးလုပ်ငန်းများကို ကြန့်ကြာမှုများဖြစ်ပေါ်စေသည်။ **(အင်န်အိတ်ချ်ကေ)**

## ဟောင်ကောင်ကြိုပို့ ရေယာဉ် မတော်တဆမှုဖြစ်ပွား အယောက် ၁၀၀ ခန့် ဒဏ်ရာရ

**ဟောင်ကောင် အောက်တိုဘာ ၂၆**

မက်ကူရာမှ ဟောင်ကောင်သို့ ဦးတည်မောင်းနှင်လာသော မြန်နှုန်းမြင့် ကြိုပို့ရေယာဉ်တစ်စင်းသည် အမည်မသိ အရာဝတ္ထု တစ်ခုအား ဝင်တိုက်ခဲ့ရာ ရေယာဉ်ပေါ်ပါ လူ ၁၀၀ ခန့် ဒဏ်ရာရရှိသွားခဲ့သည်။ ရေယာဉ်တိုက်မှုသည် တနင်္ဂနွေနေ့ အောက်တိုဘာ ၂၅ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ နောက်ပိုင်းတွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဟောင်ကောင်ပင်လယ်ရေကြောင်း အရာရှိများက ပြောခဲ့သည်။အဆိုပါကြိုပို့ယာဉ်မှာ ဟောင်ကောင်အနောက်ဘက် လန်တူကျွန်းအနီး၌ မတော်တဆမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရသူများကို ဆေးကုသမှုခံယူရန် ဟောင်ကောင်ဆိပ်ကမ်းသို့ ပို့ဆောင်ပေးခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

# တရားမဝင် ငါးခိုးဖမ်းမှုကြောင့် ထိန်းသိမ်းခံရသူများနှင့် ပတ်သက်သော ဥပဒေကြောင်းအရ အရေးယူမှုပူးပေါင်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၆

**အင်ဒိုနီးရှားနိုင်ငံ ကျွန်းများပေါ်သို့ရောက်ရှိနေသော ထိုင်းနိုင်ငံ ငါးဖမ်းလှေများပေါ်မှ လူကုန်ကူးခံရသူများနှင့် အင်ဒိုနီးရှားရေပိုင်နက်တွင် တရားမဝင်ငါးခိုးဖမ်းမှုကြောင့် ထိန်းသိမ်းခံထားရသူများနှင့်ပတ်သက်သော ဥပဒေကြောင်းအရ အရေးယူမှုဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး (Law Enforcement Cooperation) အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ အောက်တိုဘာ (၂၁-၂၂) ရက်များတွင် ကျင်းပခဲ့သည်။** (ယာပုံ)



ထိုအစည်းအဝေးတွင် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ရဲမှူးချုပ် ဝင်းနိုင်ထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ အရာရှိများ၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးနှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့တို့မှ အရာရှိများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူတို့ ပါဝင်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးဖွင့်ပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှား သံအမတ်ကြီးဖြစ်သူ H.E.Mr. Dr. Ito Sumardi က အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် အင်ဒိုနီးရှားနိုင်ငံကိုယ်စားလှယ်အဖွဲ့မှ ဘန်ဂျီနာကျွန်းတွင် လူကုန်ကူးခံရမှုအပေါ် စုံစမ်းစစ်ဆေးရေးတိုးတက်မှုအခြေအနေများ၊ မြန်မာကိုယ်စားလှယ်အဖွဲ့မှ အင်ဒိုနီးရှားနိုင်ငံ ကျွန်းများတွင် လူကုန်ကူးခံနေရမှုအပေါ် စုံစမ်းစစ်ဆေးရေး တိုးတက်မှုအခြေအနေများ၊ ကမ္ဘောဒီးယားနိုင်ငံကိုယ်စားလှယ်အဖွဲ့မှ ဘန်ဂျီနာကျွန်း လူကုန်ကူးခံနေရမှုအပေါ် စုံစမ်းစစ်ဆေးရေးတိုးတက်မှု အခြေအနေများကို ဆွေးနွေးကြပြီး နိုင်ငံအလိုက် ကိုယ်စားလှယ်များက ပူးပေါင်းဆောင်ရွက်ရန်အတွက် National Level Points များနှင့် Operational Level Focal Points များ ရွေးချယ်သတ်မှတ်ကြသည်။

ယင်းနောက် AFP member, Police Advisor Ball မှ လူကုန်ကူးမှုနှင့်ပတ်သက်သည့် ငွေကြေးစုံစမ်းမှုအတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ ဆွေးနွေးရာတွင် လူကုန်ကူးခံရသူ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးရေးလုပ်ငန်းစဉ်အရ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သူ ၇၈၃ ဦးအနက် ၂၀၅ ဦးအတွက်သာ နစ်နာကြေးရရှိခဲ့ပြီး ၅၇၈ ဦး ကျန်ရှိနေသည့်အတွက် နစ်နာကြေးရရှိအောင် ကူညီဆောင်ရွက်ပေးရန်၊ လူကုန်ကူးမှုနှင့် ဆက်နွှယ်သည့် အခြားမှုခင်းများဖြစ်သည့် အပြင်းအထန်နာကျင်စေမှု၊ လူသတ်မှု၊ ငွေကြေးခဝါချမှုတို့နှင့်လည်း အရေးယူဆောင်ရွက်ထားရှိမှုအခြေအနေ၊ အင်ဒိုနီးရှားနိုင်ငံရှိ ကျွန်းများပေါ်တွင် သေဆုံးမြှုပ်နှံခဲ့သည့် မြန်မာနိုင်ငံသား အရေအတွက်နှင့် အမည်များအား ကူညီစုံစမ်းပေးရန်၊ အင်ဒိုနီးရှားနိုင်ငံ တရားရုံးသို့ သက်သေများ စေလွှတ်နိုင်ရန်အတွက် သက်သေခံရမည့်ရက်အား ကြိုတင်အကြောင်းကြားရန်၊ မြန်မာနိုင်ငံမှ အလိုရှိသည့် ထိုင်းနိုင်ငံအတွင်း ရောက်ရှိနေသည့် တရားခံများအား ကူညီစုံစမ်းဖမ်းဆီးပေးရန်နှင့် လူကုန်ကူးသူများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များနှင့် ၎င်းတို့ပိုင်ဆိုင်သည့် သင်္ဘောများအား တာဝန်ယူဆောင်ရွက်မည့် သူများမှတစ်ဆင့် သတင်းဖလှယ်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**



**အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း လေ့ကျင့်ပညာရေးဌာန (RECOFTC) က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လာအိုနိုင်ငံ၌ အောက်တိုဘာ ၂၆ ရက်မှ ၂၉ ရက်အထိကျင်းပမည့် "သိပ္ပံနည်းကျ ဝါးစိုက်ပျိုးထုတ်လုပ်ခြင်းသင်တန်း"သို့ တက်ရောက်ရန် မြန်မာနိုင်ငံ ကြိမ်နှင့်ဝါး လုပ်ငန်းရှင်များအသင်းမှ အသင်းသား ဦးမောင်မောင်ဝင်းသည် အောက်တိုဘာ ၂၅ ရက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အသင်းအမှုဆောင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)

## မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်းမှ ဒေါင်းဆင်ဒရုန်းလူနာများကို သွားနှင့်ခံတွင်း ကျန်းမာရေးစစ်ဆေးကုသမှုပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၂၆**

အောက်တိုဘာလတွင်ကျရောက်သော World Down Syndrome Awareness Month အထိမ်းအမှတ်အဖြစ် အောက်တိုဘာ ၂၅ ရက်က မြန်မာနိုင်ငံ ဒေါင်းဆင်ဒရုန်းဖြစ်မြောက်ရေးကော်မတီနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်တို့ပူးပေါင်းပြီး ဒေါင်းဆင်ဒရုန်း လူနာများကို သွားနှင့်ခံတွင်းကျန်းမာရေးစစ်ဆေးမှုနှင့် ကုသမှုများ ပြုလုပ်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်မှုကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ "မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်း" တွင် ဒေါင်းဆင်ဒရုန်းလူနာ ၁၂၄ ဦးကို သွားနှင့်ခံတွင်း ကျန်းမာရေးစစ်ဆေးခဲ့ပြီး ကုသမှုလိုအပ်သော လူနာ ၄၀ ကို သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်သို့ ညွှန်းပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၆**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**(မိုး/ဇလ)**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်
## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းအသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကိုအမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ (၂၆-၁၀-၂၀၁၅) ရက်နေ့ကပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်းအသစ်လျှောက် နှစ်ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် နှစ်ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် သုံးဦး၊ အထွေထွေထုတ်ဝေခွင့် ငါးဦးနှင့် ပေါင်းလုပ်ငန်းအသစ် ၁၀ ဦးတို့အားလည်းကောင်း၊ သတင်းအေဂျင်စီအသစ် တစ်ဦးအားလည်းကောင်း၊ ပုံနှိပ်သူအမည်ပြောင်း တစ်ဦးတို့အားလည်းကောင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၁၀၃၅ ဦးနှင့် အသစ်လျှောက်ထားသူ ၂၄၃ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၉၀ ဦးနှင့် အသစ်လျှောက်ထားသူ ၆၁၀ ဦး၊ သတင်းအေဂျင်စီလုပ်ငန်း အသစ်လျှောက်ထားသူ ၂၀ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၂၈၉၈ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပုံနှိပ်သက်တမ်းတိုး လျှောက်ထားသူတစ်ဦး အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ဧရာဝတီမြစ်ကူးတံတား(ညောင်တုန်း) ရေလမ်းကြောင်းပြောင်းလဲမည်

**နေပြည်တော် အောက်တိုဘာ ၂၆**

ဧရာဝတီမြစ်ကူးတံတား(ညောင်တုန်း) ရေလမ်းတွင် ရေယာဉ်များဖြတ်သန်းရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၆)နှင့် (၁၇)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၅)နှင့် (၁၆)အကြားမှလည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များဖြတ်သန်းရန် ရေလမ်းကြောင်းကို အောက်တိုဘာ ၂၇ ရက်ကစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၃)နှင့် (၁၄)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁၂)နှင့် (၁၃)အကြားမှလည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၂၆၂ ပေရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၅၇ ပေရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့်ဝင်ပေါက်တွင် နေ့အခါအစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါအနီရောင် ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားပါမည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့်အစွန်းထွက်နေသဖြင့် ရေယာဉ်များရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

◆ *ကျောဖုံးမှ*

ဂျော်ဒီအယ်ဘာ၊ ပီကေးနှင့် ဂိုးနေရာတွင် ဘရာဗိုတို့ပါဝင်ခဲ့သည်။

အီဘာသည် ၄-၂-၃-၁ ကစားကွက်ဖြင့် တိုက်စစ်မှူး ဘက်စ်တွန်ကို အထောင်ထားကာ ကွင်းလယ်တွင် ဂါစီရာ၊ အက်စ်ကယ်လန်တီ၊ တာကာချီ၊ ဗာဒီ၊ ကီကိုနှင့် နောက်တန်းတွင် ကာပါ၊ ဂျန်ကာ၊ ဒေါ့စ်ဆန်းတို့စ်၊ ပန်တစ်နှင့် ဂိုးနေရာတွင် ရစ်ဂိုတို့ ပါဝင်ခဲ့သည်။ ပွဲစပြီး ၁၀ မိနစ်တွင် အီဘာမှ တိုက်စစ်မှူး ဘက်စ်တွန်က ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဘာစီလိုနာအတွက် ချေပဂိုးကို ပွဲချိန် ၂၁ မိနစ်တွင် တိုက်စစ်မှူး ဆွာရက်စ်က သွင်းယူခဲ့ပြီး အနိုင်ဂိုးများကို ၄၈ မိနစ်နှင့် ၈၅ မိနစ်တို့တွင် သွင်းယူခဲ့သည်။ ဘာစီလိုနာမှ မာရှေယာနို ၈၃ မိနစ်တွင် တိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခြင်းခံ ခဲ့ရသည်။

ပွဲစဉ် ၉ အပြီး ဘာစီလိုနာအသင်းသည် ရမှတ် ၂၁ မှတ်ရရှိကာ ရီးရဲမက်ဒရစ်နှင့် အမှတ်တူပြီး ဂိုးကွာခြားချက်ကြောင့် အဆင့် ၂ တွင်ရပ်တည်နေသည်။ အီဘာအသင်းမှာ ရမှတ် ၁၃ မှတ်ရရှိပြီး အဆင့် ၇ တွင် ရပ်တည်နေသည်။

# ရေဝဏ်နှင့် ရတနာအထပ်မြင့် အိမ်ရာစီမံကိန်း လုပ်ငန်းဆောင်ရွက်ကုမ္ပဏီများနှင့် ညှိနှိုင်းစည်းဝေး

**နေပြည်တော် အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ရေဝဏ်နှင့် ရတနာအထပ်မြင့်အိမ်ရာ စီမံကိန်းလုပ်ငန်းများ အကျိုးတူ ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၅ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆောက်လုပ်ရေး ဒုတိယဝန်ကြီး ဦးစိုးတင့် တက်ရောက်သည်။

ရှေးဦးစွာ ကုမ္ပဏီတာဝန်ခံအသီးသီးမှ ရေဝဏ်နှင့် ရတနာအထပ်မြင့် အိမ်ရာစီမံကိန်းလုပ်ငန်းများ၊ ဆက်လက်၍ အကျိုးတူဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းတင်ပြပြီးနောက် ဒုတိယဝန်ကြီးက ပြောကြားရာတွင် ပြည်သူတို့၏ နေထိုင်မှုစနစ်အား ဖွံ့ဖြိုးတိုးတက်ရေး မြို့ပြအင်္ဂါရပ်များနှင့်အညီ Step By Step မိမိတို့နိုင်ငံ၏ ပြည်တွင်းတိုင်းရင်းသား ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် အဆင့်မြင့်အိမ်ရာစီမံကိန်းလုပ်ငန်းအား နိုင်ငံတော်အပိုင်းမှ ၁၈ ထပ် အဆောက်အအုံ ၁၁ လုံးနှင့် ကုမ္ပဏီများနှင့် အကျိုးတူ ၃၈ လုံးကို သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးရေး ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ကုမ္ပဏီများအနေဖြင့် အထပ်မြင့် ဆောက်လုပ်ခြင်းဖြင့် နည်းပညာအတွေ့အကြုံနှင့် လုပ်ငန်းအတွေ့အကြုံများရရှိစေပြီး စီမံကိန်းလုပ်ငန်းများအား စေတနာထား၍ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

အဆိုပါ စီမံကိန်းအတွက် လိုအပ်သည့်အခြေခံ အဆောက်အအုံများဖြစ်သည့် ကျောင်း၊ ဆေးရုံ၊ ကစားကွင်း၊ မီးသတ်နှင့် အခြားလိုအပ်သည့် ဈေး၊ Bus Terminal စသည့် အုပ်ချုပ်ရေးဌာနဆိုင်ရာများ အပါအဝင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးအတွက် စနစ်တကျ ထည့်သွင်းတည်ဆောက်၍ New Town Plan အတိုင်း ဆောင်ရွက်သွားမည်ဖြစ်၍ ကုမ္ပဏီများအနေဖြင့် မိမိတို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း၍ လုပ်ငန်းများ ကြိုးစားဆောင်ရွက်ကြပါရန် တိုက်တွန်းမှာကြားသည်။

**(သတင်းစဉ်)**

# ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ကော့သောင်းခရိုင် ကမ်းရိုးတန်းဒေသအတွင်းသို့ လာရောက်လည်ပတ်

**နေပြည်တော် အောက်တိုဘာ ၂၆**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု ခရီးသွားကုမ္ပဏီများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခွင့်ပြုကျွန်းစု ခရီးစဉ်များကို သွားရောက်လည်ပတ်လျက်ရှိသည်။

ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ကော့သောင်းရုံးခွဲ၏ စီစဉ်မှု၊ ထိုင်းနိုင်ငံသားပိုင် ကုမ္ပဏီများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် စက်တပ်ရွက်လှေများ ဖြစ်သော Namjai 2 စက်တပ်ရွက်လှေဖြင့် အောက်တိုဘာ ၃ ရက်မှ ၇ ရက်ထိလည်းကောင်း၊ M/V Polaris One စက်တပ်ရွက်လှေဖြင့် အောက်တိုဘာ ၇ ရက်မှ ၁၁ ရက်ထိ လည်းကောင်း၊ Namjai Nine စက်တပ်ရွက်လှေနှင့် Namjai 2 စက်တပ်ရွက်လှေဖြင့် အောက်တိုဘာ ၁၀ ရက်မှ ၁၄ ရက် အထိလည်းကောင်း၊ ကော့သောင်းခရိုင်အတွင်းရှိ အောက်ကျွန်းနီကျွန်း- မြန်မာဘန့်- မြောက်တော်ဝင်ကျွန်းများသို့ ထိုင်းနိုင်ငံသား စုစုပေါင်း ၃၈ ဦး လိုက်ပါလျက် အသီးသီးလာရောက် အပန်းဖြေလည်ပတ်ခဲ့ကြသည်။

ကမ္ဘာလှည့် ခရီးသည်များသည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် အပြည်ပြည်ဆိုင်ရာ လေကြောင်း၊ ကုန်းကြောင်း၊ ရေကြောင်း ခရီးစဉ်များသာမက နယ်စပ်ဖြတ်ကျော် ခရီးစဉ်များဖြင့် မြန်မာနိုင်ငံ၏ သာယာလှပသော ရှုခင်းများ၊ ရှေးဟောင်းယဉ်ကျေးမှု လက်ရာများ၊ လက်မှုပညာလုပ်ငန်းများ၊ တိုင်းရင်းသားများ၏ ရိုးရာဓလေ့စရိုက်နှင့် နေထိုင်မှုပုံစံများကို သိရှိထိတွေ့ခံစားလို၍ လာရောက်ကြသကဲ့သို့ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခွင့်ပြုကျွန်းစုများသို့လည်း နေ့ချင်းပြန်ခရီးစဉ်၊ ညအိပ်ခရီးစဉ်များကို စက်တပ်ရွက်လှေများဖြင့် သွားရောက်ကာ အပန်းဖြေခြင်း၊ ငါးမျှားခြင်း၊ ရေကူးခြင်း **(အောက်ပုံ)** များဖြင့် ယခင်ကထက် ပိုမိုစိတ်ဝင်စားစွာ လာရောက်လည်ပတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ
ကြိုတင်လေ့လာ ဘေးကင်းကွာ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဦးမြင့်နိုင်က ရပ်ကွက်/ကျေးရွာ အုပ်စုရွေးကောက်ပွဲကော်မရှင်များနှင့်တွေ့ဆုံ

**မင်းဘူး အောက်တိုဘာ ၂၆**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (မကွေးတိုင်းဒေသကြီးတာဝန်ခံ) ဦးမြင့်နိုင်နှင့် မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်စိန်၊ မင်းဘူးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် အဖွဲ့ဝင်များသည် မင်းဘူးခရိုင်အတွင်းရှိ ပွင့်ဖြူမြို့နယ် ရပ်ကွက်/ကျေးရွာ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွေ့ဆုံပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီက ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက မေးမြန်းမှုအပေါ် မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပွင့်ဖြူမြို့နယ် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးအောင်စန်းမြင့်က ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မကွေးတိုင်းဒေသကြီးတာဝန်ခံက ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ မေးမြန်းမှုများအပေါ် ဖြည့်စွက်ရှင်းလင်းသည်။

ဆက်လက်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များသည် စလင်းမြို့နယ်သို့ မွန်းလွဲ ၂ နာရီခွဲတွင်ရောက်ရှိပြီး စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွေ့ဆုံပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က အမှာစကားပြောကြားပြီး တက်ရောက်လာသော ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များက မေးမြန်းဆွေးနွေးမှုအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ စလင်းမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်ဆန်းက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို တင်ပြဆွေးနွေးပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

၎င်းနောက် မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌက မေးမြန်းဆွေးနွေးမှုများအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က နိဂုံးချုပ်ပြောကြားသည်။

**တင်ထွန်းဦး(မင်းဘူး)**

# မင်းဘူးခရိုင် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်

**မကွေး အောက်တိုဘာ ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲကို အောက်တိုဘာ ၂၅ ရက်က မင်းဘူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရာ မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ ငဖဲ၊ စေတုတ္တရာမြို့နယ်များမှ ကျောင်းသား ကျောင်းသူများနှင့် အဆို၊ အက၊ အရေး၊ အတီး ဝါသနာရှင်အဆင့်၊ ပညာရှင်အဆင့် ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အလုပ်အကိုင်အခွင့်အလမ်းရရှိရေး တွေ့ဆုံဆွေးနွေးပွဲ ညောင်လေးပင်မြို့၌ကျင်းပ



**ညောင်လေးပင် အောက်တိုဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရန်၊ လက်သမားသင်တန်းသားများ သင်တန်းပြီးဆုံးပါက ဘဝအာမခံချက်ရှိသော အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးအတွက် Home Distribution ကုမ္ပဏီနှင့် တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဓါတ်ပုံ)**

တွေ့ဆုံဆွေးနွေးပွဲတွင် ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်မိုးက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး လ/ထ ညွှန်ကြားရေးမှူး ဦးသန်းလွင်နှင့် ကုမ္ပဏီမှ တာဝန်ခံအရာရှိ ဦးမျိုးဝင်းညွှန့်တို့က သင်တန်းသားများ ဘဝအာမခံချက်ရရှိရေးအတွက် သင်တန်းများကို သတ်မှတ်အရည်အချင်းပြည့်မီရေးအတွက် ဆောင်ရွက်ပေးမည့်နည်းလမ်းများ အရည်အချင်းအလိုက် ရရှိခံစားရမည့် အကျိုးတရားများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော သင်တန်းသားများက အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့ကြသည်။ ဆက်လက်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်/လက်သမား သင်တန်း(၁/၂၀၁၅) နှင့် (၂/၂၀၁၅) သင်တန်းများထဲမှ သင်တန်းသား ၆၅ ဦးက အလုပ်အကိုင်ရရှိရေး ဆန္ဒပြုကြသဖြင့် တာဝန်ရှိသူများက လျှောက်လွှာလက်ခံခြင်း၊ လူတွေ့စစ်ဆေးခြင်း၊ ဆေးစစ်ခြင်းများကို ပထမအဆင့်အနေဖြင့် ဆောင်ရွက်ခဲ့ကြသည်။ **နေလင်း(ညောင်လေးပင်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ တပ်ကုန်းနှင့် လယ်ဝေးမြို့နယ်များအတွင်း ဆန္ဒမဲလက်မှတ်များထိန်းသိမ်းမှုနှင့် ဖြန့်ဝေမှုကြည့်ရှုစစ်ဆေး

**နေပြည်တော်  အောက်တိုဘာ ၂၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် အဖွဲ့ဝင် ဦးအောင်မြင့်နှင့် ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့်အတူ တပ်ကုန်းမြို့နယ်နှင့် လယ်ဝေးမြို့နယ်အတွင်း ဆန္ဒမဲလက်မှတ်များ ထိန်းသိမ်းထားရှိမှုနှင့် ဖြန့်ဝေမှုတို့ကို လိုက်လံကြည့်ရှုသည်။

ရှေးဦးစွာ တပ်ကုန်းမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးအတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်ငွေတိုက်အတွင်း ဆန္ဒမဲလက်မှတ်များ စနစ်တကျထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၌ မဲရုံအလိုက် မဲစာရင်းများ ဖြန့်ဝေရန်ဆောင်ရွက်နေမှု၊ မဲဆန္ဒရှင်သက်သေခံလက်မှတ်များ ထုတ်ပေးရန် ဆောင်ရွက်ထားရှိမှု၊ မဲဆွယ်စည်းရုံးရာ၌ ထိပ်တိုက်တွေ့ဆုံမှုများ မဖြစ်စေရေးအတွက် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့က ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးရေး၊ မဲပေးစဉ်ကာလအတွင်း မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင်များအနေဖြင့် လှည့်လည်ကြီးကြပ်ဆောင်ရွက်သွားရေး၊ မဲဆန္ဒရှင်ပြည်သူများအား မဲပေးရမည့်လုပ်ငန်းစဉ်များ ပညာပေးရေး၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲစာရင်းကူးယူခွင့်ပြုရေး ကိစ္စရပ်များကို ဆွေးနွေးကြပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် လယ်ဝေးမြို့နယ် မြို့မရဲစခန်း၌ **(ယာပုံ)** ဆန္ဒမဲလက်မှတ်များကို ရပ်ကွက်/ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲများသို့ ဖြန့်ဝေမှု မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်မဲများ ထုတ်ပေးမှုနှင့် ပြန်လည်လက်ခံမှု၊ ပုံစံများတွင် မှတ်တမ်းတင်ထားရှိမှု၊ ကြိုတင်မဲပေးပြီးသူများ စာရင်းပုံစံများ ကပ်ထားကြေညာမှု၊ ခရီးလမ်းပန်းခက်ခဲသည့်နေရာများတွင် မဲပေးနိုင်ရေးစီစဉ်ဆောင်ရွက်ထားမှု၊ ဆက်သွယ်ရေးမဲစာရင်းနှင့် မဲရုံအလိုက်ဖြန့်ခွဲမှု၊ မဲဆန္ဒရှင် သက်သေခံလက်မှတ်များထုတ်ပေးရန်ကိစ္စနှင့် မဲစာရင်းရလဒ်များ ကြေညာမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး လိုအပ်သည်များ မှာကြားကာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၌ ကြိုတင်မဲပေးသူများစာရင်းပုံစံ (၁-၁)၊ ပုံစံ (၁-၂)နှင့် ပုံစံ (၁-၃) ကပ်ထားကြေညာမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**



# ၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များနှင့် ပတ်သက်၍ အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များနှင့်ပတ်သက်၍ အသိပေးကြေညာခြင်း**

**၂၀၁၅ ခုနှစ်  အောက်တိုဘာလ  ၂၆  ရက်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ မိမိတို့၏ အမြဲတမ်းနေရပ်သို့ သွားရောက်ပြီး မဲပေးလိုခြင်းမရှိပါက မိမိတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသောလွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ(၃-က) ဖြင့်လျှောက်ထားကြရန် ၁၀-၇-၂၀၁၅ ရက်စွဲပါကြေညာချက်အမှတ်(၃၄/၂၀၁၅)ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။ နောက်ဆုံးလျှောက်ထားရမည့် နေ့ရက်ကိုလည်း ၁၀-၁၀-၂၀၁၅ ရက်နေ့ထိ လျှောက်ထားနိုင်ကြောင်း ဖော်ပြကြေညာခဲ့ပါသည်။ ထိုသို့ လျှောက်ထားရန်လည်း သတင်းဌာနအသီးသီးမှ နေ့စဉ်ထုတ်ပြန် နှိုးဆော်ပေးခဲ့ပါသည်။

၂။ ယခုအခါ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပါတီအသီးသီးမှ ရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များအား မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလာကြပါသည်။ အဆိုပါ မဲဆန္ဒရှင်များ အတွက် လုံလောက်သောအချိန်ပေးခဲ့ခြင်း၊ နေ့စဉ်နှိုးဆော်ခြင်းများပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။ ယခုအချိန်ကာလသည် ရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲစာရင်းများထုတ်ခြင်း၊ မဲဆန္ဒရှင်စာရင်းများ မဲရုံအလိုက်ခွဲခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများအား မဲစာရင်းတစ်စုံ အခမဲ့ကူးယူခွင့်ပြုနိုင်ရေး လုံးပန်းဆောင်ရွက်နေချိန်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များအား ပုံစံ(၃-က)ဖြင့် ထည့်သွင်းပေးရန် တောင်းခံခြင်းများအပေါ် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ရွေးကောက်ပွဲစည်းရုံးဟောပြောမှုအား ဥပဒေနှင့်အညီ စည်းရုံးဟောပြောကြရန် သတင်းထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ရွေးကောက်ပွဲစည်းရုံးဟောပြောမှုအား ဥပဒေနှင့်အညီ စည်းရုံးဟောပြောကြရန် သတင်းထုတ်ပြန်ခြင်း**

**နေပြည်တော် အောက်တိုဘာ ၂၆**

၁။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်တော့မည်ဖြစ်ပါသည်။ ရွေးကောက်ပွဲနီးလာသည်နှင့်အမျှ စည်းရုံးဟောပြောမှုများသည် အရှိန်အဟုန်မြင့်တက်လာပြီး ထိပ်တိုက်တွေ့ဆုံရာမှ ပဋိပက္ခဖြစ်မည့်အခြေအနေသို့ ရောက်ရှိလာနိုင်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် လည်းကောင်း၊ ပါတီများအနေဖြင့်လည်းကောင်း မိမိတို့ပါတီဝင်များနှင့် ထောက်ခံသူများအား မလိုလားအပ်သောဖြစ်စဉ်များ မဖြစ်ပွားစေရန် ကြပ်ကြပ်မတ်မတ်ထိန်းသိမ်းသွားရန် အထူးလိုအပ်နေပါသည်။

၃။ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲစုဝေးဟောပြောမှုနှင့် လှည့်လည်ဟောပြောစည်းရုံးခြင်းများအား တင်ပြစေပြီး ပဋိပက္ခမဖြစ်ရေး ထိန်းသိမ်းကြပ်မတ်ပေးသွားရန်၊ ထိန်းသိမ်းမှုအား မလိုက်နာသောဟောပြောစည်းရုံးမှုများအား ခွင့်မပြုခြင်း၊ တားမြစ်ခြင်း ဆောင်ရွက်သွားရန်၊ လိုက်နာမှုမရှိသော လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ပါတီများအားရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီများမှ ခေါ်ယူအသိပေး၍ မှတ်တမ်းတင်ထားရှိခြင်း၊ လိုအပ်က ဥပဒေနှင့်အညီ အရေးယူခြင်းပြုလုပ်မည်ဖြစ်ပါသည်။

၄။ ရွေးကောက်ပွဲတည်ငြိမ်အေးချမ်းစွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲများတွင် တာဝန်ရှိပါသည်။ မလိုလားအပ်သောပဋိပက္ခများ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း၊ လုံခြုံရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ထိထိရောက်ရောက် ကြပ်မတ်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံခြားသတင်းထောက်များ သတင်းယူနိုင်ရေး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆက်သွယ်မေးမြန်းနိုင်

**နေပြည်တော် အောက်တိုဘာ ၂၆**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သတင်းရယူနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာ သတင်းဌာနများမှ နိုင်ငံခြားသတင်းထောက်များအား တစ်လသက်တမ်းရှိ ပြည်ဝင်ခွင့်ဗီဇာ ထောက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ သတင်းရယူကြမည့် နိုင်ငံခြားသတင်းထောက်များအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ရောက်ရှိချိန်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပေးသော ရွေးကောက်ပွဲသတင်းရယူခွင့် အသိအမှတ်ပြုကတ်ပြားကို ထုတ်ယူကြရမည်ဖြစ်ပါသည်။ အဆိုပါ ရွေးကောက်ပွဲသတင်းရယူခွင့် အသိအမှတ်ပြု ကတ်ပြားထုတ်ယူရန်အတွက် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း အတွင်းရေးမှူး ဦးသစ္စာလှထွေး ဖုန်း-၀၉-၅၀၁၂၉၅၃၊ Gmail- kothit69@gmail.com သို့ ဆက်သွယ်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ရွေးကောက်ပွဲ သတင်းရယူခွင့် အသိအမှတ်ပြုကတ်ပြားရရှိထားသော နိုင်ငံခြားသတင်းထောက်များအနေဖြင့် အဆိုပါ အသိအမှတ်ပြုကတ်ပြားဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ မည်သည့်နေရာဒေသမဆို သွားရောက်၍ ရွေးကောက်ပွဲဆိုင်ရာ သတင်းများရယူနိုင်မည် ဖြစ်ပါသည်။ နိုင်ငံခြားသတင်းထောက်များအနေဖြင့် ရွေးကောက်ပွဲကျင်းပချိန်အတွင်း မဲရုံပရိဝုဏ်အတွင်း ဝင်ရောက်သတင်းရယူလိုပါက သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်ရုံးများနှင့် ဆက်သွယ်၍ မဲရုံပရိဝုဏ်အတွင်း ဝင်ခွင့်အသိအမှတ်ပြုကတ်ပြားရရှိရေး ထပ်မံဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

နိုင်ငံခြားသတင်းထောက်များအနေဖြင့် ရွေးကောက်ပွဲသတင်းရယူနိုင်ရေးအတွက် လာရောက်ကြရာတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ထောက်ခံပေးထားသော ပြည်ဝင်ခွင့်ဗီဇာ ထောက်ခံချက်စာအား တစ်ပါတည်း ယူဆောင်သွားကြရမည်ဖြစ်ပြီး တာဝန်ရှိသူများက တိုက်ဆိုင်စစ်ဆေးရာတွင် ပြသပေးကြရမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များ ရယူရေးအတွက် ပြည်ဝင်ခွင့်ဗီဇာရရှိရေး ကိစ္စများနှင့် ပတ်သက်၍ ဆက်သွယ်စုံစမ်းလိုပါက ပြန်ကြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ကျော် ဖုန်း- ၀၆၇-၄၁၂၀၀၂၊ ၀၉-၅၀၃၄၅၀၈၊ Gmail- myintkyaw 103@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ရေကျော် သီတင်းကျွတ်မီးထွန်းပွဲတော်အတွင်း ပျော်ပွဲရွှင်ပွဲများသို့ လာရောက်ဆင်နွှဲကြသူများ စည်ကားနေမှုကိုတွေ့ရစဉ်။
ဓာတ်ပုံ - စိန်လွင်အောင် (မြန်မာ့အလင်း)

***● ရှေ့ဖုံးမှ***

စားဖွယ်စုံ ရိုးရာမုန့်ဆိုင်များ၊ ကလေးစီး လျှပ်စစ်ကားများ၊ အပျော်စီးချားရဟတ်များနှင့် စည်းကားများပြားနေသည်ကို တွေ့မြင်ခဲ့ရသည်။ ရန်ကုန်မြို့၏ သီတင်းကျွတ်ကာလ တစ်ခုတည်းသော ကနဦးပွဲတော်ဖြစ်သည့် ရေကျော်သီတင်းကျွတ်ပွဲတော်ကို အောက်တိုဘာ ၂၅ ရက် မှ ၂၉ ရက်အထိ ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ လွတ်လပ်ရေးမရမီ နှစ်ပေါင်းများစွာကတည်းက ကျင်းပခဲ့သည့် အဆိုပါရေကျော် သီတင်းကျွတ်မီးထွန်းပွဲတော်သည် နှစ်စဉ်လူစည်ကားများပြားပြီး ကြက်ပျံမကျ စည်ကားလျက်ရှိသည်ကို ယခင်ကကြားဖူးရုံမျှသာရှိခဲ့သော်လည်း ယခုကိုယ်တိုင်မြင်တွေ့ခဲ့ရသည်။ အထူးစည်ကားရာ ရေကျော်လမ်းမကြီးနှင့် ဗိုလ်ချုပ်လမ်းတို့မှာ ဆိုင်ခန်းများ၊ လာရောက်လည်ပတ်သူပြည်သူများ တိုးမပေါက်နိုင်အောင်ပင် စည်ကားများပြားနေသည်။

"ကျွန်တော်တို့ ဒီရေကျော်သီတင်းကျွတ်ပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ကျင်းပလာတာ ဒီနှစ်နဲ့ဆိုနှစ်ပေါင်း ၆၀ ကျော်ပါပြီ။ အခုပြန်လည် ကျင်းပတာကတော့ ၂၀၁၁ ခုနှစ်နောက်ပိုင်းမှပါ။ ဒီအရင်နှစ်မတိုင်ခင် လေးနှစ်လောက်ကတော့ ခွင့်ပြုချက်မရလို့ ပွဲမလုပ်ဖြစ်ပါဘူး။ နောင်နှစ် နောင်နှစ်တွေမှာလည်း အခုလို နှစ်စဉ်ကျင်းပပေးနိုင်အောင် ကြိုးစားသွားမှာပါ"ဟု ရေကျော်သီတင်းကျွတ်ပွဲတော်နှင့် ပတ်သက်၍ အမှတ် (၉)ရပ်ကွက်မှ အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က ပြောသည်။

ယနေ့ကျင်းပသည့် သီတင်းကျွတ်ကာလ ရေကျော်သီတင်းကျွတ် မီးထွန်းပွဲတော်ကြီးကို ရှေးနှစ်ပေါင်းများစွာကတည်းက ကျင်းပခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၀၀ ပြည့်နှစ်က အကြောင်းအမျိုးမျိုးတို့ကြောင့် ရပ်ဆိုင်းထားခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် ပြန်လည်ကျင်းပခဲ့ရာ ယခုဆိုလျှင် (၅)ကြိမ်မြောက် ပြန်လည်အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီ ဖြစ်သည်။ ပွဲတော်ကာလဧရိယာကို ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် သိမ်ဖြူလမ်းဆုံရာ မီးပွိုင့်မှ စတင်ကာ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးတစ်လျှောက်နှင့် ရေကျော်လမ်းမီးပွိုင့်မှတစ်ဆင့် ရေကျော်လမ်း တစ်လျှောက်တို့ကို လျာထားသတ်မှတ်ခဲ့သည်။ အဆိုပါနယ်နိမိတ်ဈေးပွဲတော်အတွင်း ဈေးဆိုင်ခန်းများကိုလည်း ၁၀ ပေ၊ ပေ ၂၀ အကျယ် ဆိုင်ခန်းတစ်ခန်းကို ပွဲတော်ကာလငါးရက်အသုံးပြုခွင့်ကို ငွေကျပ် ခုနစ်သောင်းနှုန်းဖြင့် သတ်မှတ်ခွင့်ပြုထားကြောင်းလည်း သိခဲ့ရသည်။

"ဒီရေကျော်သီတင်းကျွတ် မီးထွန်းပွဲတော်ကို နှစ်တိုင်း အခုလို ဆိုင်ဖွင့်ပြီး လာရောင်းဖြစ်ပါတယ်။ ဒါနဲ့ဆိုရင် နှစ်ပေါင်း ၂၀ လောက်ရှိပြီ။ ကျွန်တော်ငယ်ငယ်လေးကတည်းကပါ။ အရင်တုန်းကလည်း ဒီလိုပဲနှစ်တိုင်း စည်ပါတယ်။ ဒါပေမယ့် ခုနောက်ပိုင်းနှစ်တွေမှာ ထူးခြားတာက အရင်လိုရန်ဖြစ်တာတွေ သိပ်မရှိတော့ဘူး။ အားလုံးအေးအေးချမ်းချမ်းပျော်ပျော်ရွှင်ရွှင်ပဲ။ ဈေးရောင်းရတာလည်း စိတ်ချမ်းသာတယ်"ဟု ရန်ကုန်ဘူးသီးကြော်အရောင်းဆိုင်မှ ကိုညဏ်ထွန်းက ပြောသည်။

ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်သည် ရန်ကုန်မြို့၏ ကနဦးသီတင်းကျွတ်မီးထွန်းပွဲတော်လည်းဖြစ်၍ နှစ်စဉ်နှစ်တိုင်း ပျော်ပွဲရွှင်ပွဲများကို ထည့်သွင်းကျင်းပပေးခဲ့ရာ ယခု ဒုတိယနေ့ဆိုလျှင် STAR LET's Sky ကလေးတေးသံရှင်များနှင့် မြို့နယ်ဂီတအစည်းအရုံးအဖွဲ့တို့က ပွဲတော်သို့လာရောက်လည်ပတ်သည့် ပြည်သူများအား ဖျော်ဖြေပေးခဲ့ပြီး ၂၇ ရက်ညတွင် ဟားတစ်သိုက်အငြိမ့်အဖွဲ့၊ ၂၈ ရက်ညတွင် ဖိုက်စတားအငြိမ့်အဖွဲ့၊ နောက်ဆုံး ၂၉ ရက်ညတွင် Hi-Bird တေးဂီတအဖွဲ့နှင့် နိုင်ငံကျော်တေးသံရှင်များ လာရောက်ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

ပုဇွန်တောင်မြို့နယ် (၉)ရပ်ကွက် သဇင်လမ်းတွင် နေထိုင်သည့် အဘ ဦးတင်ထူးကလည်း "ဒီသီတင်းကျွတ်ရေကျော်မီးထွန်းပွဲက လွတ်လပ်ရေးမရခင် ကတည်းကစခဲ့တာလို့ အဘသိခဲ့ရတယ်။ အရင်တုန်းကတော့ ဘာသာ၊ သာသနာကို လေးစားတဲ့အနေနဲ့ လုပ်ခဲ့တဲ့ ရိုးရာပွဲပေါ့။ အဲဒီတုန်းက အဘက ငါးနှစ်သား၊ ခြောက်နှစ်သားလောက်ပဲ ရှိသေးတယ်။အဲဒီခေတ်က ဇာတ်ကြီးဆယ်ဘွဲ့နဲ့ စခဲ့တယ်လို့ အဘအရင်သက်ကြီးဘိုးဘွားတွေက ပြောတယ်။ အဲဒီတုန်းကလည်း စည်တာပဲ။ ဒါပေမယ့် ခုခေတ်လိုစည်တာတော့မဟုတ်ဘူးပေါ့။ ခေတ်တွေကပြောင်းကုန်ပြီလေ"ဟု ရေကျော်သီတင်းကျွတ်မီးထွန်းပွဲနှင့် ပတ်သက်၍ သူတွေ့ကြုံခဲ့ရသမျှကို ပြန်လည်မျှဝေရင်ဖွင့်ခဲ့သည်။

ရန်ကုန်မြို့၏ ကနဦး သီတင်းကျွတ်မီးထွန်းပွဲကြီးဖြစ်သည့် ရေကျော် သီတင်းကျွတ်မီးထွန်းပွဲကြီးကို ပုဇွန်တောင်မြို့နယ် (၈)ရပ်ကွက်က လွတ်လပ်ရေးမတိုင်ခင် ၁၉၄၇ ခုနှစ်မှ စတင်ဦးဆောင်ကျင်းပခဲ့သော်လည်း ယခုအခါ ပုဇွန်တောင်မြို့နယ်(၉)ရပ်ကွက်၊ (၁၀) ရပ်ကွက်နှင့် ကပ်လျက်ရှိသော ဗိုလ်တထောင်မြို့နယ် (၁၀)ရပ်ကွက်တို့က နှစ်စဉ်ဦးဆောင်ကျင်းပပေးလျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



ရေကျော် သီတင်းကျွတ်မီးထွန်းပွဲတော်၌ ဈေးရောင်း ဈေးဝယ်များဖြင့် စည်ကားနေစဉ်။
ဓာတ်ပုံ - ဇော်ကြီး(ပဏီတ)

# ချောင်းဦးမြို့နယ်ထွက်ငရုတ်သီးစိမ်းများ ကလေးဒေသသို့ အများဆုံးပို့ဆောင်ပေးနေ



**မုံရွာ အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်အတွင်းမှ စိုက်ပျိုးထွက်ရှိသော ငရုတ်သီးစိမ်းသီးနှံများကို ယခင်နှစ်များက မုံရွာမြို့မှတစ်ဆင့် မန္တလေးမြို့နှင့် ရန်ကုန်မြို့များသို့ နှစ်စဉ် အများဆုံးတင်ပို့လျက်ရှိရာမှ ယခုနှစ်တွင် ကလေးဒေသသို့ ငရုတ်သီးစိမ်း အများဆုံးပို့ဆောင်ပေးရကြောင်း ချောင်းဦးမြို့နယ် မင်းတည်ကျေးရွာမှ ငရုတ်သီးစိမ်းပွဲရုံလုပ်ငန်းရှင်များထံမှ သိရသည်။

"ဒီနှစ်ငရုတ်ပင်စစိုက်တုန်းက အပူဒဏ်ပြင်းတဲ့အတွက် အပင်ဖြစ်နှုန်းနှေးနေတယ်။ အောက်တိုဘာလဆန်းပိုင်းက ရွာထားတဲ့မိုးကြောင့် အပင်ဖြစ် အားပြန်ကောင်းလာတယ်။ အခုအသီးက စထွက်နေပါပြီ၊ အသီးဈေးနှုန်းက စထွက်တဲ့အချိန် တစ်ပိဿာကို ၁၃၀၀ ကျပ်ဈေးပေါက်တယ်၊ အခု ၁၀၀၀ ဈေးပဲပေါက်တော့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ နေပြည်တော်နဲ့ တပ်ကုန်းဘက်က ငရုတ်သီးစိမ်းတွေလှိုင်လှိုင်ထွက်ပြီး ရန်ကုန်နဲ့ မန္တလေးဈေးကွက်တွေမှာ အဝင်များတဲ့အတွက် ဈေးကျတာပါ၊ မုံရွာနယ်တစ်ဝိုက်ကထွက်တဲ့ ငရုတ်သီးစိမ်းကုန်တွေက ကလေးဒေသဘက်ကို ဈေးကွက်ပေါက်နေတဲ့အတွက် ရောင်းအားတော့ကောင်းပါတယ်။ ဒီနယ်တစ်ဝိုက်မှာတော့ ငရုတ်သီးမျိုးအနေနဲ့ သာမို(၁၁)နဲ့ မောင်တိန်း (အာမို) မျိုးတွေပဲအစိုက်များတယ်။ ထူးခြားတာက ခါတိုင်းနှစ်တွေမှာ သာမို(၁၁)က မောင်တိန်း (အာမို)ထက် လူကြိုက်များ ရောင်းအားကောင်းပြီး ဈေးနှုန်းကလည်း အနည်းငယ်မြင့်တယ်။ ဒီနှစ်ကျတော့ နှစ်မျိုးစလုံး ဈေးနှုန်းတူပြီး မောင်တိန်း(အာမို)က လူကြိုက်ပိုများလာတယ်" ဟု ငရုတ်သီးစိမ်းပွဲရုံလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ငရုတ်သီးစိမ်းတင်ပို့လျက်ရှိသည့် ကလေးဒေသတွင် ဇူလိုင်လနှင့် ဩဂုတ်လ လဆန်းပိုင်းက ရေဘေးသင့်ခဲ့ပြီး အဆိုပါဒေသမှ ချောင်းဦးမြို့နယ်ထွက် ငရုတ်သီးစိမ်းအား လူကြိုက်များသဖြင့် မှာယူမှုပိုမိုများပြားကာ အများဆုံးတင်ပို့ပေးလျက်ရှိကြောင်း သိရသည်။ **ဖိုးချမ်း-မုံရွာ**

# ရန်အောင်မင်္ဂလာကင်းစေတီတော်ရှိ ဗုဒ္ဓမြတ်စွယ်တော်ဖွင့်လှစ်အပူဇော်ခံ

**ပဲခူး အောက်တိုဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွှေဟောင်းသမိုင်းဝင် ရန်အောင်မင်္ဂလာကင်း ဘုရားစေတီတော်ကြီး၏ ဂန္ဓကုဋိတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်ကို ယခုနှစ် (သီတင်းကျွတ်လဆန်း ၁၃ ရက်)အောက်တိုဘာ ၂၆ ရက်မှ (သီတင်းကျွတ်လပြည့်(အဘိဓမ္မာနေ့)) ည ၉ နာရီအထိ သုံးရက်မျှ ဖွင့်လှစ်အပူဇော်ခံသည့် အခမ်းအနားကို အောက်တိုဘာ ၂၆ ရက် နံနက် ၆ နာရီက အဆိုပါ စေတီတော်ကြီး ဓမ္မာရုံ၌ကျင်းပသည်။

အခမ်းအနားတွင် ဂေါပကအဖွဲ့ဝင်တို့က ဗုဒ္ဓမြတ်စွယ်တော်အား ဂန္ဓကုဋိတိုက်မှ ပင့်ဆောင်၍ ဩဝါဒါစရိယ ဆရာတော်ကြီး ခြောက်ပါးထံကပ်လှူသည်။ ယင်းနောက် ဗုဒ္ဓမြတ်စွယ်တော်အား ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ကြသည်။ ဆက်လက်၍ ဂေါပကအဖွဲ့နှင့် အလှူရှင်များက ပင့်ဖိတ်ထားသော ဆရာတော် အရှင်သူမြတ်များအား လှူဒါန်းဖွယ် ဝတ္ထုများဆက်ကပ်လှူဒါန်းကြသည်။

သီတင်းကျွတ်လဆန်း ၁၃ ရက်မှ သီတင်းကျွတ်လပြည့်နေ့အထိ သုံးရက်မျှ ဖွင့်လှစ်အပူဇော်ခံထားရှိသည့် ဗုဒ္ဓမြတ်စွယ်တော်မှာ မြန်မာသက္ကရာဇ် ၁၂၃၃ ခုနှစ် မင်းတုန်းမင်းလက်ထက် ကင်းဝန်မင်းကြီး သီဟိုဠ်ကျွန်း ကန္ဒီမြို့မှ ပင့်ဆောင်လာခဲ့ပြီး သီပေါမင်းလက်ထက်တိုင် မင်းအဆက်ဆက် ကိုးကွယ်လာခဲ့ရာ ဆရာတော်ကြီး ဦးခန္တီကတစ်ဆင့် မြန်မာသက္ကရာဇ် ၁၂၇၈ ခုနှစ်တွင် ပြည်မြို့ ဖိုးဦးတောင် ဆရာတော်ဦးဥက္ကံသက ဆက်လက်ကိုးကွယ်ခဲ့သည်။ ၁၃၁၄ ခုနှစ်တွင် ဆရာတော်က မိမိကိုးကွယ်ဆဲဖြစ်သော စွယ်တော်ဓာတ်မြတ်ကို ပြည်မြို့ရွှေဟောင်းသမိုင်းဝင် ရန်အောင်မင်္ဂလာကင်း ဘုရားစေတီတော်ကြီးသို့ ရဟန်းရှင်လူအများ ဖူးမြော်ကြည်ညိုနိုင်ရန် ရည်ရွယ်လှူဒါန်းခဲ့ရာ မင်းတုန်းမင်းလက်ထက်တော်မှ ယနေ့တိုင်အောင် နှစ်ပေါင်း ၁၄၄ နှစ်ရှိ ဗုဒ္ဓဓာတ်တော်စွယ်တော်မြတ်ဖြစ်ကြောင်း သိရသည်။

**အောင်(ဓာတုဗေဒ)**



# ချောင်းဦး၌ ပဝါရဏာပြုပွဲအထိမ်းအမှတ် သံချပ်ပြိုင်ပွဲကျင်းပ

**ချောင်းဦး အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မြို့နယ်လုံးကျွတ် ပဝါရဏာပြုပွဲ အထိမ်းအမှတ်အဖြစ် သံချပ်ပြိုင်ပွဲကို အောက်တိုဘာ၂၇ရက်တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ သံချပ်ပြိုင်ပွဲသည် ချောင်းဦးမြို့နယ်အတွင်း ဝါဆို၊ ဝါကပ်ကြသော ရဟန်းတော်များ ပဝါရဏာ ပြုပွဲသို့ မြို့နယ်အတွင်းမှ မြို့သူ မြို့သားများက စာရေးတံမဲဆွမ်းလောင်းပွဲ ကျင်းပရန်အတွက် ပဒေသာပင်များနှင့် လှူဖွယ်ပစ္စည်းများကို ပို့ဆောင်လှူဒါန်းစဉ် အိုးစည်ဒိုးပတ်များနှင့် ပို့ဆောင်ကြရာမှတစ်ဆင့် ယိမ်းများဖြင့်လည်းကောင်း၊ သံချပ်အဖွဲ့များဖြင့် ပို့ဆောင်စဉ်မှ ယခုကဲ့သို့ပြိုင်ပွဲများ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"ပဝါရဏာ ပြုတယ်ဆိုတာက ဝါဆို၊ ဝါကပ်ကြတဲ့ သံဃာတော်တွေ ဝါကျွတ်ကာလမှာ သာသနာပြုလုပ်ငန်းများလုပ်ဆောင်ရန် မကြွရောက်ခင်မှာ မြင်သော်လည်းကောင်း၊ ကြားသော် လည်းကောင်း၊ ယုံမှားသံသယရှိသော အကြောင်းအရာများကို သက်ကြီးဝါကြီးဆရာတော်ကြီးများက ဆုံးမဩဝါဒပြုပေးပါရန် လျှောက်ထားတဲ့ ပွဲတော်ဖြစ်ပါတယ်။ ချောင်းဦးမြို့နယ်မှာ အရင်တုန်းကသံဃာတွေဂိုဏ်းဂဏတွေကွဲခဲ့ဘူးတယ်၊ အဲဒီလို အကွဲအပြဲတွေ ဆက်ပြီးမဖြစ်စေဖို့အတွက် ချောင်းဦးမြို့ မဟာမေဃဝုန်ဆရာတော်ကြီးက ဦးစီးပြီး ၁၃၀၄ ခုနှစ် ကနေ စတင်ပြီး ကျင်းပလာတာ အခုနှစ်ထိ ဆက်ပြီးကျင်းပခဲ့တာပါ။ အဲဒီလို ပဝါရဏာပြုပွဲ ကျင်းပတဲ့အခါမှာ မြို့သူ မြို့သားတွေက မိမိတို့လှူဒါန်းလိုတဲ့ ပဒေသာပင်တွေ၊ လှူဖွယ်ပစ္စည်းတွေကို လှူဒါန်းဖို့အတွက် ကျောင်းတော်ကို ပို့ဆောင်ရင်း အိုးစည် ဒိုးပတ်ဝိုင်းတွေနဲ့အရင်ပို့ကြတယ်၊ အဲဒီနောက်ပိုင်းမှာ ယိမ်းအဖွဲ့ အကတွေနဲ့ပို့ကြတယ်။ ထိုနောက်ပိုင်းမှာ သံချပ်အဖွဲ့တွေနဲ့ သံချပ်ထိုးကြပြီး ပျော်ပွဲရွှင်ပွဲအဖြစ် ထည့်သွင်းကြတာကနေ ၈၈ ခုနှစ်နောက်ပိုင်းမှာ သံချပ်ထိုးတဲ့အလေ့အကျင့်ရပ်ဆိုင်းသွားပြီး အခုမှ ပြန်ကျင်းပတာ တတိယအကြိမ်ရှိပါပြီ။ ဒီနှစ်မှာထူးခြားစွာနဲ့ သံချပ်အဖွဲ့တွေရဲ့ အလှုပြယာဉ်အတွက်လည်း ဆုပေးပွဲ ထည့်သွင်းထားပါတယ်။ နောက်ပြီး သံချပ်အဖွဲ့တွေရဲ့အကြံပြုချက်တွေကိုလည်း မြို့နယ်က တာဝန်ရှိသူတွေအနေနဲ့ ပြုပြင်စရာ၊ သတိပြုစရာတွေကို အလေးထားဆောင်ရွက်ပေးဖို့အတွက်လည်း စီစဉ်ပေးသွားမှာပါ ဆုတွေအနေနဲ့ သံချပ်ပထမဆုကို ငွေကျပ်ငါးသိန်း၊ ဒုတိယဆုငွေကျပ်သုံးသိန်း၊ တတိယဆုငွေကျပ်နှစ်သိန်း၊ နှစ်သိမ့်ဆု တစ်သိန်းနှုန်းနဲ့ အလှုပြယာဉ်ဆုငွေကျပ်နှစ်သိန်းပေးသွားမှာပါ"ဟု သံချပ်ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်တစ်ဦးက ပြောသည်။

သံချပ်ပြိုင်ပွဲသို့ ချောင်းဦးမြို့နယ်အတွင်းမှ ချမ်းသာကြီးကျောင်းတိုက် ဓမ္မစကူးလ်မောင်မယ်များအဖွဲ့၊ ပွဲတော်ရပ်လူငယ်များ ဖိုးချစ်သဲအဖွဲ့မှ "ဘာအခုမှကြောက်ပါပြီလဲ"၊ ကုန်းခင်ရပ်ကွက်လူငယ်များ ပေါက်ကျိုင်းအဖွဲ့က "ဟေ့သူလား၊ ဟေ့ငါလား၊ ဟေ့လာမောင်ရိုးဝါး"၊ မြေနန်းရပ်ကွက်လူငယ်များ ခေတ်သစ်နန်းဦးမြေအဖွဲ့က "သူများအကြောင်းလဲမပြောတတ်ပါ၊ စပ်မိစပ်ရာကြုံတုန်း၊ ဆိုတုန်း"၊ ရွှေကူဂေါင်းလူငယ်များဖိုးကဲအဖွဲ့က "ကန်တော့ဆွမ်းပါဗျို့" စသော ခေါင်းစဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

"သံချပ်မှာ ရေးရိုးရာအကြောင်းအရာတွေဖော်ထုတ်မယ်။ မြို့နယ်အတွင်းမှာ လိုအပ်ချက်တွေဖြစ်တဲ့ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးနဲ့ ဖွံ့ဖြိုးရေးတွေနဲ့ပတ်သက်တဲ့ လိုအပ်ချက်တွေကို သံချပ်တွေထဲမှာထည့်သွင်းရေးစပ်ထားပါတယ်။ ကျွန်တော်တို့ရဲ့ အပြုသဘောဆောင်တဲ့ အချက်တွေကိုလည်း တာဝန်ရှိသူတွေအနေနဲ့ ဂရုပြုလုပ်ဆောင်ပေးမယ်လို့ မျှော်လင့်ပါတယ်"ဟု ရွှေကူဂေါင်းလူငယ်များ ဖိုးကဲအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက ပြောသည်။

ချောင်းဦးမြို့နယ်လုံးကျွတ် ပဝါရဏာပြုပွဲကို အောက်တိုဘာ ၂၈ ရက် (သီတင်းကျွတ်လပြည့်နေ့) တွင်ချောင်းဦးမြို့ မဟာမေဃဝုန်ကျောင်းတိုက်ရှိ ဝိသုံဂါမသိမ်တော်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း-မုံရွာ**

# ရွှေဘုန်းပွင့်စေတီတော် (၃၈) ကြိမ်မြောက် ပဝါရဏာပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ အထိမ်းအမှတ် မီးထွန်းပူဇော်ပွဲနှင့် (၃၈) ကြိမ်မြောက် ပဝါရဏာပွဲကို ကျင်းပမည်။

သီတင်းကျွတ်လဆန်း ၁၄ ရက် (အောက်တိုဘာ ၂၇ ရက်) နံနက်ပိုင်းတွင် ဝတ်အသင်းများက စေတီတော် သာသနဇောတိကဓမ္မာရုံ၌ အဘိဓမ္မာအခါတော်နေ့ အထိမ်းအမှတ် ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဆိုပူဇော်ကြမည်။

သီတင်းကျွတ်လပြည့် (အောက်တိုဘာ ၂၈ ရက်) အရုဏ်တွင် ရွှေဘုန်းပွင့် စေတီတော်ကြီးအား သစ်သီး၊ မုန့်၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ဆက်ကပ်ပူဇော်လှူဒါန်းပြီး စေတီတော်ဝင်းရှိ ကျောင်းတိုက်များမှ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ နံနက် ၉ နာရီတွင် ဓမ္မကထိက ဆရာတော်က ဥပုသ်သီလပေးတရားချီးမြှင့်ပြီး မွန်းလွဲ ၁ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ချီးမြှင့်မည်ဖြစ်သည်။ ညနေ ၃ နာရီတွင် စေတီတော် ဩဝါဒါစရိယ ဆရာတော်များက စေတီတော်ဝင်းအတွင်း ပုရိမဝါမှ ထတော်မူကြသော သံဃာတော်များအား ပဝါရဏာပူဇော်ပွဲဖြင့် နဝကမ္မအလှူငွေများ၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ညပိုင်းတွင် စေတီတော်ရင်ပြင်၌ စေတီတော်ဂေါပကအဖွဲ့က ဦးဆောင်ကာ ဝတ်အသင်းအဖွဲ့ဝင်များ၊ ဘုရား ဖူးလာ ပြည်သူများက ရောင်စုံဆီမီးများဖြင့် စေတီတော်ကြီးကို ထွန်းညှိပူဇော်မည်ဖြစ်သည်။

**ရီရီသန့်**

# ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းတာဝန်များ လက်တွေ့သရုပ်ပြ

**တောင်ငူ အောက်တိုဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစံလှသည် အောက်တိုဘာ ၂၄ ရက်က တောင်ငူမြို့နယ် အမှတ် (၁၉) ရပ်ကွက်၌ ရပ်ကွက်၊ ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မဲရုံမှူးအပါအဝင် မဲရုံ၌ တာဝန်ယူကြမည့် သူများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို သိရှိနားလည် သဘောပေါက်စေရေး၊ စနစ်တကျလုပ်ဆောင်တတ်စေရေး၊ မဲစာရင်းတွင်ပါဝင်သူများ မဲပေးနိုင်စေရေး၊ ဆန္ဒမဲပေးနိုင်စေရေး၊ ဆန္ဒမဲပေးသူများ လျင်မြန်ချောမွေ့စွာ မဲပေးနိုင်စေရေးတို့နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး လက်တွေ့လုပ်ဆောင်ပြသခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း (ပြည်)**

# ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲများအား ကြိုတင်ဆန္ဒမဲပုံးမဲလက်မှတ်နှင့် မဲရုံသုံးပစ္စည်းများဖြန့်ဝေ

**သထုံ အောက်တိုဘာ ၂၆**

မွန်ပြည်နယ် သထုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ကြိုတင်ဆန္ဒမဲပုံး၊ မဲလက်မှတ်နှင့် အခြားမဲရုံသုံးပစ္စည်းများကို သထုံမြို့နယ်အတွင်းရှိ ရပ်ကွက် ကျေးရွာ ကော်မရှင်အဖွဲ့ခွဲများသို့ အောက်တိုဘာ ၂၅ ရက်က စတင်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

"သထုံမြို့နယ်ထဲမှာ မဲရုံပေါင်း ၈၉ ရုံရှိတယ်။ ကြိုတင်မဲအတွက် မဲပုံးတစ်ပုံးစီနဲ့ မဲလက်မှတ်၊ မဲတံဆိပ်တုံး၊ လုံခြုံရေးကြိုးစတဲ့ မဲရုံသုံးပစ္စည်းတွေနဲ့ ကြိုတင်မဲစာရင်းဖြည့်ဖို့ ပုံစံ (၁၃)ကိုပါ တစ်ခါတည်းထုတ်ပေးတာပါ။ ဒီကြိုတင်မဲပုံးတွေကို ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲအားလုံးက အောက်တိုဘာ ၂၇ ရက်မှာ လုံခြုံရေး ကြိုးပိတ်ထားရမှာဖြစ်ပါတယ်"ဟု မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးမြင့်ဝင်းက ပြောသည်။

သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်ပွဲကျင်းပမည့်နေ့နှင့် ယင်းနေ့မတိုင်မီ တာဝန်ဖြင့် ခရီးသွားလာရန်ရှိသည့် ပြည်ထောင်စု၊ တိုင်းဒေသကြီး/ ပြည်နယ်နှင့် ခရိုင်အဆင့်အစိုးရနှင့် အခြားအဖွဲ့အစည်းဝင်များနှင့် ရွေးကောက်ပွဲတာဝန်ထမ်းဆောင်ရေးအတွက် ကြိုတင်ဆန္ဒမဲပေးရန် အမှန်လိုအပ်သူများကို အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် မဲရုံသို့ကိုယ်တိုင်လာရောက်ရန် အခက်အခဲရှိသည့် အသက်ကြီးသူ၊ မမာမကျန်းသူ၊ မသန်စွမ်းသူများစသည်တို့မှာ နိုဝင်ဘာ ၆ ရက်မှ ၇ ရက် ညနေ ၆ နာရီအထိ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။



သထုံမြို့နယ်တွင် မဲဆန္ဒနယ်မြေနှစ်ခုရှိပြီး မဲဆန္ဒနယ်မြေအမှတ်(၁)တွင် ရပ်ကွက် ငါးခုနှင့် ကျေးရွာအုပ်စု ၁၅ စု၊ မဲဆန္ဒနယ်မြေအမှတ်(၂)တွင် ရပ်ကွက်သုံးခုနှင့် ကျေးရွာအုပ်စု ၃၁ စုတို့ပါဝင်ကာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲပေါင်း ၅၄ ဖွဲ့ရှိပြီး ရပ်/ကျေးမဲရုံ ၇၉ ရုံ၊ တပ်ရင်း/တပ်ဖွဲ့မဲရုံကိုးရုံနှင့် စက်ရုံအလုပ်ရုံမဲရုံ တစ်ရုံတို့၌ ဆန္ဒမဲပေးခွင့်ရှိသူပေါင်း တစ်သိန်းခြောက်သောင်းကျော်ရှိကြောင်းသိရသည်။

**သက်ဦး(သထုံ)**

# စေတုတ္တရာမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများ လူကုန်ကူးမှုမခံရစေရေး သက်ဆိုင်ရာမှသင်တန်းပို့ချ

**စေတုတ္တရာ အောက်တိုဘာ ၂၆**

မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်ရှိ ရေဘေးသင့်ကျေးရွာမှ ရပ်ရွာစောင့်ကြည့်ရေးအဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့နှင့် UNICEF တို့ ပူးပေါင်း၍ လူကုန်ကူး၊ လူမှောင်ခို၊ ကလေးငယ်ကာကွယ်စောင့်ရှောက်ရေးသင်တန်းကို အောက်တိုဘာ ၂၅ ရက်က စေတုတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးက အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စုမှူး ဒုရဲမှူး လှဦးက ရေဘေးသင့်ပြည်သူများ ရွှေ့ပြောင်းအလုပ်လုပ်ရာမှ လူကုန်ကူးမှုဖြစ်ပွားနိုင်ကြောင်း၊ နာဂစ်မုန်တိုင်းအပြီး ဧရာဝတီတိုင်းဒေသကြီးတွင် လူကုန်ကူးမှု အများဆုံးဖြစ်ပွားခဲ့ရာ လူကုန်ကူးမှုမခံရစေရေးအတွက် သင်တန်းပို့ချခြင်းဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း လူကုန်ကူးမှုနှင့်ပတ်သက်၍ အောင်လံနှင့် တောင်တွင်းကြီးမြို့နယ်တို့တွင် အဖြစ်များကြောင်း၊ UNICEF အဖွဲ့မှ ဒေါ်သီတာစိမ့်က ကလေးငယ်များအား ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ သင်ခန်းစာများကို ပို့ချခြင်းနှင့် တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

သင်တန်းသို့ စေတုတ္တရာမြို့နယ်အတွင်းရှိ ရေဘေးသင့်ရွာများမှ ရပ်ရွာစောင့်ကြည့်ရေးအဖွဲ့ဝင် ၁၀၀ ကျော် တက်ရောက်ခဲ့ကြပြီး ဆက်လက်၍လည်း သရက်ခရိုင် အောင်လံမြို့နယ်နှင့် တောင်တွင်းကြီးမြို့နယ်တို့၌ သင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျ(မကွေး)**

# ရွှေ့ပြောင်းလုပ်သားများ ရွေးကောက်ပွဲတွင် လာရောက်မဲပေးနိုင်မှုအားနည်းမည်

**ရေး အောက်တိုဘာ ၂၆**

တစ်ဖက်အိမ်နီးချင်းနိုင်ငံများတွင် သွားရောက်ကာ ရွှေ့ပြောင်းလုပ်သားများဖြစ်ကြသည့်အနက် လာမည့်ရွေးကောက်ပွဲတွင် ကြိုတင်မဲဆန္ဒပေးမည့်သူများမှာ သက်ဆိုင်ရာ မြန်မာသံရုံးများကနေတစ်ဆင့် ရေးမြို့နယ်မဲဆန္ဒနယ်သို့ မဲပေးခွင့်ရှိသူပေါင်း ၁၇၆ ဦး ပြည်တွင်းမဲဆန္ဒနယ်ကနေ ရေးမဲဆန္ဒနယ်ကို ကြိုတင်မဲပေးမည့် လျှောက်ထားသူ ၅၇ ဦးရှိသည်။

အဆိုပါ ရွှေ့ပြောင်းလုပ်ကိုင်သူများအနက် ပုံစံ-၃(က)မှ လျှောက်ထားပြီး ပုံစံ-၃(ခ)ကို မူရင်းဒေသအရပ်သို့ပေးပို့ပြီး လာမည့်ရွေးကောက်ပွဲမှာ ရေးမြို့နယ် မဲဆန္ဒနယ်၌ ရွှေ့ပြောင်းလုပ်ကိုင်မဲပေးခွင့်ရှိသူမှာ၂၄၉၂ ဦးထဲတွင် သက်ဆိုင်ရာ နယ်ပယ်လုပ်ငန်းများမှဖြစ်ကြကာ လွှတ်တော်သုံးရပ်မှာ လွှတ်တော်ကိုယ်စားလှယ်ပေါင်း၂၃ ဦး ဝင်ရောက်ရွေးချယ်ခံ ယှဉ်ပြိုင်ကြမည်ဖြစ်ရာ တပ်နယ်မဲဆန္ဒနယ် မဲရုံကိုးရုံအပါအဝင် မဲရုံပေါင်း ၁၁၀ ၌ တပ်မတော်သားမဲပေးခွင့်ရှိသူ ၃၄၄၄ ဦးရှိကာ ရေးမြို့နယ်တွင် မဲပေးခွင့်ရှိသူပေါင်း ၁၆၈၈၂၆ ဦးရှိကာ မဲရုံများ၌ အထူးရဲတစ်ဦးစီ တာဝန်ပေးအပ်သွားမည်ဖြစ်ပြီး မဲရုံလုံခြုံရေးကိုလည်း ရဲတပ်ဖွဲ့ဝင်များနဲ့ ပူးပေါင်းကာဆောင်ရွက် ထားကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်များအရ သိရသည်။

အဆိုပါ ရွှေ့ပြောင်းလုပ်ကိုင်နေသူများထဲတွင် ပြည်ပရောက် အိမ်နီးချင်းနိုင်ငံများမှာလည်း ရွှေ့ပြောင်းလုပ်သားများထဲတွင် မဲပေးခွင့်ရှိသူ ရေးမြို့နယ်မဲဆန္ဒနယ်သို့ မဲမပေးနိုင်ကြသည့် ရွှေ့ပြောင်းလုပ်သားများမှာ အများအပြားကျန်ရှိနေသေးသည့်အပြင် ဒေသအတွင်း ပင်လယ်ငါးဖမ်းလုပ်ငန်း၊ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းများ၌ လုပ်ငန်းခွင်ဝင်ရောက်နေကြသော ရွှေ့ပြောင်းလုပ်သားများမှာ မဲပေးခွင့်ရှိနေသော်လည်း အများအပြားက စားဝတ်နေရေးအတွက် ဦးစားပေးလုပ်ကိုင်ကြသူများဖြစ်ကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**



# ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာ မိုးစပါးပုလဲသွယ် နည်းပညာပေးစံကွက်ရိတ်သိမ်း တစ်ဧက တင်း ၂၀၀ ကျော်ထွက်

**ပျဉ်းမနား အောက်တိုဘာ ၂၆**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာရှိ နည်းပညာပေးဧက(၅၀) စံကွက်အတွင်း၌ တောင်သူ ဦးရဲဝင်း ကွင်းအမှတ်(၁၆၆၃) ဦးပိုင်အမှတ် (၁၁၈) ပိုင်ဆိုင်သော ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါး ပုလဲသွယ်နည်းပညာပေး စံကွက် ၁၀ ဧကအနက် ၃ ဒသမ ၅၀ ဧကကို အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက စံကွက်ရိတ်သိမ်းပွဲ ကျင်းပခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက တောင်သူနည်းပညာပေးစံပြကွက်များ ပြုလုပ်ပြသရခြင်း၏ ရည်ရွယ်ချက်၊ သိပ္ပံနည်းကျ စိုက်ပျိုးပုံနည်းစနစ်အဆင့်ဆင့်ကို ပြသပညာပေးခြင်း နည်းစနစ်၊ စံကွက်ရိတ်သိမ်းပုံ နည်းစနစ်နှင့် အကျိုးကျေးဇူးများကို တက်ရောက်လာသူ ဒေသခံတောင်သူများနှင့် ဝန်ထမ်းများအား နည်းပညာပေးရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းဆောင်ရွက်ခဲ့ရာ အစို ၂၂၂ ဒသမ ၄၆ တင်း၊ အခြောက်တင်း ၂၁၄ ဒသမ ၇၀ ထွက်ရှိကြောင်း သိရသည်။

**ကိုပေါက်(ဥတ္တရမြေ)**

# ရမည်းသင်းမြို့နယ် မြို့လှကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲကျင်းပ

**ရမည်းသင်း အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြို့လှကျေးရွာ ကိုယ့်အားကိုယ့်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို အောက်တိုဘာ ၂၆ ရက် ညနေ ၄ နာရီက ယင်းကျေးရွာ ထရန်စဖော်မာအနီး၌ ကျင်းပရာ မြို့နယ်သမဦးစီးအရာရှိ ဦးဇော်လင်း၊ ကျေးရွာတိုက်နယ် မီးလင်းရေးဥက္ကဋ္ဌ ဦးညွန့်သန်း၊ မြို့လှရွာမီးလင်းရေးဥက္ကဋ္ဌ ဦးငွေတိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီးနောက် တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးကျော်မြင့်နှင့် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးအောင်နေဦးတို့က စက်ခလုတ်နှိပ်၍ လျှပ်စစ်မီးဆိုင်းဘုတ်နှင့် မီးလုံးများကို ဖွင့်လှစ်ကြသည်။ **(အပေါ်ယာပုံ)**



ဆက်လက် တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီးက မြို့လှတိုက်နယ် မီးလင်းရေးအတွက် နှစ်အမ်ဗွီအေ ဓာတ်အားခွဲရုံနှင့် ၃၃ ဒသမ ၁၁ လိုင်း ၈ မိုင် ကုန်ကျစရိတ်ကို နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း၊ မြို့လှတိုက်နယ် အနီး ရှိ ရွာပေါင်း ၁၈ ရွာအတွက် လျှပ်စစ်မီးလင်းနိုင်ရေး ရည်ရွယ်၍ ဆောင်ရွက်ပေးခဲ့ကြောင်း ပြောကြားသည်။

ယခု လျှပ်စစ်မီးလင်းသော မြို့လှကျေးရွာ၌ ၂၀၀ ကေဗွီအေ ထရန်စဖော်မာနှင့် ၁၁ ကေဗွီအေ ဓာတ်အားလိုင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းများ တည်ဆောက်တပ်ဆင်ခြင်း လုပ်ငန်းအတွက် ကျပ်သိန်းပေါင်း ၉၂၀ အကုန်အကျခံ၍ အိမ်ခြေ ၃၀၀ မှ မတည်ငွေ တစ်အိမ်လျှင် သုံးသိန်းကျပ် ထည့်ဝင်၍ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

# လက်တွန်းထွန်စက်နှင့် စက်ပြင်ဆင်မှုသင်တန်းဖွင့်

**ချောင်းဦး အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် မုံရွာခရိုင် ချောင်းဦးမြို့နယ် သမဝါယမဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ပူးပေါင်းဖွင့်လှစ်သည့် လက်တွန်းထွန်စက်နှင့် စက်ပြင်ဆင်မှုသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

ယခုဖွင့်လှစ်သော လက်တွန်းထွန်စက်နှင့် စက်ပြင်ဆင်မှုသင်တန်းကို အောက်တိုဘာ ၂၅ ရက်မှ ၃၁ ရက်အထိ ခုနစ်ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား ၂၈ ဦးတက်ရောက်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# စာကြည့်တိုက်ဆောက်လုပ်မှု ကွင်းဆင်းစစ်ဆေး

**ဒီးမော့ဆို အောက်တိုဘာ ၂၆**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းအသင်းမှ ထောက်ပံ့ငွေကျပ် ၁၀ သိန်းဖြင့် နဲယေကူစာကြည့်တိုက်ကို ဒီးမော့ဆိုမြို့နယ် ဝီသဲကူး(တောင်)ကျေးရွာ၌ ဆောက်လုပ်လျက်ရှိသည်။

အဆိုပါ စာကြည့်တိုက်ဆောက်လုပ်မှုကို အောက်တိုဘာ ၂၆ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင် ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ညောင်ဦး၌ စပိန်နိုင်ငံသားဇနီးမောင်နှံကျပျောက်ခဲ့သည့် ခရီးဆောင်ဘေးလွယ်အိတ် ဒေသခံတစ်ဦးတွေ့ရှိ၍ ပြန်လည်ပေးအပ်

**ညောင်ဦး အောက်တိုဘာ ၂၆**

ညောင်ဦးမြို့တွင် အောက်တိုဘာ ၂၄ ရက်က စပိန်နိုင်ငံသား ဇနီးမောင်နှံတို့ ညောင်ဦးမြို့အတွင်း လည်ပတ်နေစဉ် ကျကျန်ခဲ့သည့် ခရီးဆောင်ဘေးလွယ်အိတ်တစ်လုံးကို ဒေခံတစ်ဦးကောက်ယူတွေ့ရှိကာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့သို့ ဆက်သွယ်အပ်နှံခဲ့သဖြင့် ပိုင်ရှင်ဖြစ်သူထံသို့ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၄ ရက် ည ၉ နာရီက ညောင်ဦးမြို့ အမှတ်(၅)နယ်မြေ သီရိပစ္စယာတိုးချဲ့ (၅) ရပ်ကွက် ZFREETI HOTEL မှ မန်နေဂျာ ဦးမြတ်မင်းထွန်းက ၄င်းတို့ဟိုတယ် အခန်းအမှတ်(၁၀၂)၌ တည်းခိုသော စပိန်နိုင်ငံသား ဇနီးမောင်နှံသည် လျှပ်စစ်စက်ဘီးဖြင့် ညောင်ဦးမြို့အတွင်း လည်ပတ်နေစဉ် အနက်ရောင် ခရီးဆောင်ဘေးလွယ်အိတ်တစ်လုံး ကျပျောက်ခဲ့သဖြင့် ကူညီရှာဖွေစုံစမ်းပေးပါရန် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့သို့ ဆက်သွယ်အကူအညီ တောင်းခံခဲ့ကြောင်း သိရသည်။

ထို့နောက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့မှ ရဲအုပ်ညွှန့်ဝင်း ဦးစီးသောအဖွဲ့က လိုက်လံစုံစမ်းရှာဖွေနေစဉ် အောက်တိုဘာ ၂၅ ရက် ညနေ ၃ နာရီခန့်တွင် ဦးသန်းဇော် ညောင်ဦးမြို့ အမှတ်(၇)နယ်မြေ ဝက်ကြီးအင်းရပ်နေသူသည် အောက်တိုဘာ ၂၅ ရက် နံနက် ၈ နာရီက အလုပ်မှအပြန် စုတိုက်ရှေ့နှစ်လမ်းသွား အနော်ရထာလမ်းမကြီးပေါ်၌ အိတ်တစ်လုံး ကောက်ယူတွေ့ရှိခဲ့ကြောင်း၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့သို့ အပ်နှံလိုကြောင်း ဆက်သွယ်အကြောင်းကြားခဲ့ရာ ရဲအုပ်ညွှန့်ဝင်း ဦးစီးအဖွဲ့သည် ဦးသန်းဇော်နေအိမ်သို့သွားရောက်၍ အိတ်အား ဖွင့်ဖောက်စစ်ဆေးလက်ခံခဲ့ရာ အိတ်အတွင်း၌ SAMSUNG ဟန်းဆက်အနက်ရောင်တစ်လုံး၊ SONY ကင်မရာ အဖြူရောင်တစ်လုံး၊ Marc အမျိုးအစား မျက်မှန်တစ်လက်၊ ဧည့်လမ်းညွှန်စာအုပ်တစ်အုပ်၊ ယာဉ်မောင်းလိုင်စင်တစ်ခု၊ ခရက်ဒစ်ကတ် နှစ်ကတ်၊ ပတ်စ်ပို့နှစ်ခု၊ ဗီဇာနှစ်ခု၊ အမေရိကန်ဒေါ်လာ ၁၀ တန်လေးရွက်၊ မြန်မာငွေရောရာ ငါးသောင်းတို့ကို တွေ့ရှိရသည်။

ထို့နောက် အောက်တိုဘာ ၂၅ ရက် ညနေ ၄ နာရီခွဲက အဆိုပါအိတ်နှင့်ပစ္စည်းများကို ပစ္စည်းပျောက်တိုင်ကြားထားသူ စပိန်နိုင်ငံသား Mr.Fernandez နှင့် ဇနီးဖြစ်သူ Mrs.Cristina တို့အား ပိုင်ရှင်မှန်မမှန် သိရှိနိုင်ရန် စစ်ဆေးမေးမြန်းခဲ့ပြီး မှန်ကန်စွာပြောပြနိုင်သဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့မှ တာဝန်ရှိသူများသည် ဟိုတယ်မန်နေဂျာ ဦးမြတ်မင်းထွန်း၊ အိတ်ကောက်ယူတွေ့ရှိသူ ဦးသန်းဇော်တို့ရှေ့မှောက်၌ ပိုင်ရှင်မှန်ဖြစ်သူ စပိန်နိုင်ငံသားဇနီး မောင်နှံထံသို့ အိတ်နှင့် အတွင်းပါပစ္စည်းများကို ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# သင်တန်းအဆောက်အအုံသစ် လွှဲပြောင်းပေးအပ်



**ရန်ကုန် အောက်တိုဘာ ၂၆**

အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း The Organization for Educational Resources and Technological Trainings (World ORT) က ဆောက်လုပ်လှူဒါန်းသော သင်တန်းအဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။ **(ဓာတ်ပုံ)**

အဆိုပါ အဆောက်အအုံသစ်ကို အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် World ORT တို့ပူးပေါင်း၍ မြန်မာနိုင်ငံသားများအတွက် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လေ့ကျင့်သင်ကြားပေးမှုဖြင့် အသက်မွေးဝမ်းကျောင်းမှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထောက်အကူပြုရန် ရည်ရွယ်ချက်ဖြင့် အကောင်အထည်ဖော်ရန် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် ယခုအခါ အလုပ်သမားများ၏ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ သင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများဖွင့်လှစ်ပေးခြင်း၊ ပြည်တွင်း ပြည်ပမှ အသက်မွေးကျောင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်လိုသူများ အတွက်လည်း လိုအပ်သော အကူအညီများနှင့် အမျိုးသားအဆင့် ကျွမ်းကျင်မှုစံများ၊ သင်ရိုးညွှန်းတမ်းများရေးဆွဲခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ **(သတင်းစဉ်)**

## အေးချမ်းသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲဆုရရှိသူများ စာရင်းထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၂၆**

၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို "အေးချမ်းသာယာပြည်မြန်မာ" ဟူသောခေါင်းစဉ်ဖြင့် စီစဉ်ကျင်းပခဲ့သည်။

အဆိုပါ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ မြန်မာနိုင်ငံအနှံ့အပြားမှ ဓာတ်ပုံပညာရှင် ၁၁၈ ဦးက ပြိုင်ပွဲဝင်ဓာတ်ပုံ ၆၄၁ ပုံကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆု ကျော်ဗိုလ်ဗိုလ်ဟန်၊ ဒုတိယဆု ဇေယျာလင်း၊ တတိယဆု မျိုးမင်းကြွယ်(ရွှေတောင်ကြား)တို့က ရရှိခဲ့ကြသည်။ အထူးဆုများအဖြစ် ပြည်စိုးထွန်း(ပန်းချီ)၊ ဦးမြင့်ဆန်း (မြတ်သူ-ဓာတ်ပုံ)၊ ငွေးလွင်(အမရပူရ)၊ ဇေယျာလင်းနှင့် ပြည်စိုးထွန်း(ပန်းချီ)တို့က ရရှိသွားကြသည်။ ဆုရရှိသူများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဆုများထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲကျင်းပမည့်ရက်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကျေးရွာများ၌ ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်

**သထုံ အောက်တိုဘာ ၂၆**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် ရဲမင်းဟိန်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် မွန်ပြည်နယ် သထုံမြို့နယ် အင်းကွဲကျေးရွာ၌ ဆိုလာစနစ်ဖြင့် မီးလင်းရေးအတွက် ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများကို သထုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းနှင့် ဝန်ထမ်းများက အောက်တိုဘာ ၂၅ ရက်တွင် အဆိုပါကျေးရွာ၌ အိမ်ခြေ ၁၀၅ လုံးကို တပ်ဆင်ပေးခဲ့သည်။ **(ကျေးလက်ဦးစီး)**

## မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအား အကောက်ခွန်ရှင်းလင်းထုတ်ပေးမှုအခြေအနေ

**ရန်ကုန် အောက်တိုဘာ ၂၆**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အစားထိုး စီမံချက်အပါအဝင် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့သည့် (၂၅-၁၀-၂၀၁၁)ရက်မှ (၂၄-၁၀-၂၀၁၅)ရက်အထိ ၄၈ လတာကာလအတွင်း အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ ၄၉၄၀၈၆ စီးဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် (CD)၆၈၃၆၆၅ ဒသမ ၈၆ ကျပ်သန်း၊ ကုန်သွယ်လုပ်ငန်းခွန် (CT) ၆၁၃၅၂၁ ဒသမ ၇၀ ကျပ်သန်း စုစုပေါင်း ငွေကျပ် ၁၂၉၇၁၈၇ ဒသမ ၅၆ သန်းကို ကောက်ခံရရှိပြီးဖြစ်သည်။

အဆိုပါ အကောက်ခွန် (CD)နှင့် ကုန်သွယ်လုပ်ငန်းခွန် (CT)များ စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်များအနက် ယာဉ်အိုယာဉ်ဟောင်း အစားထိုးလဲလှယ်ရေးစီမံချက်အတွက် ၁၃၁၀၄၂ စီး၊ ကားအရောင်းပြခန်းများအတွက် ၁၁၀၂၃၂ စီး၊ သင်္ဘောသားပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် အစီး ၇၃၀၊ ပြည်ပနေအလုပ်လုပ်ကိုင်သူများပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၄၃ စီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာ ဝယ်ယူသူပါမစ်ဖြင့် တင်သွင်းမှုများအတွက် အစီး ၂၄၆၈၃၀ တို့ဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်**

## ပိုလီယိုရောဂါကာကွယ်ဆေးကို သောက်ဆေးအပြင် ထိုးဆေးအဖြစ်လည်းအသုံးပြု

**စစ်တွေ အောက်တိုဘာ ၂၆**

ပိုလီယိုရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းကို ပြည်နယ်အဆင့် မိတ်ဆက်ရှင်းလင်းပွဲကို အောက်တိုဘာ ၂၆ ရက်က စစ်တွေမြို့ရှိ ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသောင်းလှိုင် တက်ရောက်အမှာစကား ပြောကြားသည်။




ပိုလီယိုကာကွယ်ဆေးကို ယခင်က သောက်ဆေးရည်အဖြစ် တိုက်ကျွေးခဲ့သော်လည်း ယခုအခါ ထိုးဆေးကိုပါ ထိုးနှံပေးသွားမည်ဖြစ်သည်။ ကျန်းမာရေးဌာနအနေဖြင့် အသက်နှစ်လပြည့်ကလေးတိုင်းကို ဆုံဆို့နာ၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ၊ ဝက်သက်ရောဂါနှင့် ငါးမျိုးစပ်ကာကွယ်ဆေးကို နှစ်လတစ်ကြိမ် စုစုပေါင်း သုံးကြိမ်ထိုးပေးနေပြီး ယခုအခါ အသက်လေးလပြည့်မှစ၍ ပိုလီယိုရောဂါကာကွယ်သော ထိုးဆေးကိုပါ ဒီဇင်ဘာလမှစ၍ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုကြီးစော**

## မြစ်ကြီးနားမြို့ အေးစေတီရပ်ကွက်၌ အလုပ်သမားတန်းလျား မီးလောင်မှုဖြစ်

**မြစ်ကြီးနား အောက်တိုဘာ ၂၆**

မြစ်ကြီးနားမြို့ အေးစေတီရပ်ကွက်၌ အောက်တိုဘာ ၂၆ ရက် ညနေ ၅ နာရီခွဲက အိမ်အမှတ်(၅၄)တွင်နေထိုင်သော ဦးစိုးလတ်နေအိမ် အလုပ်သမားတန်းလျား ထရံကာ၊ သွပ်မိုး၊ မြေစိုက် အနံ ၈ ပေ၊ အလျား ပေ ၄၀ ရှိ ပေါ့ဆမီးကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ အဆိုပါ အလုပ်သမားတန်းလျား မီးလောင်ကျွမ်းဆုံးရှုံးခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ယာဉ် ငါးစီး၊ စည်ပင်ရေသယ်ယာဉ် တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**ချိန်ခါမရွေးသတိပေး မီးဘေးကင်းဝေးမှာ**

## မြန်မာအလုပ်သမားအမျိုးသားတစ်ဦး စက်ရုံခေါင်မိုးအမြင့်မှ မတော်တဆပြုတ်ကျသေဆုံး

**ဗန်ကောက် အောက်တိုဘာ ၂၆**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဘန်ချလုံနယ်မြေအတွင်း အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက မြန်မာအလုပ်သမားအမျိုးသားတစ်ဦးက စက်ရုံခေါင်မိုးအမြင့်မှ မတော်တဆပြုတ်ကျသေဆုံးခဲ့ကြောင်း မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီဝင် MAT အဖွဲ့က ဆက်သွယ်ပြောကြားသည်။

ဖြစ်စဉ်မှာ မြို့တော်ဗန်ကောက်ရှိ ဘန်ချလုံနယ်မြေအတွင်း အောက်တိုဘာ ၂၆ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီက မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဒေါက်ရိုက်ကျေးရွာမှ ဦးအုန်းကြိုင်(၄၀ နှစ်)သည် ၄င်းအလုပ်လုပ်ကိုင်နေသော ATTA ဖိနပ်စက်ရုံ၏ခေါင်မိုးကို သန့်ရှင်းရေးလုပ်နေစဉ် စက်ရုံအမိုးအုတ်ကြွပ်ပြား ဆွေးမြည့်နေသောနေရာကိုနင်းမိခိုက် ကျွံကျကာ မတော်တဆ ပြုတ်ကျသေဆုံးခဲ့ရခြင်းဖြစ်သည်။

သေဆုံးသူ မြန်မာအလုပ်သမား၏ တူမတော်စပ်သူ အစုက"မနက် ၉ နာရီလောက်မှာ ခေါင်မိုးပေါ်ကပြုတ်ကျပြီး သေဆုံးသွားတာပါ။ စက်ရုံသူဌေးက ဂရုစိုက်မှုမရှိလို့ MAT အဖွဲ့ကိုခေါ်ပြီး အကူအညီတောင်းခဲ့ပါတယ်" ဟု ပြောသည်။

မြန်မာသံရုံးက အလုပ်သမားကူညီစောင့်ရှောက်ရေး ကော်မတီဝင်ဖြစ်သော ဗန်ကောက်အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT အဖွဲ့ဝင်များက သေဆုံးမြန်မာအလုပ်သမား၏ ရုပ်အလောင်းသင်္ဂြိုဟ်ခွင့်ရရှိရေးနှင့် လိုအပ်သည်များကိုကူညီနိုင်ရန် အခင်းဖြစ်နေရာသို့ ချက်ချင်းသွားရောက်ခဲ့ကြပြီး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

MAT အဖွဲ့ရုံးတာဝန်ခံ ကိုစိုင်းအေးက "အလုပ်ရှင်သူဌေးနဲ့ ကျွန်တော်တို့ သွားတွေ့ခဲ့ပါတယ်။ ဒီလိုသေဆုံးမှုဟာ မတော်တဆသေဆုံးဖြစ်စဉ်ဆိုပေမယ့် သေဆုံးသွားသူဟာ သူဌေးခိုင်းလို့ဖြစ်ရတဲ့ကိစ္စပါ။ ဒီတော့ သေဆုံးသူအတွက် နစ်နာကြေးကို လုပ်ပေးပါ့မယ်ပြောပါတယ်။ တကယ်လို့အလုပ်ရှင်သူဌေးက သေဆုံးသူအတွက် နစ်နာကြေးကို အဆင်ပြေအောင် မပေးဘူးဆိုရင်တော့ ကျွန်တော်တို့အဖွဲ့ ရှေ့နေတွေနဲ့တိုင်ပင်ပြီး လျော်ကြေးရအောင် ဆောင်ရွက်သွားမှာပါ"ဟု ပြောသည်။

**စိုးဝင်း(SP)**

# ကုန်းတွင်းပိုင်းရေချိုငါးသယံဇာတဖွံ့ဖြိုးတိုးတက်ရေး ဖိုရမ်ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၆**

မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ အသား၊ ငါးကဏ္ဍ ထုတ်လုပ်မှုမြှင့်တင်ရေးနှင့် လူတစ်ဦးချင်း၏ အသား၊ ငါး၊ နို့နှင့် ဥစားသုံးမှု ပိုမိုရေးအတွက် အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ငါးလုပ်ငန်းဦးစီးဌာနမှ ရေချိုငါးသယံဇာတများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငါးလုပ်ငန်းဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရေချိုငါးသယံဇာတဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ပျိုးပင်အစီအစဉ်နှင့် KOICA Myanmar တို့မှ ပူးပေါင်းကျင်းပသည့် ဒေသအဆင့် ရေချိုငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို အောက်တိုဘာ ၂၆ ရက်၊ ၂၇ ရက်နေ့တွင် မန္တလေးမြို့ Sedona ဟိုတယ်၌ ကျင်းပရာ ပြည်ပနိုင်ငံများမှ ငါးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ငါးလုပ်ငန်းနှင့် သက်ဆိုင်သည့် တက္ကသိုလ်များမှ သုတေသနပညာရှင်များ၊ NGO နှင့် INGO များ၊ ငါးလုပ်ငန်းလုပ်ကိုင်သူများ စုစုပေါင်း ၁၇၀ တို့ တက်ရောက်ခဲ့ကြသည်။





အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ယနေ့နံနက် ၉ နာရီက ကျင်းပရာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက အမှာစကား ပြောကြားသည်။

၂၀၁၄-၂၀၁၅ ခုနှစ် ရေချိုငါးထုတ်လုပ်မှု စုစုပေါင်းတန်ချိန် ၁ ဒသမ ၄ သန်းရှိခဲ့ရာ ရေချိုငါးလုပ်ငန်းကဏ္ဍသည် နိုင်ငံတော်၏ ၇၀ ရာခိုင်နှုန်းခန့်ရှိသည့် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေး ဖြည့်စွက်ပေးလျက်ရှိသည်။ ငါးလုပ်ငန်းကဏ္ဍသည် ပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးလျက်ရှိရာ လူဦးရေ သုံးသန်းခန့်ငါးလုပ်ငန်းတွင် တိုက်ရိုက်လုပ်ကိုင်လျက်ရှိပြီး လူဦးရေ ၁၂ သန်းမှ ၁၅ သန်းခန့်သည် ငါးလုပ်ငန်းနှင့်ဆက်စပ်ပြီး တစ်ဆင့်ခံ အကျိုးခံစားခွင့်ရရှိလျက်ရှိသည်။

ငါးလုပ်ငန်းနှင့်ဆိုင်သော ပညာရှင်များ၏ လေ့လာတင်ပြချက်များအရ ကမ္ဘာ့နိုင်ငံအသီးသီးရှိ ငါးလုပ်ငန်း ကျဆင်းစေလျက်ရှိသော အဓိကအကြောင်းအရင်းများဖြစ်သည့် အလွန်အကျွံငါးဖမ်းဆီးခြင်း၊ တရားမဝင်နည်းလမ်းများကို အသုံးပြု၍ ငါးဖမ်းဆီးခြင်း၊ စီမံခန့်ခွဲမှု အားနည်းခြင်း၊ ဂေဟစနစ်များ ပျက်သုဉ်းခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းတို့၏ အကျိုးဆက်များကြောင့်ဖြစ်ကြောင်း မီးမောင်းထိုးပြခဲ့ကြသည်။

အဆိုပါစိန်ခေါ်မှုများကို လူထုပူးပေါင်း ပါဝင်ဆောင်ရွက်သည့် All Inclusive Sustainable Development ကို ဖြစ်စေမည့် ငါးလုပ်ငန်းစီမံခန့်ခွဲမှု မူဝါဒကောင်းတစ်ရပ် အကောင်အထည်ဖော်သွားနိုင်ရန် အလေးထားဆောင်ရွက်သွားနိုင်ရေး Master Plan နှင့် Strategies ရေးဆွဲဖော်ထုတ်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## မိုးရွာသွန်းမည့် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၆**

ယနေ့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်ဖြစ်သည်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၆**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်။

**(မိုး/ဇလ)**

# ခရီးသည်တင်ယာဉ် ကျော်တက်သည့်ဆိုင်ကယ် တိမ်းမှောက်

**နတ်မောက် အောက်တိုဘာ ၂၆**

နတ်မောက်မြို့နယ် နတ်မောက်-ကျောက်ပန်းတောင်းကားလမ်း ကျွန်းတောရွာအနီးတွင် အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက ခရီးသည်တင်ယာဉ်ကို ကျော်တက်သည့် ဆိုင်ကယ်တိမ်းမှောက်ခဲ့သဖြင့် ဆိုင်ကယ်မောင်းနှင်သူ အမျိုးသမီးနှစ်ဦး ကားကြိတ်ခံရ၍ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၄ ရက်နံနက် ၈ နာရီခွဲက နတ်မောက်-ကျောက်ပန်းတောင်းကားလမ်း မိုင်တိုင်အမှတ် (၈/၇)ကျွန်းတောရွာအနီးတွင် နတ်မောက်မှ ကျောက်ပန်းတောင်းဘက်သို့ ဦးအောင်ချော (၄၂ နှစ်)မောင်းနှင်သော 9F/----- ဒိုင်နာ ခြောက်ဘီးယာဉ်အား ယင်းလမ်းအတိုင်း မသင်းသင်းဇွေ (၃၂ နှစ်)မောင်းနှင်ပြီး နောက်မှ ညီမဖြစ်သူ မတင်ယုမော်(၂၅ နှစ်)လိုက်ပါလာသည့် ဒါယန်း ၁၂၅ ဆိုင်ကယ်သည် ရှေ့မှယာဉ်ကို ကျော်တက်ရာ ယာဉ်နှင့်ပွတ်တိုက်မိပြီး ဆိုင်ကယ်တိမ်းမှောက်၍ အမျိုးသမီးနှစ်ဦးမှာ ဒဏ်ရာများဖြင့် သေဆုံးခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဦးအောင်ချောအား နတ်မောက်မြို့နယ် ရွှေပန်းတောနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ကျော်ဇေယျ**

# ဗန်းမောက်မြို့နယ် ရွှေတွင်းဟောင်း မျှောစင်ပြိုကျ၍ အမျိုးသားတစ်ဦးသေဆုံး

**ဗန်းမောက် အောက်တိုဘာ ၂၆**

ကသာခရိုင် ဗန်းမောက်မြို့နယ် ရဲစခန်းမြောက်ဘက် ၂၄ မိုင်ခန့်အကွာ လေသာကုန်း ကျေးရွာအနီး မဲဇာချောင်းအတွင်းရှိ ရွှေတွင်းဟောင်းမျှောစင်ဟောင်းမှ သစ်သားများကို မျှောစင်ပေါ်သို့တက်၍ခွာဖြုတ်သည့် အမျိုးသားတစ်ဦး မျှောစင်ပြိုကျပြီး သေဆုံးသွားကြောင်း သိရသည်။

သေဆုံးသူသည် ဇော်မျိုးဝင်း(ခ) ယားကြီး(၁၇ နှစ်) ဖားကန့်မြို့နယ် ကွမ်းသဲကျေးရွာနေသူဖြစ်ပြီး ၄င်းကို မျှောစင်အောက်မှဆွဲထုတ်ရာ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ဗန်းမောက်မြို့မရဲစခန်းက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**



# တောင်သူလယ်သမားတို့ မိုးစပါးရိတ်သိမ်းခြွေလှေ့

**ကျောင်းကုန်း အောက်တိုဘာ ၂၆**

ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ညောင်ဝိုင်းကျေးရွာအုပ်စု မြွေဟောက်ကျေးရွာနေ ဦးမောင်ချို၏ ဆင်းသုခမျိုးစပါးစိုက်လယ်မြေခြောက်ဧက၌ အောက်တိုဘာ ၂၅ ရက်က ရိတ်သိမ်းခြွေလှေ့ရာ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးလုပ်ငန်းဒါရိုက်တာ ဦးအောင်အောင်၊ စိုက်ပျိုးရေး သုတေသနပညာရှင် ဦးအုန်းမြင့်သန်း၊ အဏုဇီဝမြေသြဇာသုတေသနပညာရှင် ဦးဝင်းကြည်တို့ပါဝင်သော စိုက်ပျိုးရေးသုတေသနအဖွဲ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

တောင်သူ ဦးမောင်ချို၏ လယ်မြေ ခြောက်ဧကမှ ဓာတုဆေးဝါးသုံးစွဲမှုကင်းရှင်းသော ဧရာ ပုသိမ် အဏုဇီဝမြေသြဇာသုံးစွဲမှုကြောင့် တစ်ဧကလျှင် အထွက်နှုန်း တင်း ၁၂၀ ထွက်ရှိပြီး လုံးပိတ် လုံးညှပ်မရှိကြောင်း စစ်ဆေးတွေ့ရှိရကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

## အောက်တိုဘာ ၂၆ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်၊ တနင်္လာနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၀၆၀၀ မှ ၅၀၀၀၀ |
| ၂ | ဧရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဆန်စပါးကုန်စည်ဒိုင်ဘုရင့်နောင် | ၁၉၅၀၀ မှ ၂၂၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဆန်စပါးကုန်စည်ဒိုင်ဘုရင့်နောင် | ၁၉၅၀၀ မှ ၂၁၀၀၀ |
| ၄ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၉၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၇၀၀၀ |
| ၆ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၂၂၅၀၀၀ |
| ၇ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၂၅၀ မှ ၂၅၈၅ |
| ၈ | ကြက်သွန်နီ | ဆိပ်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၀၅၀ မှ ၁၈၅၀ |
| ၉ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၅၀ မှ ၂၆၀၀ |
| ၁၀ | ကြက်သွန်ဖြူ | တောင်ကြီး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၄၀၀ မှ ၃၁၀၀ |
| ၁၁ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၅၀ မှ ၉၇၀ |
| ၁၂ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၆၀၀ မှ ၁၅၀၀ |
| ၁၃ | သြဇာသီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀၀ |
| ၁၄ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၉၀၀ မှ ၁၃၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။


## အိတ်ဖွင့်တင်ဒါကြော်ငြာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကော့မှူးမြို့နယ်၊ မြို့ရေပေးရေးလုပ်ငန်းများအတွက် အောက်ဖော်ပြပါလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ကော့မှူးမြို့နယ်၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီရုံး(ကော့မှူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး)တွင် ၁၃-၁၁-၂၀၁၅ရက် မွန်းတည့် ၁၂နာရီမတိုင်မီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ဂါလန်(၆၀၀၀၀)ဆံ့ သံကူကွန်ကရစ် ရေစုကန်(၁)ကန်တည်ဆောက်ခြင်း၊

(ခ) ဂါလန်(၇၅၀၀၀)ဆံ့ သံကူကွန်ကရစ် ရေစုကန်(၁)ကန်တည်ဆောက်ခြင်း၊

(ဂ) ဂါလန်(၁၂၀၀၀)ဆံ့ သံကူကွန်ကရစ် အမြင့်တင်ရေစင်(၃)စင် တည်ဆောက်ခြင်း၊

(ဃ) ၆ လက်မ PVC ပိုက်လုံး(၁၀၀၀)ဝယ်ယူခြင်း၊

၂။ စိတ်ပါဝင်စားသူများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းလိုပါက ကော့မှူးမြို့နယ် အထောက်အကူပြုကော်မတီရုံးတွင် ရုံးဖွင့်ရက်များအတွင်း တင်ဒါစည်းကမ်းအား ဆက်သွယ်ရယူနိုင်ပါသည်။

**(ကော့မှူးမြို့နယ် ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ)**

**ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၁၀၇၈၁၅၁၊ ၀၉-၄၃၀၃၉၂၅၆၊ ၀၉-၇၉၄၄၀၉၈၅၄**

# အကောက်ခွန်မဲ့သယ်ဆောင်လာသော ဂြိုဟ်တုစလောင်း၊ ဂြိုဟ်တုရုပ်သံဖမ်းစက်နှင့် စလောင်းဒေါက်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၆**


တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ ကွပ်ကဲမှုအောက်ရှိ Mobile Team အဖွဲ့များအနေဖြင့် တရားမဝင်ကုန်သွယ်မှု တားဆီးရေး၊ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၆ ရက် ညနေ ၆ နာရီခွဲခန့်က မူဆယ်ကုန်သွယ်ရေးဇုန်ရှိ မူဆယ် Mobile Team မှ Asia World Toll Gate အနီးတွင် ယာဉ်အမှတ် 9A/----(Toyota)ကို စစ်ဆေးစဉ် အကောက်ခွန်မဲ့ DVD Player များ၊ ဂြိုဟ်တုရုပ်သံဖမ်းစက် Satellite Receiver ၁၀ ခု၊ Antenna Cable လေးကီလိုနှင့် Satellite Receiver Head ၁၀ ခု စုစုပေါင်း တန်ဖိုးငွေကျပ် ၂၂၅၀၀၀ ခန့်ကို စစ်ဆေးတွေ့ရှိသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲဖွင့်လှစ် သိမ်းဆည်း၍ မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံခဲ့သည်။



အလားတူ မြဝတီ-ရန်ကုန် လမ်းကြောင်းပေါ်ရှိ လှုပ်ရှား-၂(ညောင်ခါးရှည်) Mobile Teamမှ ဇွန် ၂၃ ရက် ည ၁၁ နာရီခန့်က မြဝတီမှ ရန်ကုန်သို့ထွက်ခွာလာသည့် မန္တလာထွန်း ခရီးသည်တင်မှန်လုံယာဉ်ပေါ်မှ ခရီးသည်ပစ္စည်းများအတွင်း သို့ဝှက် တင်ဆောင်လာသော ဂြိုဟ်တုစလောင်းဗန်းအခု ၁၀၀၊ စလောင်းဒေါက် အခု ၉၀၊ ဂြိုဟ်တု ရုပ်သံဖမ်းစက် PSI Satellite Receiver အခု ၁၀၀ နှင့် စလောင်းထိပ်ဖူး အခု ၁၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၃၁၈၀၀၀၀ ခန့်ကို စစ်ဆေးတွေ့ရှိသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲဖွင့်လှစ် သိမ်းဆည်း၍ အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံခဲ့သည်။

စက်တင်ဘာ ၄ ရက်က လှုပ်ရှား-၂(ညောင်ခါးရှည်) Mobile Team မှ ရတနာစိုး ခရီးသည်တင်မှန်လုံယာဉ်အမှတ် 4G/---- ယာဉ်ပေါ်မှ PSI စလောင်း ၁၀ ခုနှင့် စလောင်းဒေါက်အခု ၁၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀ ခန့်ကို လည်းကောင်း၊ အာကာသ ခရီးသည်တင် မှန်လုံယာဉ်အမှတ် 6C/---- ယာဉ်ပေါ်မှ ဂြိုဟ်တုစလောင်း အခု ၁၀၀၊ ထိပ်ဖူး အခု ၁၀၀၊ စလောင်းဒေါက်အခု ၁၀၀ ဂြိုဟ်တု ရုပ်သံဖမ်းစက် Satellite Receiver အခု ၇၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀၀ ခန့်ကို လည်းကောင်း လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲဖွင့်လှစ် သိမ်းဆည်း၍ အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မောင်တောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

**နေပြည်တော် အောက်တိုဘာ ၂၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် နယ်မြေခံတပ်နှင့် တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၃ ရက်က တပ်မတော်(ရေ) အမြန်တိုက်ခိုက်ရေးရေယာဉ်နှစ်စင်းဖြင့် နတ်မြစ်တစ်လျှောက် လှည့်ကင်းဆောင်ရွက်ခဲ့ပြီးနောက် အမှတ်(၆)နယ်မြေ ကညင်ချောင်းဝအနီး၌ ကင်းပုန်းဝပ်နေစဉ် နံနက် ၄ နာရီ ၂၅ မိနစ်ခန့်တွင် မြောက်ဘက်မှတောင်ဘက်သို့ ကမ်းခြေကပ်၍လှော်ခတ်လာသော မသင်္ကာဖွယ်လောင်းလှေတစ်စင်းကိုတွေ့ရှိသဖြင့် မီးအချက်ပြခေါ်ရာ လှော်ခတ်ထွက်ပြေးသွားသည်။

ထွက်ပြေးသွားသူအား လိုက်လံဖမ်းဆီးရာ ဒီရေတောအတွင်း လှေတစ်စင်းကိုတွေ့ရှိ၍ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၉၆၄၇ ပြား၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့် ၂ ဒသမ ၅ ဂရမ် တန်ဖိုးငွေကျပ် ၅၉၂၉၄၀၀၀ ခန့်ကို တွေ့ရှိသဖြင့် ကျီးကန်းပြင်နယ်မြေရဲစခန်းက အမှုဖွင့်၍ ပြစ်မှုကျူးလွန်သူများဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# မီးရှူး၊ မီးပန်း၊ ပြောက်အိုး၊ ရှူးဒိုင်းများ ရောင်းချသူအား ဖမ်းဆီးအရေးယူ

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး အကူတပ်ဖွဲ့ခွဲလုံခြုံရေးတပ်ခွဲ(၂)မှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီက လသာမြို့နယ် (၈)ရပ်ကွက် အနော်ရထာလမ်း ၂၃ လမ်းနှင့် ၂၄ လမ်းကြား၌ မီးရှူး၊ မီးပန်း၊ ပြောက်အိုးများ ရောင်းချနေကြောင်းသတင်းအရ လသာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့်အတူ သွားရောက်ရှာဖွေရာ မြောက်ဥက္ကလာပမြို့နယ်နေ ကိုသူသူကျော်ဝင်း(၂၈ နှစ်)ကို မီးရှူး၊ မီးပန်း၊ ပြောက်အိုး၊ ရှူးဒိုင်းများ 8K/---- နက်ပြာရောင် မော်တော်ယာဉ်ပေါ်၌ တင်ဆောင်ရောင်းချနေသည်ကို တွေ့ရှိဖမ်းဆီးရမိသဖြင့် မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဗန်ကောက်မြို့၌ မြန်မာအမျိုးသမီးတစ်ဦးအသတ်ခံရ

**ဗန်ကောက် အောက်တိုဘာ ၂၆**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ချို့ချိုင်းစီရပ်ကွက်ရှိ အိမ်တစ်အိမ်၌ အိမ်ဖော်အလုပ် လုပ်ကိုင်သူ(၂၂ နှစ်)အရွယ် အမျိုးသမီးကို အောက်တိုဘာ ၂၅ ရက် ညနေပိုင်းက ရပ်ကွက်လမ်းမပေါ်၌ ရည်းစားဟောင်းဖြစ်သူ အမျိုးသားတစ်ဦးက ဓားနှင့်အချက်ပေါင်းများစွာထိုးခဲ့၍ ပွဲချင်းပြီးသေဆုံးသည့်ဖြစ်စဉ်တစ်ခုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါသေဆုံးသူ မြန်မာအမျိုးသမီးကို ၎င်း၏ ယခင်ရည်းစားဟောင်း သီဟဆိုသူက မပြတ်နိုင်သဖြင့် ပြန်လည်အဆင်ပြေရန် လွန်ခဲ့သည့်ခြောက်လခန့်ကတည်းက လိုက်လံကြိုးစားနေခဲ့ရာမှ အဆိုပါနေ့ညနေပိုင်းတွင် ၎င်းက ရည်းစားအသစ်နှင့် အတူတွဲလျက်လာသည်ကို တွေ့ရသဖြင့် ရည်းစားဟောင်းဖြစ်သူက ဒေါသမထိန်းနိုင်ဖြစ်ပြီး ကားလမ်းပေါ်၌ ၎င်းအား ဓားနှင့်အချက်ပေါင်းများစွာထိုးသဖြင့် ပွဲချင်းပြီးသေဆုံးရခြင်းဖြစ်ကြောင်း၊ ၎င်း၏ ရည်းစားအသစ်အမျိုးသားကိုလည်း ဓားနှင့်ထိုးခဲ့သဖြင့် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း၊ ပြစ်မှုကျူးလွန်သူက အငှားကားဖြင့် ထွက်ပြေးလွတ်မြောက်သွားရာ ရဲတပ်ဖွဲ့က ရှာဖွေဖမ်းဆီးရန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း ပြန်/ဆက်)**

# အရှိန်မထိန်းနိုင်သည့်ယာဉ် ဆိုင်ကယ်ပြင်ဆိုင်ဝင်တိုက်

**ပျဉ်းမနား အောက်တိုဘာ ၂၆**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ရွှေချီရပ်ကွက် နယ်မြေ ၁၀ မောင်ခင်လမ်းပေါ်၌ ယနေ့ မွန်းလွဲပိုင်းက ယာဉ်မတော်တဆမှု ဖြစ်ခဲ့သည်။

ဖြစ်စဉ်မှာ ပျဉ်းမနားမြို့ ရန်အောင်(၁)ရပ်ကွက် အောင်မင်္ဂလာနေသူ ယာဉ်မောင်း ဒေါ်ဖြူညိုလွင်(၂၆ နှစ်) မောင်းနှင်လာသော HONDA HYBRID Insight မီးခိုးရောင်ယာဉ်အမှတ် YGN 2I /---- သည် ရွှေချီရပ်ကွက် နယ်မြေ (၁၀) ၆-လမ်းနှင့် ၄-လမ်းကြား မောင်ခင်လမ်း အနောက်မှအရှေ့သို့ မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်သဖြင့် အိမ်အမှတ် ၁၀/၃၃ (စူပါကိုသက်) ဆိုင်ကယ်ပြင်ဆိုင်ရှိ ပြုပြင်ဆိုင်ကယ် ခြောက်စီးခန့်နှင့် ၁၀/ ၃၂ ဇမ္ဗူကျော် (လျှပ်စစ်မော်တာပြုပြင်ရေးနှင့် အိမ်တွင်းဝိုင်ယာတပ်ဆင်ရေးလုပ်ငန်း) နေအိမ်၏ အနောက်ဘက်နံရံကို ဝင်ရောက်တိုက်မိသည်။ **(ယာပုံ)** ယာဉ်တိုက်မှုကြောင့် လူအသေအပျောက်မရှိသော်လည်း ကားနှင့်ဆိုင်ကယ်များ ပျက်စီးခဲ့သဖြင့် တာဝန်ရှိသူများက ယာဉ်မောင်းကို ယာဉ်စည်းကမ်းလမ်းစည်းကမ်းအရ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဇေယျာ(ပျဉ်းမနား)**







**အများသိစေရန်ကြေညာခြင်း**

မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ အင်ပြောင်ကျေးရွာအုပ်စု၊ ကွင်းအမည်-ကြေးတိုင်ပြင်ကွင်း၊ ကွင်းအမှတ်(O.S.S4)၊ ဦးပိုင်အမှတ် ၃၉၊ ဧရိယာ ၄၂ဒသမ၀၅ ဧကအကျယ်အဝန်းရှိ ဥယျာဉ်ခြံမြေကွက်ကို ဒေါ်မြင့်မြင့်ကြည် ၁၀/ပမန(နိုင်)၀၅၁၇၀၂က အမည်ပေါက်၍ ၎င်းမှ အရှုပ်အရှင်းကင်းရှင်းပြီးရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသောကြောင့် ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ် ၃၃၁ နေ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နုနုယဉ် ၁၃/ကတန(နိုင်)၀၂၅၀၇၅က အပြီးအပိုင်ဝယ်ယူကာ လက်ဝယ်ရရှိထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်တင်လှိုင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၈၁) ဦးအောင်မျိုးသူ(LL.B) အထက်တန်းရှေ့နေ(စဉ်-၄၆၅၄၅)

အမှတ် ၃/ခ၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၁-၅၄၀၈၁၄

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ်၉ဃ/၉၆၈၄၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ်၅ဂ/၄၄၀၀၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄ အက်ဖ်)၊ မြေကွက်အမှတ်(၁/အေ)၏တစ်စိတ်တစ်ဒေသ၊ ဧရိယာ၀ဒသမ၀၇၁ဧကရှိ အစိုးရမြေအား ဒေါ်အေးအေးမြင့် ၁၂/သကတ(နိုင်)၀၇၇၀၀၇ အမည်ဖြင့် မြေငှားစာချုပ်(အထူးဂရန်)ထုတ်ပေးမည်ဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါကမြေငှားစာချုပ် (အထူးဂရန်) ထုတ်ပေးရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အိမ်ရာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# အထက(၂)မြိတ်တွင် ကင်းထောက်သင်တန်းဆင်းပွဲကျင်းပ

**မြိတ် အောက်တိုဘာ ၂၆**

အနာဂတ်နိုင်ငံတော်အတွက် နိုင်ငံသားကောင်းများပေါ်ထွက်လာစေရေးရန် မျိုးဆက်သစ်ကျောင်းသားကျောင်းသူများအား ကင်းထောက်သင်တန်းများဖွင့်လှစ်ပေးလျက်ရှိရာ အထက(၂)မြိတ်၌ ဖွင့်လှစ်ခဲ့သော ကင်းထောက်သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၅ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

သင်တန်းဆင်းပွဲတွင် ကင်းထောက်မောင်မယ်များက အစဉ်အသင့်သီချင်းသီဆို၍ အခမ်းအနားဖွင့်လှစ်ပြီး မြိတ်မြို့နယ်ပညာရေးမှူး ဦးဌေးလွင်က ကင်းထောက်မောင်မယ်များအား ဩဝါဒစကားပြောကြားကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ကင်းထောက်သင်တန်းတွင် ကင်းစိတ်အလိုက်ဆုရရှိသော ကင်းထောက်မောင်မယ်များအား မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

သင်တန်းကို ဇူလိုင် ၁၀ ရက်မှ အောက်တိုဘာ ၂၅ ရက်အထိ အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့တို့တွင် ဖွင့်လှစ်ခဲ့ပြီး သင်တန်းနည်းပြသုံးဦးက သင်တန်းသား ၅၀ အား သဘာဝတောတောင်ရေမြေတို့၏ အခြေအနေစူးစမ်းလေ့လာခြင်း၊ တောစခန်းထွက်ခြင်း၊ တောတွင်းခြေရာခံခြင်း၊ ခြေကျင်ခရီးထွက်ခြင်း၊ ကာယပညာနှင့် အားကစားနည်းပညာများ လေ့ကျင့်သင်ကြားခြင်း၊ ရှေးဦးပြုစုခြင်းအတတ်ပညာ လေ့ကျင့်သင်ကြားခြင်း၊ ရေကြောင်း လေကြောင်း အတတ်ပညာများ လေ့ကျင့်သင်ကြားခြင်းနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလေ့ကျင့်ခြင်းများကို ပို့ချပေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ–ခိုင်ထူး**



# ချောင်းဦး၌ ကင်းထောက်လူငယ်သင်တန်းဖွင့်




**ချောင်းဦး အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကင်းထောက်လူငယ်သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

ကင်းထောက်သင်တန်းဖွင့်ပွဲတွင် မုံရွာခရိုင်ပညာရေးမှူး ဦးကျော်ဆင့်က အမှာစကားပြောကြားပြီး ချောင်းဦးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများဖြစ်ကြသည့် ဧရိပ်မွန်(၂) သမီးငယ်လေးများက လက်ပံပွင့်ကောက်ကျေးလက်ယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ အထကကျောင်းအုပ်ဆရာမကြီး ဒေါ်ကျော့ကျော့ခိုင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ကင်းထောက်မောင်မယ်များက "ကင်းထောက်များ၏ ရှေ့သို့ချီလှမ်း" သီချင်းဖြင့် ဖျော်ဖြေကြသည်။

အဆိုပါ ကင်းထောက်သင်တန်းသို့ အဋ္ဌမတန်းကျောင်းသား ၅၀၊ ကျောင်းသူ ၅၀ စုစုပေါင်း ၁၀၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလ ခုနစ်ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**ယုယုဝင်း (ပြန်/ဆက်)**

# မဲရုံလုပ်ငန်းဆိုင်ရာများ ထပ်ဆင့်ရှင်းလင်း

**ပြင်ဦးလွင် အောက်တိုဘာ ၂၆**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲရုံအသီးသီး၌ တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များအား လုပ်ဆောင်ရမည့်လုပ်ငန်းဆိုင်ရာများ ထပ်ဆင့်ရှင်းလင်းခြင်းကို အောက်တိုဘာ ၂၅ ရက်က ပြင်ဦးလွင်မြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင် ဦးလှကြိုင်နှင့် ဦးသော်တာဆွေတို့က မဲပေးသည့်နေ့တွင် လုပ်ဆောင်ရမည့်လုပ်ငန်းများ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ ဆောင်ရန်၊ ရှောင်ရန်များ၊ မဲရုံဖွဲ့စည်းတည်ဆောက်မှုများ၊ မဲရုံဖွင့်ချိန်/ပိတ်ချိန်များတွင် လိုက်နာဆောင်ရွက်ရန်များ၊ ဆန္ဒမဲရေတွက်ရာတွင် အတည်ပြုမဲ၊ ပယ်မဲသတ်မှတ်ချက်များ၊ ဆန္ဒမဲရရှိမှုအပေါ် ထုတ်ပြန်ကြေညာခြင်းများကို အသေးစိတ်ဆွေးနွေးကြသည်။

အဆိုပါ ထပ်ဆင့်ရှင်းလင်းပွဲသို့ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၃)၊ (၄)၊ (၅)နှင့် (၇) တို့မှ ရပ်ကွက်ကော်မရှင်အဖွဲ့ဝင်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များတက်ရောက်ခဲ့ကြကြောင်းသိရသည်။ **(၄၃၂)**



# လူကုန်ကူးခံရသော မြန်မာရှစ်ဦးအား မြန်မာသံရုံးအဖွဲ့က နေရပ်မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့

**ချုံဖွန် အောက်တိုဘာ ၂၆**

ထိုင်းနိုင်ငံရှိ ချုံဖွန်နယ်မြေတောထဲ၌ လူကုန်ကူးခံရသူများအား စွန့်ပစ်ခဲ့မှုကြောင့် ဖမ်းဆီးခံခဲ့ရသူများထဲမှ ချုံဖွန်မြို့မရဲစခန်းအတွင်း ခြောက်လကြာနေထိုင်ခဲ့ကြရသည့် လူကုန်ကူးခံရသော မြန်မာရှစ်ဦးအား နေရပ်မြန်မာနိုင်ငံသို့ အောက်တိုဘာ ၂၂ ရက်က ပြန်လည်ပို့ဆောင်လိုက်ပြီဖြစ်ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (MAT) မှ ဆက်သွယ်ပြောချက်အရ သိရသည်။

အဆိုပါ လူကုန်ကူးခံရသူ မြန်မာရှစ်ဦးမှာ အမျိုးသမီးနှစ်ဦးနှင့် အမျိုးသား ခြောက်ဦးတို့ဖြစ်ပြီး ယခုလူကုန်ကူးခံရသည့် ကိစ္စရပ်သည် ပြီးခဲ့သည့် မေ ၈ ရက်က ချုံဖွန်မြို့နယ် တောထဲတွင် ၂၈ ဦး ဖမ်းဆီးခံခဲ့ရခြင်းနှင့် မေ ၉ ရက်တွင် ၄၇ ဦး ဖမ်းဆီးခံခဲ့ရခြင်းကိစ္စရပ်ဖြစ်ကြောင်း MAT ဒါရိုက်တာ ဦးကျော်သောင်းကပြောကြားသည်။ ချုံဖွန်နယ်မြေ၌ နှစ်ရက်အတွင်း လူကုန်ကူးခံရသူစုစုပေါင်း ၇၅ ဦးတို့အား ထိုင်းအစိုးရက အသုတ်လိုက်ခွဲ၍ မြန်မာနယ်စပ်သို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ပြီးခဲ့သည့် အောက်တိုဘာ ၅ ရက်ကလည်း ချုံဖွန်မြို့မရဲစခန်းရှိ အချုပ်ခန်းထဲမှ လူကုန်ကူးခံခဲ့ရသူ ရှစ်ဦးကို ကော့သောင်း လူကုန်တားတပ်ဖွဲ့ စိတ်ထံသို့လွှဲပြောင်းပေးအပ်ခဲ့ပြီး ယခု ရှစ်ဦးပို့ဆောင်ခြင်းမှာ နောက်ဆုံးအသုတ်ဖြစ်ကြောင်း သိရသည်။

လူကုန်ကူးခံကြရသူများအား ချုံဖွန်မြို့မရဲစခန်းမှ တာဝန်ရှိသူများက အပြင်ကိုထုတ်၍ ပန်းရန်လုပ်ခိုင်းခြင်း၊ ရဲအရာရှိ အမျိုးသမီးတစ်ဦးပိုင်ဆိုင်သည့် ရေသန့်စက်ရုံသို့ခေါ်ယူ၍ အခကြေးငွေ တစ်ပြားတစ်ချပ်မှ မပေးဘဲ အလုပ်လုပ်ခိုင်းစေခြင်းတို့ကို နှစ်လခန့်ပြုလုပ်ခဲ့ကြောင်းဖြင့် ဗန်ကောက်အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့က ပြောသည်။ ထို့အတွက်ကြောင့် MAT အဖွဲ့ဒါရိုက်တာ ဦးကျော်သောင်းက အထောက်အထားများကို မြန်မာနိုင်ငံရှိ နေပြည်တော် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်ထွန်းထံသို့ တင်ပြခဲ့ပြီး ရဲမှူးချုပ်၏ ဆက်လက်ဆောင်ရွက်ပေးမှုကြောင့် အဆိုပါ အလုပ်သမားများမှာ စက်တင်ဘာလဆန်းကတည်းကစ၍ အပြင်ထွက်အလုပ်လုပ်ရခြင်း လုံးဝရပ်နားခဲ့ရကြောင်း သိရသည်။

ကော့သောင်း လူကုန်တားသို့ အောက်တိုဘာ ၂၂ ရက်က လွှဲပြောင်းခံခဲ့ရသူဖြစ်သော ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အထက်ဝိုင်းပတ်ရွာမှ မစမ်းသော်တာက "ထိုင်းနိုင်ငံအချုပ်မှာတုန်းက သမီးတို့ဆီကို အန်ကယ် ဦးကျော်သောင်းတို့ လာခဲ့ကြပါတယ်။ သမီးတို့ ဖုန်းဘတ်ငါးရာတန်တစ်လုံး စုဝယ်ကြတယ်။ ဖုန်းကို လုံခြုံတဲ့နေရာတစ်ခုမှာ သမီးတို့ဝှက်ထားတယ်။ သမီးတို့အခြေအနေတွေကို ဦးကျော်သောင်းကို အမြဲသတင်းပို့ပေးတယ်။ သမီးတို့ကို ကူညီပေးကြတာကို အထူးကျေးဇူးတင်ပါတယ်။ မုန့်ဖိုးပေးပို့တဲ့ သံအမတ်ကြီးကိုလည်း ကျေးဇူးတင်ကြောင်း ပြောပေးပါ။ သမီးတို့ ခုမြန်မာပြည်ပြန်လို့ရပါပြီ"ဟု ဝမ်းမြောက်စွာဖြင့် ပြောသည်။

**စိုးဝင်း(SP)**

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများဖွင့်

**ထားဝယ် အောက်တိုဘာ ၂၆**

သရက်ချောင်းမြို့နယ် ပြင်ဖြူကြီးကျေးရွာ၌ အောက်တိုဘာလ တတိယပတ်က အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာပေးသင်တန်းဖွင့်လှစ်လျက်ရှိပြီး သင်တန်းများ ဆက်လက်ဖွင့်လှစ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်း ထားဝယ်မြို့နယ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၁၄ သန်း၊ ရေဖြူမြို့နယ်တွင် ငွေကျပ် ၁၃ သန်း၊ လောင်းလုံးမြို့နယ်တွင် ငွေကျပ် ၁၃ သန်း၊ သရက်ချောင်းမြို့နယ်တွင် ငွေကျပ် ကိုးသန်း စုစုပေါင်း ငွေကျပ် ၄၉ သန်း ခွင့်ပြုခဲ့သည်။

ထားဝယ်မြို့နယ်၊ ရေဖြူမြို့နယ်၊ လောင်းလုံးမြို့နယ်နှင့် သရက်ချောင်းမြို့နယ်တို့တွင် စုစုပေါင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာပေးသင်တန်းကျောင်း ၁၂ ကြိမ်၊ သင်တန်းသား ၆၆၄ ဦး၊ လက်သမား၊ ပန်းရန်သင်တန်း လေးကြိမ်၊ သင်တန်းသား ၂၄၀ ၊ သံချည်သံကွေးသင်တန်း တစ်ကြိမ်၊ သင်တန်းသား ၂၀၊ အပ်ချုပ်စက်သင်တန်း တစ်ကြိမ် သင်တန်းသား ၁၅ ဦးတို့ကို ကျေးရွာ ၁၈ ရွာတွင် သင်ကြားပေးပြီးဖြစ်သည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

# ရမ်ဆာရေတိမ်ဒေသ မိုးယွန်းကြီး

မောင်သာ
(ရှေးဟောင်းသုတေသန)

ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုဖောက်ပြန်မှု၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှု၊ သဘာဝဘေးအန္တရာယ် ကျရောက်မှုများ တိုးတက်များပြားလာမှုစသဖြင့် မျက်မှောက်ခေတ်လူသားများ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများသည် လူသားများအပါအဝင် သက်ရှိများနှင့် သဘာဝပတ်ဝန်းကျင်တို့၏ သဟဇာတဖြစ်နေသည့် ဂေဟစနစ်ကို ခြိမ်းခြောက်လျက်ရှိရာ ဂေဟစနစ်များ ပျက်စီးမှုလျော့ပါးစေရန် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှဆောင်ရွက်နေကြရသည်။




ကမ္ဘာ့နိုင်ငံအသီးသီးရှိ ရေတိမ်ဒေသများကို ထိန်းသိမ်းစောင့်ရှောက်မှုများ ပြုလုပ်နိုင်ရန် ၁၉၇၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်နေ့တွင် အီရန်နိုင်ငံ ရမ်ဆာမြို့၌ ကမ္ဘာ့ရေတိမ်ဒေသများဆိုင်ရာ ကွန်ဗင်းရှင်းကို ပထမဆုံးအကြိမ်ကျင်းပခဲ့ပြီး ယင်းနေ့ကို ကမ္ဘာ့ရေတိမ်ဒေသများနေ့အဖြစ် သတ်မှတ်၍ နိုင်ငံတကာတွင် နှစ်စဉ် ဖေဖော်ဝါရီ ၂ ရက်နေ့တိုင်း ကမ္ဘာ့ရေတိမ်ဒေသများနေ့ကို ကျင်းပလေ့ရှိသည်။ ယခုအခါ နိုင်ငံတကာ ရေတိမ်ဒေသထိန်းသိမ်းရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် ရမ်ဆာကွန်ဗင်းရှင်း(Ramsar Convention) တွင် ကမ္ဘာတစ်ဝန်းမှ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၆၉ နိုင်ငံရှိနေပြီး မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ် မတ်လ ၁၇ ရက်တွင် ရမ်ဆာ ရေတိမ်ဒေသထိန်းသိမ်းရေး ကွန်ဗင်းရှင်းအဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးခဲ့သည်။

ရမ်ဆာ ကွန်ဗင်းရှင်းသည် ရေတိမ်ဒေသများကို ထိန်းသိမ်းရေး၊ ယင်းဒေသများအား စဉ်ဆက်မပြတ် အသုံးချနိုင်ရေး၊ ရေတိမ်ဒေသများ၏ အခြေခံဂေဟစနစ်နှင့် ယင်းတို့၏ စီးပွားရေး၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့် အပန်းဖြေမှုဆိုင်ရာ တန်ဖိုးများကို အသိအမှတ်ပြုရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်ဖြစ်သည်။

၂၀၀၄ ခုနှစ်တွင် ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းလေ့လာချက်များအရ မြန်မာနိုင်ငံတွင် အရေးပါသည့် ရေတိမ်ဒေသ ၉၉ ခုကို မှတ်တမ်းတင်နိုင်ခဲ့ရာ ဧရာဝတီနှင့် ချင်းတွင်းမြစ်ဝှမ်း ဒေသတွင် ၈၅ ခု၊ သံလွင်မြစ်ဝှမ်းဒေသတွင် ခြောက်ခု၊ စစ်တောင်းမြစ်ဝှမ်းဒေသတွင် ငါးခုနှင့် ရခိုင်ကမ်းရိုးတန်းဒေသတွင် သုံးခုရှိသည်ဟု သိရှိရသည်။ ယင်းတို့ကို ပင်လယ်ကမ်းခြေဒေသများဆိုင်ရာ ရေတိမ်ဒေသများ၊ အင်းအိုင်နှင့် ရေကန်များဆိုင်ရာ ရေတိမ်ဒေသများ၊ နွံနစ် သစ်ဆွေးဒေသများဆိုင်ရာ ရေတိမ်ဒေသများ၊ စိမ့်တောစိမ့်မြေများဆိုင်ရာ ရေတိမ်ဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသဆိုင်ရာ ရေတိမ်ဒေသများဟူ၍ ခွဲခြားသတ်မှတ်ထားသည်။

မြန်မာနိုင်ငံတွင် အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၊ အင်းလေး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ဝက်သည်းကန် ငှက်ဘေးမဲ့တော၊ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ လှော်ကားသဘာဝ ဥယျာဉ်၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ သမီးလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မော့စကော့ကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် လန်ပိ အဏ္ဏဝါအမျိုးသားဥယျာဉ်တို့သည် ထင်ရှားသော ရေတိမ်ဒေသများဖြစ်ကြသည်။

ယင်းတို့အနက် မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် ရမ်ဆာကွန်ဗင်းရှင်းက အသိအမှတ်ပြုထားသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ရမ်ဆာရေတိမ်ဒေသ ဖြစ်သည်။ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၁၉၈၆ ခုနှစ်တွင် ထူထောင်ခဲ့ပြီး ၁၉၈၈ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် မိုးယွန်းကြီးဘေးမဲ့တောအဖြစ် တရားဝင်ကြေညာခဲ့သည်။

ရမ်ဆာရေတိမ်ဒေသတစ်ခုအဖြစ် သတ်မှတ်နိုင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရိစ္ဆာန် ထိန်းသိမ်းရေးဌာနက အဆိုပြုရေတိမ်ဒေသအမည်ကို ရမ်ဆာကွန်ဗင်းရှင်းသို့ တင်ပြရသည်။ ရမ်ဆာကွန်ဗင်းရှင်းက ရမ်ဆာရေတိမ်ဒေသတစ်ခုအဖြစ် သတ်မှတ်နိုင်ရန် စံနှုန်းကိုးချက်ဖြင့် ချိန်ထိုးစိစစ်ပြီး အနည်းဆုံးစံနှုန်းတစ်ချက်နှင့် ကိုက်ညီသောဒေသကို ရမ်ဆာရေတိမ်ဒေသအဖြစ် အသိအမှတ်ပြုပေးသည်။

ရမ်ဆာရေတိမ်ဒေသအဖြစ် သတ်မှတ်ရန် စံနှုန်းကိုးချက်ရှိရာ မိုးယွန်းကြီးသည် ထိခိုက်ပျက်စီးလွယ်သော၊ မျိုးသုဉ်းရန်အန္တရာယ်ရှိသော သို့မဟုတ် မျိုးသုဉ်းလုနီးပါးဖြစ်နေသော မျိုးစိတ်များနှင့် ခြိမ်းခြောက်ခြင်းခံနေရသော ဂေဟအဖွဲ့အစည်းများ ရှိနေခြင်း၊ ရေပျော်ငှက်ပေါင်း ၂၀၀၀၀ နှင့်အထက် ပုံမှန်ကျက်စားနေနိုင်ခြင်း၊ ရေပျော်ငှက်မျိုးစိတ်တစ်ခု သို့မဟုတ် မျိုးစိတ်ခွဲ တစ်ခုချင်းစီ၏ အကောင်ရေပေါင်း တစ်ရာခိုင်နှုန်းကို ပုံမှန်ထောက်ပံ့နိုင်ခြင်းစသည့် စံနှုန်းများနှင့် ကိုက်ညီနေသည်။

ရမ်ဆာရေတိမ်ဒေသအဖြစ် သတ်မှတ်ခံရသောဒေသများသည် နိုင်ငံတကာ အာရုံစိုက်မှုများ ရရှိလေ့ရှိပြီး ရေတိမ်ဒေသထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း ထိရောက်စွာ လုပ်ဆောင်လာနိုင်ကြသည်။ ယနေ့ ကမ္ဘာ့နေရာအနှံ့တွင် ကြုံတွေ့နေကြရသည့် ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ခြင်းများကို ထိရောက်စွာလျှော့ချနိုင်ရန် ရေတိမ်ဒေသများအား စနစ်တကျထိန်းသိမ်းကာကွယ်ကြရန် လိုအပ်သည်။ ရေတိမ်ဒေသများတွင် ဇီဝမျိုးစုံ မျိုးကွဲများ၊ ရေပျော်ငှက်များ၊ ဆောင်းခိုငှက်များ လာရောက်ကျက်စားလေ့ရှိသဖြင့် ထိန်းသိမ်းစောင့်ရှောက်ရမည့် သဘာဝဝန်းကျင်များ ဖြစ်ပေသည်။

ရမ်ဆာကွန်ဗင်းရှင်းက မိုးယွန်းကြီးအင်းကို ရမ်ဆာရေတိမ်ဒေသ(Ramsar Site)အဖြစ် ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် အသိအမှတ်ပြုခဲ့သည်။ မိုးယွန်းကြီးအင်းတွင် ရေတိမ်ဒေသ ဌာနေရေပျော်ငှက်များ အမြဲကျက်စားလေ့ရှိပြီး နှစ်စဉ် ဆောင်းခိုငှက်များလည်း လာရောက်နားခိုလေ့ရှိသည်။ ပြည်တွင်းပြည်ပမှ ငှက်စိတ်ဝင်စားသူများသည် ငှက်များကိုကြည့်ရှုနိုင်ရန် မိုးယွန်းကြီးသို့ လာရောက်လေ့ရှိကြသည်။

မိုးယွန်းကြီးအင်းသည် ရန်ကုန်မြို့မှ မိုင် ၇၀၊ နေပြည်တော်မှ မိုင် ၁၈၀ နှင့် မန္တလေးမှ မိုင် ၃၃၀ ကွာဝေးသည်။ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်များတွင် တည်ရှိကာ ၄၀ စတုရန်းမိုင်ခန့် ကျယ်ဝန်းသည်။ မြေပုံအညွှန်းအရ မိုးယွန်းကြီး၏တည်နေရာသည် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၄ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၅ မိနစ်ဖြစ်သည်။ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့များမှ မီးရထား၊ မော်တော်ကားတို့ဖြင့် မိုးယွန်းကြီးသို့ လာရောက်နိုင်သည်။

မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို (၁)ဌာနေရေပျော်ငှက်များ၊ ရွှေ့ပြောင်းရေပျော်ငှက်များနှင့် ယင်းငှက်များ၏သဘာဝကို လေ့လာရန် (၂)နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ဌာနေနှင့် ရွှေ့ပြောင်းရေပျော်ငှက်များကို သိပ္ပံနည်းကျ သုတေသနပြုလုပ်ရန် (၃) ရေတိမ်ဒေသ ဂေဟစနစ်၏ အရေးပါမှုကို ပြည်သူလူထုအား ကျယ်ပြန့်စွာ အသိပညာပေးသည့်အစီအစဉ်များ ဆောင်ရွက်ရန်နှင့် ရေတိမ်ဒေသ ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများပါဝင်ဆောင်ရွက်နိုင်ရန် ဟူသည့် ရည်ရွယ်ချက်များဖြင့် တည်ထောင်ခဲ့သည်။

**ရမ်ဆာရေတိမ်ဒေသအဖြစ် သတ်မှတ်ရန် စံနှုန်းကိုးချက်ရှိရာ မိုးယွန်းကြီးသည် ထိခိုက်ပျက်စီးလွယ်သော၊ မျိုးသုဉ်းရန်အန္တရာယ်ရှိသော သို့မဟုတ် မျိုးသုဉ်းလုနီးပါးဖြစ်နေသော မျိုးစိတ်များနှင့် ခြိမ်းခြောက်ခြင်းခံနေရသော ဂေဟအဖွဲ့အစည်းများ ရှိနေခြင်း၊ ရေပျော်ငှက်ပေါင်း ၂၀၀၀၀ နှင့်အထက် ပုံမှန်ကျက်စားနေနိုင်ခြင်း၊ ရေပျော်ငှက်မျိုးစိတ်တစ်ခု သို့မဟုတ် မျိုးစိတ်ခွဲ တစ်ခုချင်းစီ၏ အကောင်ရေပေါင်း တစ်ရာခိုင်နှုန်းကို ပုံမှန်ထောက်ပံ့နိုင်ခြင်းစသည့် စံနှုန်းများနှင့် ကိုက်ညီနေသည်။ ရမ်ဆာရေတိမ်ဒေသအဖြစ် သတ်မှတ်ခံရသော ဒေသများသည် နိုင်ငံတကာ အာရုံစိုက်မှုများ ရရှိလေ့ရှိပြီး ရေတိမ်ဒေသ ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း ထိရောက်စွာ လုပ်ဆောင်လာနိုင်ကြသည်. . .**

မိုးယွန်းကြီးအင်းကို ၁၈၇၈ ခုနှစ်တွင် ပဲခူးစစ်တောင်းတူးမြောင်းအတွင်း ရေလျှော့နည်းသည့် နွေရာသီတွင် သစ်ဖောင်များမျှောနိုင်ရန် မိုးယွန်းကြီးရေလှောင်တမံအဖြစ် တည်ဆောက်ခဲ့သည်။ နှစ်ကာလကြာသောအခါ ရေလှောင်တမံမှ သဘာဝအင်းကြီးတစ်ခုအဖြစ်သို့ ပြောင်းလဲသွားခဲ့ကာ ၄၀ စတုရန်းမိုင်အထိ ကျယ်ဝန်းလာခဲ့သည်။ နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့မြောက်ဘက်ခြမ်းမှ အရေအတွက် သန်းနှင့်ချီသော ငှက်များသည် ကမ္ဘာ့တောင်ဘက်ခြမ်း အရှေ့အာရှနှင့် ဩစတြေးလျနိုင်ငံများဆီသို့ ဆောင်းခိုရန် ပျံသန်းလာလေ့ရှိသည်။ ထိုသို့ ပျံသန်းကြသည့် ဆောင်းခိုငှက်များသည် အာရှဒေသနိုင်ငံများတွင် ခရီးတစ်ထောက် နားလေ့ရှိရာ ဆောင်းခိုငှက်များ နားခိုလေ့ရှိသည့်နေရာများတွင် မိုးယွန်းကြီးအင်းသည်လည်း တစ်နေရာအပါအဝင်ဖြစ်သည်။






ထို့ကြောင့် မိုးယွန်းကြီးအင်းတွင် ငှက်များကြည့်ရှုရန် အကောင်းဆုံးအချိန်သည် ငှက်များဆောင်းခိုလေ့ရှိသည့် နိုဝင်ဘာလမှ မတ်လအတွင်းဖြစ်သည်။ ထိုအချိန်များတွင် ဆောင်းခိုငှက်များကို အများဆုံးမြင်တွေ့နိုင်ကြသည်။ ကျန်အချိန်များတွင် ဌာနေငှက်များနှင့် ရာသီအလိုက် ရွှေ့ပြောင်းနေထိုင်ကြသည့်ငှက်များကို မြင်တွေ့ကြရပေသည်။ နှစ်စဉ် ထိုလများတွင် မိုးယွန်းကြီးသို့ ပြည်တွင်းပြည်ပမှ ခရီးသည်အများအပြား လာရောက်လေ့ရှိကြသည်။

မိုးယွန်းကြီးအင်းတွင် ရွှေ့ပြောင်းငှက်မျိုးစိတ် ၇၀ အပါအဝင် ငှက်မျိုးစိတ်ပေါင်း ၁၂၅ မျိုးနေထိုင်ကျက်စားလျက်ရှိကြောင်း မှတ်တမ်းတင်ထားသည်။ စစ်စလီ၊ ဒင်ကျီး၊ မယ်ညို စသည့် ဌာနေရေပျော်ငှက် မျိုးစိတ် ၅၃ မျိုး၊ ကုန်းတွင်းပိုင်းတွင် ကျက်စားလေ့ရှိသည့် ချိုးလည်ပြောက်၊ လင်ကောင်ပိုး၊ ဇီးကွက်အစရှိသော ငှက်မျိုးစိတ်များ၊ ရွှေ့ပြောင်းငှက်များဖြစ်ကြသည့် ဗျိုင်း၊ စင်ရော်၊ ခရုစုပ်နှင့် တောဝမ်းဘဲအစရှိသည့် ငှက်မျိုးစိတ် ၃၅ မျိုးတို့သည် မိုးယွန်းကြီးအင်းတွင် ကျက်စားလျက်ရှိသည်။

ယင်းတို့အပြင် လိပ်ပြာမျိုးစိတ် ၃၃ မျိုး၊ ကုန်းနေရေနေ တွားသွားသတ္တဝါမျိုးစိတ် ၂၇ မျိုး၊ လိပ်မျိုးစိတ် နှစ်မျိုး၊ ငါးရံ့၊ ငါးစင်ရိုင်း၊ ငါးဖယ်၊ ငါးပတ်၊ ငါးခူ၊ ငါးရှဉ့်အစရှိသည့် ငါးမျိုးစိတ် ၄၁ မျိုးလည်း မိုးယွန်းကြီးတွင် နေထိုင်ကျက်စားကြသည်။ မိုးယွန်းကြီးအင်းအတွင်း ငါးမျိုးစိတ်များ မျိုးမတုံးစေရန်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေရန် ယခုအခါတွင် မိုးယွန်းကြီးအင်းအတွင်း ငါးဖမ်းခြင်းလုပ်ငန်းများကို တားမြစ်ထားကြောင်း သိရှိရသည်။ မိုးယွန်းကြီးအင်းတွင် ငှက်ကောင်ရေ ၂၀၀၀၀ ကျော် နားခိုနေထိုင်လျက်ရှိနေပေသည်။

မိုးယွန်းကြီးအင်းအတွင်း၌ ကြာဖြူ၊ ကြာနီ၊ ပဒုမ္မာကြာ၊ ကညွတ်၊ ဒရင်ကောက်၊ ရေကန်စွန်း၊ ကြိတ်မှန်စသည့် အပင်မျိုးစိတ် ပေါင်း ၇၅ မျိုးလည်း ပေါက်ရောက်နေသည်။

မိုးယွန်းကြီးအင်းသည် ရေတိမ်ဒေသဟူသည့်အတိုင်း ရေအနက်သည် အချို့နေရာတွင် တစ်ပေခန့်သာရှိသည်။ အချို့နေရာများတွင် သုံးပေခန့်နက်သည်။ မိုးယွန်းကြီးအင်းအတွင်း စက်လှေဖြင့် လှည့်လည်ကြည့်ရှုနိုင်ပြီး ငှက်ကြည့်စင်ပေါ်မှလည်း ငှက်များကို ကြည့်ရှုနိုင်ပေသည်။

မိုးယွန်းကြီးအင်းသို့လာရောက်ကာ ရန်ကုန်မြို့အနီးဝန်းကျင်မှ သဘာဝရှုခင်းများကို ကြည့်ရှုခံစားနိုင်ကြသကဲ့သို့ ဌာနေနှင့်ရွှေ့ပြောင်းငှက်များကို ကြည့်ရှုနိုင်ကြသည်။ ရေတိမ်ဒေသ ဂေဟစနစ်နှင့် ငှက်များ၏ သဘာဝများကိုလည်း သုတေသနပြုနိုင်ကြသည်။ မိုးယွန်းကြီးအင်း ရေတိမ်ဒေသဝန်းကျင်ကို စက်လှေဖြင့် လည်ပတ်လေ့လာနိုင်သည်။ လူငါးဦးမှ ၁၀ ဦးအထိ နားခိုနိုင်သည့် ဧည့်ဆောင်များကိုလည်း စီစဉ်ပေးထားသည်။ အခန်းနှစ်ခန်းပါဝင်သည့် သင်္ဘောပုံစံ သစ်သားအိမ်ကိုးလုံးကိုလည်း တည်ဆောက်ထားသည်။ ရေတိမ်ဒေသဆိုင်ရာ ပြခန်းတစ်ခုကိုလည်း ဖွင့်လှစ်ပြသထားပြီး ယင်းပြခန်းတွင် ရေတိမ်ဒေသများဆိုင်ရာ ဗဟုသုတများကို လေ့လာနိုင်ကြသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆောင်ရွက်ကြသူများ၊ သုတေသနပြုလိုကြသူများ၊ ပညာရှင်များ၊ လေ့လာသူများ၊ ကျောင်းသားကျောင်းသူများနှင့် အပန်းဖြေ လာရောက်လည်ပတ်ကြည့်ရှုလိုကြသူများကို ရေတိမ်ဒေသ မိုးယွန်းကြီးအင်းက လှပအေးချမ်းစွာ ကြိုဆိုလျက်ရှိနေပေသည်။

# မြန်မာ့လက်မှုပညာ စက္ကူမီးပုံးများနှင့်အရုပ်များ ဈေးကွက်ပျောက်ဆုံးလာ

သီတင်းကျွတ်နီးလာသည်နှင့်အမျှ တားမြစ်ထားသည့် ကြားမှပင် ပြောက်အိုးဖောက်သံများကို ဟိုနေရာ၊ ဒီနေရာတို့မှ ဖြိုးဖြိုးဖျောက်ဖျောက် ကြားလာနေရသည်။ နိုင်ငံခြားဖြစ် မီးလုံးတွဲများ၊ အလှဆင်မီးရောင်စုံအလှများကို ကြိုတင်ဝယ်ယူသူတို့ဖြင့် လျှပ်စစ်ပစ္စည်းအရောင်းဆိုင်များတွင် စည်ကားလျက်ရှိသည်။ တစ်ဖန် ကလေးများအကြိုက် ဓာတ်ခဲဖြင့်မီးလင်းသော တရုတ်နိုင်ငံလုပ် လက်တွန်းအရုပ်မျိုးစုံကိုလည်း ခါတော်မီအရောင်းဆိုင်များတွင် တွေ့မြင်လာရသည်။

သို့သော် စာရေးသူတို့ ငယ်ငယ်က မိဘများက ဝယ်ပေးခဲ့ဖူးသော မြန်မာ့လက်မှုပညာ ဝါးနှင့် ဆီစိမ်စက္ကူဖြင့် ပြုလုပ်ပြီး ဖယောင်းတိုင်တိုကိုထည့်၍ မီးထွန်းပြီး တွန်းရသော အရုပ်မျိုးစုံတို့မှာ တစ်စ၊ တစ်စပျောက်ကွယ်သွားပြီကို ဝမ်းနည်းဖွယ်တွေ့မြင်လာရသည်။ ထို့အပြင် မြန်မာ့မီးပုံးများရောင်းသည့်ဈေးကွက်မှာလည်း ပျောက်ကွယ်သွားပြီ ဖြစ်သည်။

လွန်ခဲ့သော နှစ် ၅၀ ခန့်က ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်တွင် မြန်မာ့လက်မှုပညာဖြင့် ပြုလုပ်သော ဆီစိမ်မီးပုံးများ၊ ကလေးများအကြိုက် ဆီစိမ်လက်တွန်းအရုပ်လေးများကို တစ်ရပ်ကွက်လုံးနီးပါး လုပ်ကိုင်ခဲ့ကြသည်။ ဝါးဖြင့်ပုံထုတ်ပုံချိုးသူ၊ လက်ခစားဆီစိပ်စက္ကူကပ်သူတို့ဖြင့် စီးပွားရေးအခွင့်အလမ်းများ အလွန်ကောင်းခဲ့ကြသည်။



ဘီလူးမျက်ကွင်းမီးပုံးများ ဆီစိမ်ရောင်စုံစက္ကူကပ်နေကြစဉ်။

ရောင်းအားကောင်းခဲ့သည့်အတွက် ဝါဝင်စမှပင် မီးပုံးနှင့် အရုပ်များပြုလုပ်ရန် ဝါးဝယ်၊ ဖြတ်တောက်၊ နှီးဖြာ၊ ပုံစံချိုးကြရသည်။ အမျိုးအမည်စုံလင်မှုမှာလည်း မီးပုံးများပြုလုပ်ရာတွင် ဗုံရှည်၊ ဘီလူးမျက်ကွင်း၊ အန်စာတုံး၊ ကြယ်၊ ရွှေဖရုံသီး၊ ဗန်ဒါ၊ ကြာ၊ တရုတ်မီးပုံး စသည်ဖြင့် ပုံဖော်ပြုလုပ်ကြသည်။ သီးသန့်ပုံစံမှာယူသူတို့အတွက်လည်း ပုံစံသစ်များဖြင့် ပြုလုပ်ပေးကြသည်။ ကလေးများအတွက် ယုန်၊ ဂျိုကာ၊ ငှက်၊ ကြက်၊ ဟယ်လီကော်ပတာ၊ လေယာဉ်ပျံ၊ မော်တော်ကား စသည့် လက်တွန်းအရုပ်မျိုးစုံကို ပြုလုပ်ကြသည်။ နောက်ပိုင်း၌ လက်တွန်းအရုပ်များတွင် အသံမြည်စေသော ကိရိယာလေးများထည့်ပေးလာသည့်အတွက် ကလေးများက ပိုမိုနှစ်သက်လာကြသည်။

ဈေးကွက်အနေဖြင့် အလွန်ကျယ်ပြန့်ခဲ့ပြီး ရန်ကုန်မြို့တွင်သာမက နယ်များသို့ပင် ပို့ပေးရသည်။ အထူးသဖြင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးရှိ မြို့များသို့ပင် ကားများ၊ သင်္ဘောများဖြင့် ပို့ပေးရသည်။

သီတင်းမကျွတ်မီ တစ်လခန့်အလိုကပင် ရပ်ကွက်ဟိုဘက်ထိပ်မှ သည်ဘက်ထိပ်အထိ အောက်ကြည့်မြင်တိုင်လမ်း(ပန်းတဥ်းတန်းလမ်း)တစ်လျှောက် မီးပုံးနှင့်အရုပ်အရောင်းဈေးတန်းကြီးဖွင့်ခဲ့သည်။ သီတင်းကျွတ်လပြည့်နေ့မတိုင်မီ တစ်လအလိုခန့်ကပင် စည်ကားနေခဲ့သည်။ ဘုရားထီးတော်လုပ်သော လုပ်ငန်းရှင်ကြီးများပင် ထိုကာလ၌ မီးပုံးနှင့် အရုပ်များကို အိမ်ရှေ့တွင် ချိတ်ဆွဲ၍ ရောင်းကြသည်။

သို့သော် အထက်ကဆိုသကဲ့သို့ နိုင်ငံခြားမီးတွဲများ၊ မီးထွန်းနိုင်ငံခြားလက်တွန်းအရုပ်များ ပေါ်လာသည်နှင့်အမျှ မြန်မာလက်မှုမီးပုံးနှင့် အရုပ်လေးများ တစ်စတစ်စမှေးမှိန်လာခဲ့သည်။ ရောင်းအားများ ကျဆင်းလာခဲ့သည်။ ယခုနောက်ဆုံးတွင်မူ ဈေးကွက်ပျောက်ဆုံးသွားပြီ ဖြစ်သည်။ တစ်ဆိုင်နှစ်ဆိုင်မျှသာ အလွမ်းပြေကြည့်ရန် ရှိနေတော့သည်ကို တွေ့ရသည်။

ယခုနှစ်တိုင် မီးပုံးများပြုလုပ်နေသူ ဦးဖြူလေးက "အရင်ကလို ကျွန်တော်တို့ အောက်ကြည့်မြင်တိုင်လမ်းမကြီး(ပန်းတဥ်းတန်းလမ်းမကြီး)ပေါ်မှာ ရောင်းချတဲ့ မီးပုံးနဲ့ အရုပ်အရောင်းပွဲတော်ကြီးက ပျောက်သွားခဲ့ပါပြီ။ အခုကျွန်တော်လုပ်နေတာက ကုမ္ပဏီနဲ့ အရောင်းစင်တာ စူပါမားကတ်တွေက အော်ဒါမှာတာတွေပါ။ နိုင်ငံခြားနဲ့ ဆက်စပ်နေတဲ့ ကုမ္ပဏီတွေက မြန်မာမှုလက်ရာ မီးပုံးတွေကို ပိုနှစ်သက်ကြတယ်။ နှစ်တိုင်းလည်းမှာကြတယ်။ တစ်နှစ်နဲ့တစ်နှစ် မတူအောင် ပုံစံပြပြီးမှာကြတယ်။ ကျွန်တော်တို့ကလည်း လိုက်လုပ်ပေးနိုင်လို့ အခုအထိ မြန်မာ့လက်ရာမီးပုံးတွေက ဈေးကွက်ပျောက်ပေမယ့် ဆက်လက်ရှင်သန်နေတုန်းပါပဲ"ဟု ဆိုပါသည်။

**သတင်းဆောင်းပါး-တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ-ကိုကြီးတင်**

## ငှက်ဖျားတိုက်ဖျက်ရေးအတွက် စေတနာ့ဝန်ထမ်းကျန်းမာရေးလုပ်သားများဖြင့် ဆောင်ရွက်မည်

**တနသ်ာရီ အောက်တိုဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီးတနင်္သာရီမြို့နယ်အတွင်း ငှက်ဖျားရောဂါ ကာကွယ်တိုက်ဖျက်ရေး အတွက် စေတနာ့ဝန်ထမ်း ကျန်းမာရေး လုပ်သားများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနှင့် ကျန်းမာရေးလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာအောင် စည်းရုံးရေး၊ ငှက်ဖျားကာကွယ်ရေးအတွက် ခြင်ထောင်ဆေးစိမ်သုံးစွဲမှုများလာစေရေး၊ ငှက်ဖျားရောဂါရှိမရှိ စောစီးစွာစမ်းသပ်ဖော်ထုတ်၍ ငှက်ဖျားလူနာများ စာရင်းပြုစုရေးနှင့် ကျန်းမာရေးဌာနသို့ အမြန်ဆုံး ဆက်သွယ်ပေးရေး စသည်တို့ကို စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများက ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။



စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားသင်တန်း ပို့ချနေစဉ်။

ငှက်ဖျားရောဂါ ကာကွယ်တိုက်ဖျက်ရေးအတွက် ကျေးရွာတစ်ရွာချင်းစီမှကိုယ်စားပြု စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများအား လေ့ကျင့်သင်ကြားပေးသည့် အမျိုးသားငှက်ဖျားတိုက်ဖျက်ရေး စီမံချက်သင်တန်းကိုလည်းဖွင့်လှစ်ခဲ့ပြီး သင်တန်းပြီးစီးသည့်အခမ်းအနားကို တနင်္သာရီမြို့နယ်တိုးချဲ့ဆေးရုံခန်းမ၌ အောက်တိုဘာ ၂၄ ရက်က ကျင်းပခဲ့သည်။

သင်တန်းတွင် ငှက်ဖျားရောဂါပိုးရှိ မရှိကို စမ်းသပ်ကိရိယာဖြင့် ရှာဖွေဖော်ထုတ်ပြီး ထိရောက်မှန်ကန်သော ကုသမှုပေးနိုင်ရန်၊ ရောဂါပိုးသယ်ဆောင်သော ပိုးမွှားများမှတစ်ဆင့် ကူးစက်တတ်သော နည်းလမ်းများ စသည်တို့ကို ရောဂါပိုးနှိမ်နင်းရေးအဖွဲ့က တာဝန်ယူသင်ကြားပေးခဲ့ကြောင်း၊ အဆိုပါစေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများမှတစ်ဆင့် ငှက်ဖျားရောဂါ ကာကွယ်တိုက်ဖျက်ရေး မျှော်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သင်တန်း၌ မြို့နယ်အတွင်း ကျေးရွာအသီးသီးမှ ကိုယ်စားပြု စေတနာ့ဝန်ထမ်း ကျန်းမာရေး လုပ်သား ၂၅ ဦးနှင့် လေ့လာသူ ရှစ်ဦးတို့ကို သင်ကြားပေးခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



## အလယ်တန်း ဆရာ ဆရာမများ အရည်အသွေးမြှင့်တင်ရေး ဘာသာရပ်ဆွေးနွေးပွဲသင်တန်းဖွင့်

**တာချီလိတ် အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ဆရာ ဆရာမများ၏ အရည်အသွေးမြှင့်တင်နိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ ခုနှစ် ပညာသင်နှစ် ဘာသာရပ်ဆွေးနွေးပွဲသင်တန်းကို တာချီလိတ် အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ အောက်တိုဘာ ၂၅ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးစိန်ထွန်းလှက အလယ်တန်းအဆင့် ဆရာ ဆရာမများ အရည်အသွေးမြှင့်တင်ရေး ဘာသာရပ်ဆွေးနွေးပွဲကျင်းပခြင်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသင်တန်းသို့ တာချီလိတ်၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ မိုင်းဆတ်နှင့် မိုင်းတုံမြို့နယ်များမှ အလယ်တန်းပြ ဆရာ ဆရာမ ၅၇ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို အောက်တိုဘာ ၂၅ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## မဲရုံအဖွဲ့ဝင်များဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ နောက်ဆုံးအကြိမ် ထပ်ဆင့်ရှင်းလင်းဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၂၆**

မကြာမီရက်ပိုင်းအတွင်း ကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ဗိုလ်တထောင်မြို့နယ်အတွင်း မဲရုံများ၌ တာဝန်ထမ်းဆောင်မည့် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် မဲရုံဝန်ထမ်းများအား မဲရုံအဖွဲ့ဝင်များ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အောက်တိုဘာ ၂၅ ရက်က နောက်ဆုံးအကြိမ် ထပ်ဆင့်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ အခက်အခဲမရှိ လွတ်လပ်တရားမျှတစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ဗိုလ်တထောင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက သင်တန်းပို့ချထားသည့် မဲရုံမှူးနှင့် ဒုမဲရုံမှူးများက ဗိုလ်တထောင်မြို့နယ်အတွင်း ရပ်ကွက် ၁၀ ခုမှ မဲရုံ ၄၁ ရုံတွင် တာဝန်ထမ်းဆောင်မည့် မဲရုံအဖွဲ့ဝင် ၇၁၈ ဦးကို ဗိုလ်တထောင် အထက(၁)၊ အထက(၂) နှင့် အထက(၆) ကျောင်းများတွင် သုံးနေရာခွဲ၍ မဲရုံလုပ်ငန်းစဉ်များ ထပ်ဆင့်ရှင်းလင်းဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ဆွေးနွေးပွဲပြုလုပ်ရာနေရာများသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့်အဖွဲ့က လိုက်လံကြည့်ရှုခဲ့ပြီး လိုအပ်သည်များ မှာကြားဆွေးနွေးခဲ့သည်။

ဗိုလ်တထောင်မြို့နယ်အတွင်း မဲဆန္ဒပေးပိုင်ခွင့်ရှိသူပေါင်း ၃၁၈၂၅ ဦးရှိကြောင်းနှင့် ပုံစံ ၃(က)ဖြင့် ဆန္ဒမဲပေးရန် လျှောက်ထားသူပေါင်း ၄၃၀၀ ကျော်ရှိကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**



# ကားလမ်းမပေါ် အုပ်စုဖွဲ့ တောင်းရမ်းသည့် ကလေးငယ်များကြောင့် ယာဉ်အန္တရာယ်စိုးရိမ်ရ

**ရန်ကုန် အောက်တိုဘာ ၂၆**

မရမ်းကုန်းမြို့နယ် သမိုင်းဘူတာရုံ ခုံးကျော်တံတား ကားလမ်းပေါ်တွင် ဖြတ်သန်းသွားလာသော ယာဉ်များကြား၌ အုပ်စုဖွဲ့၍ ငွေတောင်းရမ်းနေသည့် ကလေးငယ်တစ်စုကြောင့် ယာဉ်အန္တရာယ်စိုးရိမ်နေရကြောင်း ယာဉ်မောင်းသူအချို့နှင့် အဆိုပါလမ်းပေါ်တွင် ဖြတ်သန်းသွားလာနေသည့် ခရီးသည်အချို့က ပြောသည်။

အဆိုပါ ကလေးငယ်အုပ်စုသည် သမိုင်းဘူတာရုံ ရထားခုံးကျော်တံတားဘေး ကားလမ်းပေါ် အနောက်မှအရှေ့သို့သွားသည့် ယာဉ်ကြောပေါ်ရှိ ကားတန်းများကြားတွင် ငွေတောင်းရမ်းနေသည်ကို အမြဲမြင်တွေ့ရကြောင်း၊ ကားလမ်းများပေါ်တွင် ယာဉ်တိုက်မှုများကြောင့် လမ်းဖြတ်ကူးသူများ သေဆုံးမှု မကြာခဏဖြစ်လေ့ရှိရာ ယခုကဲ့သို့ ကလေးငယ်အုပ်စုများ၊ သက်ကြီးရွယ်အိုများက ကားလမ်းမပေါ် လှည့်လည်တောင်းရမ်းနေခြင်းသည် တောင်းရမ်းသူသာမက ယာဉ်မောင်းများအတွက်ပါ အန္တရာယ်ဖြစ်စေနိုင်ကြောင်း သဃ်န်းကျွန်းမြို့နယ်မှ တက္ကစီမောင်းသူတစ်ဦးဖြစ်သည့် ကိုတင့်ဝေက ပြောသည်။ အဆိုပါနေရာတွင် ငွေတောင်းသည့် ကလေးငယ်အုပ်စုအပြင် အဘွားအိုတစ်ဦးမှာလည်း ယာဉ်များကြားလှည့်လည်၍ ငွေတောင်းရမ်းနေသည်ကို တွေ့မြင်ရသည်။



ရန်ကုန်မြို့လယ် လမ်းမတော်မြို့နယ် အနော်ရထာလမ်းမကြီးနှင့် ဘုန်းကြီးလမ်းထောင့် စံပြရုပ်ရှင်ရုံ အနီးတစ်ဝိုက် လမ်းမပေါ် ယာဉ်များကြားတွင်လည်း ညနေပိုင်းအချိန်များ၌ အုပ်ထိန်းသူမပါသော ကလေးငယ်အုပ်စုတစ်စု လှည့်လည်ငွေတောင်းရမ်းနေသည်ကို တွေ့ရကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ယာဉ်အန္တရာယ် ကင်းရှင်းရေးကို အလေးပေးဆောင်ရွက်နေချိန်တွင် ယာဉ်အန္တရာယ်ဖြစ်နိုင်ချေရှိသော အဆိုပါမြင်ကွင်းများကို တားဆီးပေးစေလိုကြောင်း လမ်းမတော်မြို့နယ်တွင် အလုပ်လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

**ခင်ဆိုင်**




# ကင်းထောက်လူငယ် သင်တန်းဆင်းပွဲ ကျင်းပ

**အင်းတော် အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကင်းထောက်လူငယ် သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၃ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်ဒုတိယပညာရေးမှူး ဦးကျော်လွင်နှင့် အထက အင်းတော်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်းတို့က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ဒုတိယပညာရေးမှူးနှင့် ကင်းထောက်လူငယ်သင်တန်း နည်းပြခေါင်းဆောင် ဦးခင်မောင်ဝင်းတို့က သင်တန်းတွင် ဆုရရှိကြသော သင်တန်းသူသင်တန်းသားများအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း တာဝန်ရှိသူများက ပေးအပ်ခဲ့ကြပြီး ကင်းထောက်လူငယ်သင်တန်းသားများက သီချင်းများသီဆို၍ အခမ်းအနားကို ရုတ်သိမ်းခဲ့သည်။

**ကျော်သီဟ**

# အကာမရှိသည့်ရေတွင်း၌ အမျိုးသမီးနှစ်ဦး ရေခပ်စဉ် သစ်သားပြားကျိုးကျပြီး ရေတွင်းထဲပြုတ်ကျရာ တစ်ဦးသေဆုံး

**နေပြည်တော် အောက်တိုဘာ ၂၆**

အောက်တိုဘာ ၂၄ ရက် ည ၆ နာရီက စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ် ပြည်သူ့ဆေးရုံသို့ ရေတွင်းထဲပြုတ်ကျပြီး ရေနစ်သေဆုံးသူ အမျိုးသမီးတစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ အရာတော်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ အရာတော်မြို့နယ် ငွေတွင်းကျေးရွာနေ မသီတာခိုင် (၂၀နှစ်) ဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မသီတာခိုင်သည် ညီမဖြစ်သူ မကဲကဲဝင်းနှင့်အတူ ယင်းနေ့ ညနေ ၅ နာရီခွဲက တစ်ရွာတည်းနေ ဦးတင်ဝင်း၏ နေအိမ်အနောက်ဘက် အကျယ် ခုနစ် ပေ၊ ငါးလက်မ၊ အနက် ၂၅ ပေ၊ ငါးလက်မ၊ ရေအနက် ခုနစ်ပေခန့်ရှိ ဘေးအကာအရံမရှိသည့် အများသုံးရေတွင်း၌ ခင်းထားသည့် သစ်သားပြားပေါ်နင်း၍ ရေခပ်နေစဉ် သစ်သားပြားကျိုးကျပြီး နှစ်ဦးစလုံး ရေတွင်းထဲပြုတ်ကျခဲ့ရာ မကဲကဲဝင်းမှာ ရေတွင်းထဲရှိ ရေပိုက်အားဆွဲကိုင်ထား၍ ရေနစ်ခြင်းမရှိဘဲ မသီတာခိုင်မှာ ရေထဲသို့ နစ်မြုပ်သွားခဲ့သဖြင့် အနီးရှိလူများက ဝိုင်းဝန်းဆယ်ယူပြီး အရာတော်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် လမ်း၌ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုရဲ**

# မြဝတီမြို့တွင် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးညှိနှိုင်းဆွေးနွေး

**မြဝတီ အောက်တိုဘာ ၂၆**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ်တွင် အထွေထွေ ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြဝတီခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီနှင့် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီများ၏ ညှိနှိုင်းဆွေးနွေးပွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၃ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြဝတီခရိုင် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမိုးညိုက ရွေးကောက်ပွဲကာလ မဲရုံများ၏ လုံခြုံရေးအစီအစဉ်များနှင့် အထူးရဲတပ်ဖွဲ့ဝင်များ ခန့်ထားမှု အခြေအနေများကိုလည်းကောင်း၊ မြို့နယ် ရွေးကောက်ပွဲလုံခြုံရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်က ရွေးကောက်ပွဲကာလတွင် ဆောင်ရွက်ရမည့် အစီအမံများကိုလည်းကောင်း ဆွေးနွေးခဲ့သည်။ ထို့နောက် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမန်းဘုန်းကြွယ်၊ ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးလင်းနိုင်စိုး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌဦးခင်မောင်ဦးနှင့် တက်ရောက်လာသူများက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရမည့်အချက်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၆**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဆွေးနွေးဟောပြောပွဲကို ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ရပ်ကွက် ဗုဒ္ဓါနုဂ္ဂဟသာသနာ့ဗိမာန်တော်၌ အောက်တိုဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဥတ္တရခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ယဉ်က အမှာစကားပြောကြားသည်။ ထို့နောက် ပုဗ္ဗသီရိမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဦးက ရေထု၊ လေထု၊ မြေထု ကောင်းမွန်မှသာ သဘာဝပတ်ဝန်းကျင်ကောင်းမွန်မည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် အမှိုက်သရိုက်များကို စနစ်တကျ စွန့်ပစ်ရန်နှင့် စွန့်ပစ်ပြီးအမှိုက်သရိုက်များကို မီးရှို့ရာတွင်လည်း စည်းကမ်းရှိစွာ ဆောင်ရွက်ရန် ဟောပြောခဲ့ပြီး ရေနုတ်မြောင်းများ၊ ရေပိုက်လိုင်းများ စနစ်တကျ ရှိစေရေး စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်သက်သက်က တက်ရောက်လာကြသည့် အမျိုးသမီးများအား အစားအသောက်များ အလေအလွင့် မရှိစေရေး စနစ်တကျစီမံချက်ပြုတ်ကြရန်၊ ပလပ်စတစ် အိတ်များအသုံးပြုမှုကို တတ်နိုင်သမျှလျှော့ချရန်စသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ပညာပေးဟောပြောခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

# ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့အားကစားကွင်းကြီး ပြုပြင်လျက်ရှိ

**ကျောက်ပန်းတောင်း အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့အားကစားကွင်းကြီး(ဘောလုံးကွင်း)နှင့် ပွဲကြည့်စင်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ပြင်ဆင်မှုများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အားကစားကွင်းပြင်ဆင်မှုလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ်သိန်း ၇၅၀ ဖြင့် Rays ကုမ္ပဏီက တင်ဒါအောင်မြင်ပြီး လုပ်ကိုင်နေခြင်းဖြစ်ကြောင်း၊ ပြင်ဆင်မှုလုပ်ငန်းများအနေဖြင့် ပွဲကြည့်စင်နှင့် ဘောလုံးကွင်းကြားသံဆန်ခါကာရံခြင်း၊ ပွဲကြည့်စင်အမိုးနှင့် အုတ်လှေကားခုံများ ပြုပြင်ခြင်း၊ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဂါလန် ၃၈၀၀ ဆံ့ မြေအောက်ရေလှောင်ကန်နှင့် ဂါလန် ၁၆၀၀ ဆံ့ ရေစင်ကန်များတည်ဆောက်ခြင်းတို့ ပါဝင်ကြောင်း သိရသည်။ မြို့နယ်ပြည်သူ့အားကစားကွင်းကြီး ပြုပြင်မှုများကို စက်တင်ဘာ ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ လုပ်ငန်းအားလုံး၏ ၆၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **နေအောင်(iprd)**



# ဘီးလင်း-နတ်ကြီး-ဖာပွန်လမ်းပေါ်၌ ယွန်းစလင်းချောင်းကူးတံတားဖွင့်လှစ်

**ဖာပွန် အောက်တိုဘာ ၂၆**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ် ဘီးလင်း-နတ်ကြီး-ဖာပွန်လမ်းပေါ်မှ အရှည်ပေ ၄၉၀ ရှိ ယွန်းစလင်း ချောင်းကူးတံတား ဖွင့်ပွဲကို အောက်တိုဘာ ၂၄ ရက်က ကျင်းပခဲ့သည်။

ယွန်းစလင်းချောင်းကူးတံတားကို နိုင်ငံတော်စီမံကိန်းတန်ဖိုး ကျပ် ၁၂၅၅ ဒသမ ဝ၈ သန်းဖြင့် တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃) တံတားအထူးအဖွဲ့(၁၀)က တာဝန်ယူ၍ ၂၀၁၃ ခုနှစ် အောက်တိုဘာလက စတင်တည်ဆောက်ခဲ့သည်။ တံတားအရှည် ၄၉၀ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်းတစ်ဖက်လျှင် နှစ်ပေခွဲစီရှိပြီး သံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။

ဖွင့်ပွဲတွင် ကရင်ပြည်နယ်ခေတ္တဝန်ကြီးချုပ်ဦးစောဝင်းထိန်က အမှာစကားပြောကြားပြီး တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြတ်ဦးက တံတားဆောက်လုပ်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောခင်မောင်မြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင်နှင့် ငြိမ်းချမ်းရေးကိုယ်စားလှယ်တစ်ဦးက တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ခေတ္တဝန်ကြီးချုပ်က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ခဲ့သည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ဝုဖ်ဘတ်နဲ့ ဘိုင်ယန်မြူးနစ်တို့ ထိပ်တိုက်တွေ့ပြီ

မိုးမြင့်လင်းလက်

ဂျာမန်ပိုကယ်ဖလား ဒုတိယအဆင့် ပွဲစဉ်တွေကလည်း အောက်တိုဘာ ၂၈ ရက် ၂၉ ရက်တွေမှာ ဆက်လက်ဆင်နွှဲဦးမှာမို့ ဒီတစ်ပတ်ကြားရက်မှာ ပရိသတ်တွေ အားပေးဖို့ရှိနေပါတယ်။ ဘွန်ဒက်လီဂါအသင်းကြီးတွေ ပါဝင်ဆင်နွှဲကြမယ့် ဒီပွဲစဉ်တွေမှာ ပွဲကျပ်တွေလည်း ရှိနေတာမို့ ပွဲကောင်းတွေအဖြစ် မြင်တွေ့ကြရဦးမှာဖြစ်ပါတယ်။



ဘိုင်ယန်မြူးနစ်ဟာ ဝုဖ်ဘတ်ကွင်းမှာ ရှုံးပွဲတွေကြုံခဲ့တာမို့ ဒီပွဲဟာ ဘိုင်ယန်အတွက် ခက်ခဲမှာဖြစ်ပါတယ်။

**ဝုဖ်ဘတ်နှင့် ဘိုင်ယန်မြူးနစ်**

ဝုဖ်ဘတ်တို့ဟာ ခြေစွမ်းထက်မြက်နေတဲ့အတွက် ဘိုင်ယန်မြူးနစ်ဟာ ခြေကုန်လက်ပမ်းကျအောင် ကစားရပါလိမ့်မယ်။ နိုင်ပွဲတွေ ဆက်တိုက်ရနေတဲ့ ဝုဖ်ဘတ်ဟာ အိမ်ကွင်းလည်းဖြစ်တာမို့ အခုပွဲမှာ ဘိုင်ယန်မြူးနစ်ကို သင်ခန်းစာပေးနိုင်ဖို့ ကြိုးစားတော့မှာဖြစ်ပါတယ်။ ဒီနှစ် ဇန်နဝါရီနဲ့ စက်တင်ဘာလတွေမှာ ဝုဖ်ဘတ်ကွင်းမှာ ကစားခဲ့တဲ့ ဘိုင်ယန်မြူးနစ်ဟာ ရှုံးပွဲတွေဖြစ်ခဲ့တာမို့ အခုပွဲဟာ ဘိုင်ယန်မြူးနစ်တို့အတွက် ခက်ခဲမှာဖြစ်ပြီး ကံကောင်းမှ နိုင်ပွဲရပါလိမ့်မယ်။

**ဒေါ့မွန်နှင့် ပါဒါဘွန်**

ဒီနှစ်သင်းရဲ့ နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှုရလဒ်ကို ကြည့်ရင် ဒေါ့မွန်တို့ ရှုံးပွဲမရှိခဲ့ပါဘူး။ ပါဒါဘွန်ရဲ့ လက်ရှိခြေစွမ်းက ကောင်းမွန်နေပေမယ့် ဒေါ့မွန်ကွင်းမှာ နိုင်ပွဲရဖို့ မလွယ်ပါဘူး။ ဒေ့ါမွန်တိုက်စစ်က ထက်မြက်နေပြီး ဂိုးသွင်းအားလည်း ကောင်းမွန်နေတာမို့ ပါဒါဘွန်အတွက် အနိုင်ဆိုတာ မျှော်မှန်းလို့မရနိုင်တဲ့ပွဲလို့ သတ်မှတ်ရမှာပါ။

**ဝါဒါဘရီမင်နှင့် ကိုလုံး**

တစ်လှည့်စီ အနိုင်ယူကြတဲ့အသင်းတွေမို့ ဒီပွဲက အကြိတ်အနယ်ရှိပါလိမ့်မယ်။ ဝါဒါဘရီမင်ရဲ့ လက်ရှိခြေစွမ်းက အတက်အကျရှိနေသလို ကိုလုံးရဲ့ ကြိုးစားအားထုတ်မှုကလည်း အကောင်းဆုံး အနေအထား မရှိပါဘူး။ လက်ရှိခြေစွမ်းပိုင်းမှာ အမှားအယွင်းပိုနည်းတဲ့ ကိုလုံးတို့ရဲ့ ကြိုးစားအားထုတ်မှုကပဲ ရလဒ်ကောင်းကို ဖော်ဆောင်သွားပါလိမ့်မယ်။

**ရှော်ကေးနှင့် ဂလာဘတ်**

ရှော်ကေးတို့ အိမ်ကွင်းမှာတောင် အကြိတ်အနယ်ကစားရတတ်တဲ့ ဂလာဘတ်ကို အခုပွဲမှာ ခက်ခဲစွာရင်ဆိုင်ရဖို့ ရှိနေပါတယ်။ ဂလာဘတ်တို့က လက်ရှိစွမ်းရည် ထက်မြက်နေပြီး ရှော်ကေးကို ကောင်းကောင်းဒုက္ခပေးဖို့ ကြိုးစားပါလိမ့်မယ်။ လက်ရှိ ရှော်ကေးရဲ့ အိမ်ကွင်းရလဒ်က ကောင်းမွန်နေတာမဟုတ်တဲ့အတွက် ဂလာဘတ်တို့ နိုင်ပွဲရသွားနိုင်ပါတယ်။

**ဖရိုင်းဘတ်နှင့် အော့စ်ဘတ်**

ဖရိုင်းဘတ်ကွင်းမှာ အော့စ်ဘတ်တို့ကို အနိုင်ယူနေကျမို့ အခုပွဲမှာ အဲဒီမှတ်တမ်းကို ထိန်းသိမ်းနိုင်မလားကြည့်ရမှာဖြစ်ပါတယ်။ အော့စ်ဘတ်ရဲ့ အားထုတ်မှုက အိမ်ကွင်းမှာဆို ပိုပြီး ပီပြင်ပေမယ့် အခုပွဲဟာ ဖရိုင်းဘတ်ကွင်းမှာဆိုတော့ ခက်ခဲပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံမှု အနေအထားအရ အိမ်ရှင်တို့ပဲ နိုင်ပွဲရသွားပါလိမ့်မယ်။

**ဒမ်စတက်နှင့် ဟန်နိုဗာ**

ဒီနှစ်သင်းဆုံတိုင်း သရေပွဲတွေများနေတာမို့ အခုပွဲမှာလည်း အဲဒီရလဒ်ကိုပဲ ဦးတည်နေပြန်ပါတယ်။ အခုတစ်လော နှစ်သင်းလုံး ရှုံးလိုက်နိုင်လိုက်ဖြစ်နေတာမို့ ခြေစွမ်းက အတက်အကျရှိနေပါတယ်။ ဒါပေမယ့် ဒမ်စတက်တိုက်စစ်မျိုးတွေက ထိုးဖောက်တိုက်စစ်ဆင်မှုအားကောင်းတာမို့ အခုပွဲမှာ အိမ်ရှင်တို့ အသာစီးရသွားနိုင်ပါတယ်။

**ဗစ်တိုးရီးယားနှင့် လေဗာကူဆင်**

ဒီပွဲမှာ ခြေစွမ်းကောင်းမွန်တဲ့ လေဗာကူဆင်တို့က ဖိအားပေးကစားဖို့ရှိနေပြီး ဗစ်တိုးရီးယားရဲ့ ယိမ်းယိုင်နေတဲ့ ခြေစွမ်းက ခုခံဖို့ဘဲ ပြင်ဆင်ရမှာဖြစ်ပါတယ်။



## အာဆင်နယ်ရဲ့ အကောင်းဆုံးသီတင်းပတ်ပါလို့ ဝင်းဂါးဆို

ချန်ပီယံလိဂ်မှာ ဘိုင်ယန်မြူးနစ်ကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရခဲ့တဲ့ အာဆင်နယ်အသင်းဟာ ပရီမီယာလိဂ်မှာလည်း အဲဗာတန်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရလိုက်တဲ့အတွက် အကောင်းဆုံး သီတင်းပတ်ပါပဲလို့ နည်းပြအာစင်ဝင်းဂါးက ဂုဏ်ယူဝမ်းမြောက်စွာ ပြောဆိုလိုက်ပါတယ်။ အာဆင်နယ်အသင်းဟာ စနေနေ့က ပြိုင်ပွဲကို အနိုင်ရလိုက်တဲ့အတွက် ရမှတ် ၂၂ မှတ်နဲ့ ထိပ်ဆုံးနေရာသို့ ရောက်ရှိလာခဲ့ပါတယ်။ အာဆင်နယ်အသင်းဟာ ၁၄ နှစ်ကြာပြီးနောက် ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်ဖို့ မျှော်လင့်ထားတယ်လို့ဆိုပါတယ်။ လက်ရှိအချိန်မှာ အာဆင်နယ်ရဲ့ အနီးကပ်ပြိုင်ဘက်တွေကတော့ မန်ယူနဲ့ မန်စီးတီးတို့ပဲ ဖြစ်ပါတယ်။ မန်ချက်စတာဒါဘီပွဲ ရလဒ်အရ အာဆင်နယ်ရဲ့ ထိပ်ဆုံးဦးဆောင်မှုဟာ မျှော်လင့်ချက်များစွာ ရှိနေပါတယ်။

## ဖိအားပေးမှုတွေနဲ့ ရင်ဆိုင်နေရတဲ့ တင်ရှားဝုဒ်

အက်စ်တွန်ဗီလာ နည်းပြ တင်ရှားဝုဒ်အနေနဲ့ ပရီမီယာလိဂ်ရာသီအစပွဲတွေမှာရလဒ်ကောင်းဖို့ ကြိုးစားအားထုတ်ခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။

ရှုံးပွဲတွေနဲ့သာ ဆက်တိုက်ကြုံတွေ့နေရပါတယ်။ စနေနေ့က ပွဲမှာလည်း ဆွမ်ဆီးအသင်းကို ဦးဆောင်ဂိုးသွင်းခဲ့ပါတယ်။ ဂျော်ဒင်အာယောက အက်စ်တွန်ဗီလာအတွက် ခေါင်းတိုက်ဂိုးနဲ့ ဦးဆောင်ဂိုးသွင်းယူပေးခဲ့ပေမယ့် ခြောက်မိနစ်အကြာမှာ ဆစ်ဂတ်ဆင်က ချေပဂိုး သွင်းယူခဲ့တဲ့အတွက် တစ်ဖက်တစ်ဂိုးစီနဲ့ သရေဖြစ်နေပြီး ပွဲချိန် ၈၇ မိနစ်မှာ ဆွမ်ဆီးက တစ်ဂိုးထပ်မံ သွင်းယူခဲ့တဲ့အတွက် နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်သွားခဲ့ပါတယ်။



အက်စ်တွန်ဗီလာ နည်းပြအဖြစ် ရှစ်လကြာ တာဝန်ထမ်းဆောင်ခဲ့တဲ့ တင်ရှားဝုဒ်ဟာ အလုပ်ဖြုတ်ခံရဖို့ နီးနေပါပြီ။ ပရီမီယာလိဂ် ၁၀ ပွဲကစားရာမှာ ရှစ်ပွဲရှုံးနိမ့်ထားတဲ့အတွက် ဇယားရဲ့ အောက်ဆုံးနေရာကို ရောက်ရှိသွားပြီဖြစ်ပါတယ်။ လာမယ့် ပြိုင်ပွဲမှာလည်း တင်ရှားဝုဒ်ဟာ စပါးနဲ့ ကစားရမှာဖြစ်တဲ့အတွက် ရှုံးပွဲတွေ ထပ်မံရင်ဆိုင်ရဖွယ်ရှိနေပါတယ်။

ကောင်းမြတ်သူ
စုစည်းသည်။



## ချယ်လ်ဆီးမှ ထွက်ခွာဖို့နီးလာတဲ့ မော်ရင်ဟို

ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက သူ့အနေနဲ့ ချယ်ဆီးမှ ထွက်ခွာမှာမဟုတ်ဘူးလို့ ပြောဆိုနေပေမယ့် လက်ရှိရလဒ်တွေအရ အသင်းကို ကျောခိုင်းဖို့နီးလာပြီလို့ လေ့လာသူတွေက ဆိုပါတယ်။ ရာသီအစ ရလဒ်မကောင်းခဲ့တဲ့ ချယ်လ်ဆီးအသင်းဟာ စနေနေ့ကလည်း ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်သွားပါတယ်။ ဒီပွဲမှာ ချယ်လ်ဆီး နောက်တန်းကစားသမား မာတစ် အနီကတ်နဲ့ ထွက်ခဲ့ရတဲ့အပြင် လက်ထောက်နည်းပြ လော်ရိုဟာလည်း အထုတ် ခံခဲ့ရပါတယ်။ မော်ရင်ဟိုက ဒီပွဲမှာ ကွင်းလယ်ဒိုင်လူကြီး ဂျွန်မော့ကို မာတစ် အနီကတ်ပြခံရမှုနဲ့ ပတ်သက်ပြီး စောဒကတက်ခဲ့တဲ့အတွက်ကြောင့်လည်း နည်းပြမော်ရင်ဟိုဟာ အရေးယူခံရဖွယ်ရှိနေပါတယ်။ ချယ်လ်ဆီးအသင်းရဲ့ ဒီရှုံးပွဲဟာ ယခုနှစ် ပရီမီယာလိဂ်မှာ ငါးကြိမ်မြောက် ရှုံးနိမ့်မှုဖြစ်ပါတယ်။ ဒီပွဲမှာ အငြင်းပွားဖွယ် အောက်ဆိုက်ဂိုးကို ဒိုင်လူကြီးက ခွင့်ပြုပြီး မာတစ်ကို အနီကတ် ပြထုတ်ပယ်ခဲ့တဲ့အတွက် နည်းပြမော်ရင်ဟိုက ဒိုင်လူကြီးကို အပြစ်ပြောဆိုခဲ့ပါတယ်။ လက်ရှိချန်ပီယံ ချယ်လ်ဆီးအသင်းဟာ ပရီမီယာလိဂ် ၁၀ ပွဲ ကစားပြီးချိန်မှာ ရမှတ် ၁၁ မှတ်နဲ့ ဇယားနံပါတ် ၁၅ အထိ ထိုးဆင်းသွားခဲ့ပါတယ်။ ဒီအတွက် မော်ရင်ဟိုဟာ ချယ်လ်ဆီးကို ကျောခိုင်းရတော့မယ့် အနေအထားရှိပါတယ်။

# ဟားခါး-ဂန့်ဂေါကားလမ်းတွင် ယာဉ်ကြီး၊ ယာဉ်ငယ်များ သွားလာနိုင်ပြီ

**ဟားခါး အောက်တိုဘာ ၂၆**

ချင်းပြည်နယ်အတွင်း ဇူလိုင်နှင့် ဩဂုတ်လများတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုများကြောင့် တောင်ပြိုမြေပြိုမှုများဖြစ်ပွားခဲ့ပြီး ဆက်သွယ်ရေး ပြတ်တောက်ခဲ့သော ဟားခါး-ဂန့်ဂေါကားလမ်း



တွင် အောက်တိုဘာ ၂၀ ရက်မှစ၍ ယာဉ်ကြီးယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဟားခါး-ဂန့်ဂေါကားလမ်း ပြန်လည်ပြုပြင်ဆောင်ရွက်မှုများနှင့်ပတ်သက်၍ လမ်းအထူးအဖွဲ့ (၁၀)မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင့်လွင်က “ဟားခါး-ဂန့်ဂေါကားလမ်းဟာ သဘာဝဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ပြီး ဩဂုတ် ၂ ရက်ကစပြီး ဆက်သွယ်သွားလာမှု ပိတ်ဆို့ပြတ်တောက်ခဲ့ရပါတယ်။ ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ကြီးကြပ်မှုနဲ့ ကျွန်တော်တို့လမ်းအထူးအဖွဲ့နဲ့ ကုမ္ပဏီတွေ ပူးပေါင်းပြုပြင်ဆောင်ရွက်ခဲ့တာ စက်တင်ဘာ ၁၉ ရက်ကစပြီး ယာဉ်ငယ်တွေ သွားလာနိုင်ခဲ့ပါတယ်။ အခု အောက်တိုဘာ ၂၀ ရက်ကစပြီး မော်တော်ယာဉ် လိုင်းကားတွေနဲ့ ယာဉ်ကြီးယာဉ်ငယ်တွေ စတင်သွားလာနိုင်ပြီဖြစ်ပါတယ်။ ဒီလမ်းအတွက် နိုင်ငံတော်အစိုးရက ရန်ပုံငွေခွဲဝေချထားပေးခဲ့ပါတယ်။ လာမယ့် ဖေဖော်ဝါရီလလောက်ဆိုရင် နဂိုမူလအနေအထားရောက်အောင် ကြိုးစားပြုပြင်ဆောင်ရွက်နေပါတယ်”ဟု ပြောကြားသည်။

ချင်းပြည်နယ်၌ ဇူလိုင်နှင့် ဩဂုတ်လများအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် တောင်ပြိုမြေပြိုမှုများဖြစ်ပွားခဲ့ကာ လမ်း၊ တံတားများ ပြိုကျပျက်စီးခဲ့ပြီး ဟားခါး-ဂန့်ဂေါကားလမ်းတွင်လည်း ဆက်သွယ်သွားလာမှုများ ပြတ်တောက်ခဲ့သဖြင့် လမ်းအထူးအဖွဲ့နှင့် ကုမ္ပဏီများ ပူးပေါင်းပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

ဟားခါးခရိုင်လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထလာပဲန်းက “ဟားခါး-ဂန့်ဂေါကားလမ်းမှာ ဆိုးဆိုးရွားရွားပျက်စီးခဲ့တဲ့နေရာ ကိုးနေရာလောက်ရှိပါတယ်။ ကျွန်တော်တို့နဲ့အတူ လမ်းအထူးအဖွဲ့ရယ်၊ ကုမ္ပဏီတွေပါ ပူးပေါင်းပြီးတော့ သွားလာမှုမပြတ်တောက်စေရေးအတွက် ပြုပြင်ဆောင်ရွက်နေပါတယ်”ဟု ပြောသည်။

ဟားခါး-ဂန့်ဂေါကားလမ်းတွင် တောင်ပြိုမြေပြိုမှုများကြောင့် ပြိုကျပျက်စီးခဲ့သောနေရာများနှင့် လမ်းသားပွဲ့ကျသောနေရာများတွင် လမ်းအထူးအဖွဲ့မှ တာဝန်ရှိသူများနှင့် ကုမ္ပဏီများက စက်ယန္တရားများဖြင့် လမ်းတာချဲ့ခြင်း၊ မြေကာ၊ မြေထိန်းနံရံ၊ သံကူကွန်ကရစ်တံတားငယ်များ၊ ရေပြွန်များ ဖောက်လုပ်ခြင်းစသည့် အသေးစိတ်ပြုပြင်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# တိုင်းဒေသကြီး ရွေးကောက်ပွဲလုံခြုံရေးကော်မတီနှင့် မြို့နယ်ကော်မတီတွေ့ဆုံဆွေးနွေး

**တနင်္သာရီ အောက်တိုဘာ ၂၆**

တနင်္သာရီမြို့နယ်အတွင်း အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီး ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်ကော်မတီမှတာဝန်ရှိသူများ အောက်တိုဘာ ၂၄ က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်နှင့် အတွင်းရေးမှူး တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကြည်လင်းတို့က တနင်္သာရီမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စခန်းသွင်းသင်တန်းတက်ရောက်နေသော အထူးရဲတပ်ဖွဲ့ဝင် ၈၈ ဦးနှင့် ရပ်ကွက်၊ ကျေးရွာလုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။ တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌက အထွေထွေရွေးကောက်ပွဲကို လွတ်လပ်တရားမျှတပြီး တည်ငြိမ်အေးချမ်းစွာကျင်းပပြီးစီးရေးအတွက် လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီများကို အဆင့်ဆင့်ဖွဲ့စည်းခဲ့ပြီး မဲရုံလုံခြုံရေးတာဝန်ထမ်းဆောင်ရန် အထူးရဲများကိုလည်း ရဲလုပ်ထုံး၊ လုပ်ငန်းများနှင့်အညီ စိစစ်ရွေးချယ်၍ သင်တန်းများပို့ချပေးနေပြီဖြစ်ကြောင်း၊ အထူးရဲတာဝန်ပြီးဆုံးပြီးနောက် ပြည်သူလူထု အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်လိုလျှင် ကြိုဆိုကြောင်း အမှာစကားပြောကြားသည်။

တနင်္သာရီမြို့နယ်တွင် မဲရုံစုစုပေါင်း ၈၈ ရုံရှိပြီး အရှေ့မော်တုန်းအုပ်စု၊ ညောင်ပင်ကွင်းအုပ်စု၊ တကူ-သာရဘွင်-ကော့မပြင်းအုပ်စု၊ သိန္ဓော-သဘော်ဦးအုပ်စုနှင့် သိန်ခွန်းအုပ်စုစသည်ဖြင့် ဇုန်များခွဲခြားထားကာ သတ်မှတ်ထားသော ဇုန်များအလိုက် လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဝင်များ၊ အထူးရဲတပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ မီးသတ်တပ်ဖွဲ့ဝင်များကို တာဝန်ခွဲဝေပေးအပ်ထားကြောင်း တနင်္သာရီမြို့နယ် ရွေးကောက်ပွဲလုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# တောင်ပေါ်မုန်ညင်းဖြူများ ဈေးကောင်းရသဖြင့် တောင်သူများဝင်ငွေကောင်း

**အောင်ပန်း အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ် အောင်ပန်းဒေသ၌ စိုက်ပျိုးသည့် တောင်ပေါ်မုန်ညင်းဖြူများမှာ ယခုနှစ်တွင် တစ်ရာသီလုံး ဈေးကောင်းရရှိခဲ့သော သီးနှံဖြစ်သလို ယခုမိုးရာသီအကုန်ပိုင်း သီးနှံကုန်ချိန်တွင်လည်း မြေပြန့်ဒေသများတွင် ဝယ်လိုအားကောင်းနေမှုကြောင့် အများအပြားတင်ပို့နေရပြီး ဈေးကောင်းရနေဆဲဖြစ်သောကြောင့် မုန်ညင်းစိုက်တောင်သူများ ဝင်ငွေကောင်းလျက်ရှိကြောင်း သိရသည်။

“ဒီနှစ်မိုးမမှန်ပေမယ့် မုန်ညင်းဈေးက စဖွင့်ကတည်းက တစ်ပိဿာ ၈၀၀ ကျပ်ဈေးဆိုတော့ အဆင်ပြေကြတယ်။ တစ်ဧကအပင်တစ်သောင်းကို ကုန်ကျငွေ ၁၀ သိန်းနီးပါးရှိတယ်။ အမြတ်သိန်း ၃၀ နီးပါးကျန်တယ်။ ပြီးခဲ့တဲ့နှစ်ကတော့ ရှုံးတဲ့သူများတယ်။ ပဲခူး၊ ရန်ကုန်ကို ကား၊ရထားနဲ့ အများဆုံးပို့တယ်။ ရွှေညောင်ရထားနဲ့ ရန်ကုန်ကိုလည်းပို့တယ်။ ဒီနှစ်က ဂေါ်ဖီထက်ပိုပြီး မုန်ညင်းဖြူက အမြတ်ပိုကျန်ကြတယ်။ မိုးရာသီပိတ်ဈေးနှုန်းက တစ်ပိဿာကို ၄၂၀ ကျပ်ပါ”ဟု မြင်းမထိရွာမှ မုန်ညင်းစိုက်တောင်သူ ဦးထီခမ်းက ပြောသည်။



ပြီးခဲ့သည့် နှစ်နှစ်ဆက်တိုက် ရာသီဥတု အဆင်မပြေမှုကြောင့် ထွက်နှုန်းကျဆင်းပြီး ဈေးကောင်းမရခဲ့သော မုန်ညင်းဖြူမှာ ယခုနှစ်မိုးရာသီတွင် အထွက်နှုန်းကောင်း ဈေးကောင်းရသဖြင့် မြေပြန့်သို့ပို့သော သီးနှံများတွင် ဈေးကောင်းရသောသီးနှံအဖြစ် အောက်တိုဘာလကုန်ပိုင်းအထိ နေရာယူလျက်ရှိကာ တောင်သူများနှင့် သီးနှံပွဲစားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အောင်ပန်းမြို့နယ်နှင့် ပတ်ဝန်းကျင်ဒေသများ၌ မိုးရာသီတွင် ကုန်းခြံကို အဓိကထား၍ မုန်ညင်းဖြူ၊ ပန်းဂေါ်ဖီ၊ ဂေါ်ဖီ၊ မုန်လာဥနီ၊ ငရုတ်ပွ၊ ခရမ်းခေါင်းသီး၊ ရွှေဖရုံသီးများကို စိုက်ပျိုးကြပြီး ဆောင်းရာသီတွင် ရေခြံများ၌ အထက်ပါသီးနှံများအပြင် အာလူး၊ ဂျုံ၊ ပန်းနှမ်း၊ ဆီမုန်ညင်းတို့ကိုပါစိုက်ပျိုးကြသည်။ အောင်ပန်းသီးနှံဒိုင်မှထွက်ရှိသော သီးနှံများကို ပဲခူးနှင့်ရန်ကုန်မြို့များအပြင် ကျောက်ပန်းတောင်း၊ မန္တလေးမြို့များသို့လည်း တင်ပို့လျက်ရှိသည်။

**သန်းထိုက်(လှိုင်သာယာ)**



# အပူပိုင်းဒေသ သီးနှံသုတေသနခြံ၌ မိုးသီးနှံကွင်းသရုပ်ပြပွဲပြုလုပ်

**မြင်းခြံ အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ အပူပိုင်းဒေသ သီးနှံသုတေသနခြံ၌ မိုးသီးနှံကွင်းသရုပ်ပြပွဲကို မြင်းခြံခရိုင် စိုက်ပျိုးရေးဦးစီးဌာနက အောက်တိုဘာ ၂၄ ရက်တွင် ပြုလုပ်ခဲ့သည်။

မိုးသီးနှံကွင်းသရုပ်ပြပွဲတွင် ရေချွေတာသုံးစွဲသည့် နည်းပညာပြကွက်၊ မြေဆွေးပြုလုပ်ပုံ၊ သဘာဝမြေဩဇာ (သစ်စိမ်းမြေဩဇာ)၊ မြေပဲမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်၊ ပဲစင်းငုံမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်၊ နှမ်း(ဆင်းရတနာ-၃) စံပြကွက်၊ သက်လျှင်ပဲစင်းငုံမျိုးစမ်းသပ်ကွက်များ စိုက်ပျိုးထားမှုကို ခရိုင်ဦးစီးမှူး ဦးမြင့်လင်းကဦးစီး၍ ခြံမန်နေဂျာဒေါ်တင်မာသန်းက ရှင်းလင်းဆွေးနွေးသရုပ်ပြခဲ့သည်။ ကွင်းသရုပ်ပြပွဲသို့ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီးနှင့် ငါန်းဇွန်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများတက်ရောက်လေ့လာခဲ့ကြသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ငါးနှစ်ပြည့်ပြီး ကျေးရွာသုံးစိုက်ခင်းအား မြင်းမူမြို့နယ် စည်ပင်ကျေးရွာသို့ လွှဲပြောင်းပေးအပ်

**မြင်းမူ အောက်တိုဘာ ၂၆**

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် ဒေသစိမ်းလန်း စိုပြည်ရေးအတွက် ကျေးရွာသုံးစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်း၊ တောင်တန်း စိုက်ခင်းနှင့် အခြားစိုက်ခင်းများကို တည်ထောင်ပေးလျက်ရှိပြီး ငါးနှစ်ပြည့်ပြီး ကျေးရွာသုံး စိုက်ခင်းများကိုလည်း နီးစပ်ရာကျေးရွာများသို့ ပေးအပ်လျက်ရှိရာ အောက်တိုဘာ ၂၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် စည်ပင်ကျေးရွာသို့ ငါးနှစ်ပြည့်ပြီး ကျေးရွာသုံးစိုက်ခင်းအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့သို့ပေးအပ်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးထွန်းက စည်ပင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးရွှေခဲနှင့် ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီဝင်များထံသို့ ကျေးရွာသုံးစိုက်ခင်းနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

“အခု ပေးအပ်တဲ့ ကျေးရွာသုံးစိုက်ခင်းကို ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ်က စတင်တည်ထောင်ခဲ့ပါတယ်။ အကျယ်အဝန်း ငါးဧကရှိပြီးတော့ ယူကလစ်ပင်ပေါင်း ၈၃၆၁ ပင် စိုက်ပျိုးထားပြီးဖြစ်ပါတယ်။ ဒေသခံကျေးရွာ ပြည်သူတွေအတွက် ထင်းအဖြစ် အသုံးပြုနိုင်သလို မျောတိုင်၊ ထွန်ဆံ၊ ထွန်တုံး၊ တံပိုးတုံးစတဲ့ လယ်ယာသုံးပစ္စည်းများအဖြစ် အသုံးပြုနိုင်မှာဖြစ်ပါတယ်”ဟု မြင်းမူမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မင်းစိုးက ပြောသည်။ အဆိုပါ ငါးနှစ်ပြည့်ပြီး ကျေးရွာသုံးစိုက်ခင်း လွှဲပြောင်းပေးအပ်ရာသို့ စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်စိုးဖေ**

# မြင့်မြတ်သူတို့၏ ဖိတ်ကြားမှု

အရှင်စန္ဒောဘာသ

**တောရွာလေ့ဖိတ်ကြားမှုများ**

အညာကျေးလက်တောရွာများ၌ အိမ်ရှေ့မှ "ဒီအိမ်က သန်းခင်တို့ ဘယ်သွားကြလဲ"

"ဟာ အစ်မ ကျွန်တော် (ကျွန်မ)တို့ ထမင်းစားနေကြပါတယ်"

"အစ်မလည်းဝင်စားသွားပါဦး" ဟု လည်းကောင်း။

တစ်စုံတစ်ဦး၏ ကြက်သွန်ခင်း သို့မဟုတ် ပြောင်းဖူးခင်းအနီး ရောက်သွားသူအားပိုင်ရှင်က "ဟာ အစ်ကို (အစ်မ - အဒေါ်) ကြံုတုန်း ဟင်းချက်စရာ ခရမ်းသီးလေး၊ ခရမ်းချဉ်သီးလေး ၊ ချဉ်ပေါင်ရွက် လေး၊ ပြောင်းဖူးလေး ခူးသွားပါဦး ယူသွားပါဦး" ဟု ပြော၍ ဟင်းချက်စရာများ၊ ပြောင်းဖူးများ ပေးလိုက်ကြသည်။

အရှေ့ဘက်၊ အနောက်ဘက်၊ တောင်ဘက်၊ မြောက်ဘက် အားလုံး ကြားကြားသမျှ "မနက်ဖြန်နေ့လယ် မဏ္ဍပ်ဝင် သန်ဘက်ခါ နံနက်မှ ညနေအထိ ဦးလှစိန်နှင့် ဒေါ်ခွေးမတို့၏ သားရှင်ပြုအလှူမင်္ဂလာ မဏ္ဍပ်သို့ တရားတော်နာကြွရောက်ကြပါဗျို့" ဟူသော ရွာဆော်ကြီး ဘကြီးမူ၏ ဗျို့ထိုးဖိတ်သံ. . .။

ဖိတ်လို့သာဖိတ်တာပါ၊ တစ်ရွာလုံးလိုလို အလှူအိမ်မှာ အလုပ်ကိုယ်စီ အသီးသီးဝိုင်းဝန်း၍ တက်ကြွရွှင်လန်းစွာ အတူတူလုပ်အားပေးနေကြသဖြင့် အိမ်ဆူးဆို့၊ ခွေးအို့အို့ မဖြစ်ရုံတစ်မည်ပါ။ အဘိုးကြီး၊ အမယ်ကြီးနှင့် မည်သို့မျှ မိမိအလုပ်က မအားလပ်၍ မသွားနိုင်သူမျိုးသာ ကျန်နေပေ၏။

**မေတ္တာဦးစီးသောအလုပ်**

အထက်ပါတို့ကို သေချာစွာစဉ်းစားပါလျှင် "အော်. . . ဒါကြောင့် မြန်မာ့ကျေးလက်တို့မှာ ညီညွတ်ကြတာကိုး၊ အေးချမ်းကြည်နူးကြတာကိုး" ဤသို့ဖြစ်ခြင်း၌ အကြောင်းရှာပါက မေတ္တာကြောင့် ဟု ပေါ်လာပေမည်။

တစ်ဦးနှင့်တစ်ဦး မေတ္တာခြုံပြီးနေကြသောကြောင့် ဤသို့ ငြိမ်းချမ်းကြတာဖြစ်သည်။ သူတို့လည်း ပုထုဇဉ်များဖြစ်၍ အခါအခွင့်မသင့်တာများနှင့်ကြုံလျှင် ဒေါသဖြစ်ကြတာဖြစ်သော်လည်း မြန်မာ့လူ့ဘောင်၏ သဘာဝကပင်လျှင် ရန်ငြိုးရန်တေးမထားဘဲ ပြီးပြီးမြောက်မြောက် ဖွေမယူဘဲရှိကြသည်မှာ လွန်စွာကြည်နူးဖွယ်ဖြစ်ပါပေ၏။

မြောက်ဘက်အိမ်နီးချင်း ဒေါ်အေးမိက တောင်ဘက်အိမ်နီးချင်း မတဆုပ်ပြန်လာတော့ "မတဆုပ်ရေ နင့်သားနှစ်ယောက်ရန်ဖြစ်လို့ ငါတုတ်နဲ့ ရိုက်ပြီး ဆုံးမလိုက်တယ်" ဟုပြောရာ "မအေးမိရယ် နောက်နောင်လည်း ဆုံးမပေးပါ။ အခုလည်း ကျွန်မကျေနပ်ပါတယ်။ ဒါမှ ကျွန်မတို့စိတ်ချမ်းသာမှာ " ဟု ကျေကျေ နပ်နပ် ခွင့်လွှတ်မှုအပြည့် နောက်နောင်လည်းဆုံးမဖို့ ဖိတ်ကြားချက်နှင့်အတူ ပြောသံကြားရခြင်းကပင် ကြည်နူးစရာပါပေ။

**ဖိတ်ခေါ် (စိန်ခေါ်)**

မကြာသေးမီက. . .

ဖိလစ်ပိုင်မှ ပက်ကွီယိုနှင့် အမေရိကန်မှ မေဝဲသာတို့ လက်ဝှေ့ ထိုးသတ်ရန် လွန်ခဲ့သည့် နှစ်နှစ်ခန့်ကပင် ချိန်းဆိုစိစဉ်ပြီး ထိုးသတ်ခဲ့ရာ မည်သူနိုင်၍ မည်သူရှုံးကြောင်း တစ်ကမ္ဘာလုံးသိကြသည်။

၄င်းတို့ထက် အရင် (ခန့်မှန်း) ၁၉၆၀ ကျော် ၇၀ အတွင်းလောက်က ကမ္ဘာကျော်လက်ဝှေ့ချန်ပီယံ ကတ်စီးယတ်ကလေးနှင့် ဖလွိုက်ပက်တာဆင်တို့လည်း ယခုကဲ့သို့ပင် ကြိုတင်ချိန်းဆို၍ ထိုးသတ်ခဲ့ကြသည်။

အလားတူပင် ကမ္ဘာကျော်တင်းနစ်မယ် ရှာရာပိုဗာနှင့်ဗီးနပ်ဝီလျံတို့ ညီအစ်မ စသည်တို့လည်း မိမိတို့ဆိုင်ရာ အားကစားများ၌ ဖိတ်ခေါ်၍ အနိုင်အရှုံး အားကုန်သုံး ကစားခဲ့ကြသည်။

ကမ္ဘာ့ဖလား ဗိုလ်လုပွဲအဆုံး ဒေသအသီးသီး၊ မြို့နယ်အသီးသီး၊ နိုင်ငံအသီးသီးတို့လည်း အနိုင်အရှုံး အကြိတ်အနယ်ကစားခဲ့ကြ၊ ကစားနေကြဆဲ၊ နောင်လည်းကစားဖို့ရန် မျိုးဆက်တို့ အားခဲနေကြပေသည်။

အမှန်မှာ ထိုဖိတ်ခေါ်ကစားမှုအားလုံးပင် နိုင်သူက ရှုံးသူကို အခဲမကျေ ကြုံးဝါးပြီး ဂုဏ်ယူဝင့်ကြွား ခြသေ့ ပမာဟိန်းဟောက်ကြသည်မှာ " ဒီပွဲမှာ ငါသာအတော်ဆုံး၊ အမြတ်ဆုံး၊ အသာဆုံး၊ ကမ္ဘာပေါ်မှာ ငါ့ကို မည်သူမှ မယှဉ်ပြိုင်နိုင်ဘူး၊ ငါ့ကို ဘာမှတ်သလဲ" ဟု သကုဏ္ဍသုတ်လာသကေဗလေ (မိမိအားအစွမ်းပေါ်မှာ) အသံဝဒမာနာတိ အဌါယန္တိ(ဒီ-ဥ-ဌ-၄င်းဋ္ဌီ)ကြုံးဝါးခြင်း. . . စိန်ခေါ်ခြင်းပင် မဟုတ်ပါလော။

ထိုစိန်ခေါ်သောသူ၏ သန္တာန်၌ ပုံကိုကြည့်ရ၊ အသံကိုနားထောင်ရခြင်းကပင် သတိပြုမိပါက "အော်. . . တယ်ပြီး ခက်ထန်ကြမ်းတမ်းတဲ့ မာနပါလား၊ ရိုင်းစိုင်းပြစ်မှားတဲ့ ဒေါသပါလား" ဟု စဉ်းစားမိပါလျှင် ထိုစိတ်သည် စိတ်ကောင်းမဟုတ်။ စိတ်ဆိုး စိတ်ယုတ် (အောက်တန်းကျသောစိတ်) အကုသိုလ်စိတ်ပါလား။ ပွဲကြည့်ပရိသတ်အားလုံးကို အကုသိုလ်တွေဖြန့်နေပါလား ဟု တွေးမိသူ ရှားပေလိမ့်မည်။

ယခုအခါ မကြာမကြာ သတင်းစာထဲမှာ နိုင်ငံခြားဘောလုံးပွဲများဝယ် ဘယ်ပရိသတ်သောင်းကျန်းသဖြင့် ဘယ်လိုအရေးယူရကြောင်း ဖတ်ကြရသည်မှာလည်း ထိုစိန်ခေါ်သော မာနဒေါသကြောင့်ပင် ဖြစ်ပေသည်။ နိုင်တော့လည်းနိုင်၍ သာသာလေးမနေ၊ ရှုံးတော့လည်း မကျေမချမ်းနိုင်၊ သောကတွေပွားကြ အားလုံးအကုသိုလ်တွေချည်းပင်။

**ဖိတ်ကြားမှု၏ အခြေခံဓာတ်မြစ်**

သီတင်းကျွတ်လပြည့် မဟာပဝါရဏာ ဖိတ်ကြားခြင်း (ဖိတ်ခေါ်ခြင်း လုံးဝမဟုတ်) သည် ကြည်နူးကျေနပ်ဝမ်းသာစွာ ဖိတ်ကြားခြင်းဖြစ်သည်။

(သက်တော်ထင်ရှားရှိသော) ဘုရားရှင်လက်ထက်တော်မှစ၍ ယနေ့(နှစ်ပေါင်း ၂၅၅၉ နှစ်) တိုင်အောင် အရှင်မဟာကဿပ၊ အရှင်သာရိပုတ္တရာစသော ရှေးရှေးသော ဘုရားပြီးလျှင် အမြတ်ဆုံးသူတော်ကောင်းကြီးများဖြစ်သော ထေရဝါဒသံဃာတော်များ၏ အလွန်မွန်မြတ်လှသော ဖိတ်ကြားပွဲကြီးဖြစ်ပေသည်။

ထေရဝါဒမြန်မာနိုင်ငံအနှံ့ မည်သည့်ဒေသမဆို တောကြိုအုံကြားပါမကျန် ထိုရက်၌ ဆိုင်ရာသံဃာတော်များ၏ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ကြိုတင်ညှိနှိုင်းထားချက်ဖြင့် ဆိုင်ရာသိမ်များဝယ် သံဃာငါးပါးမှစ၍ ရာထောင်သောင်းမက အချင်းချင်းဖိတ်ကြားသည့် ပွဲကြီးပင်ဖြစ်၍ ဤရက် ဤအချိန်၌ ဉာဏ်မျက်စိဖွင့်လျက် ကြည့်ကြပါလျှင် မြန်မာပြည်အနှံ့ သိမ်ပေါင်း ၅၀၀၀၀ မကတို့၌ သိမ်အသီးသီးဝယ် သံဃာတော်များ တစုတဝေးတည်း အချင်းချင်း ဖိတ်ကြားနေပုံများ၊ ဆိုင်ရာမထေရ်ကြီးများက တစ်သက်လုံး မှတ်သားလိုက်နာကြည်နူးဖွယ်သြဝါဒချီးမြှင့်နေပုံများ၊ ကျန်သိက္ခာ ဝါငယ်သော အရှင်မြတ်များက-

ထေရ - မြဲမြံခိုင်ခံ့သော သိက္ခာ(၃)ရပ် အကျင့်ရှိကြကုန်သော မထေရ်ကြီးများ၊

ရတ္တညူ - ရှည်မြင့်စွာသော-ရက်-လ-နှစ်တို့ ပတ်လုံး ဤသာသနာ့တာဝန်ထမ်းဆောင်ခဲ့ကြကုန်သော . . . အရှင်မြတ်ကြီးများ၊

စိရပဗ္ဗဇိတာ - ဟိုနှစ်ပေါင်း ကြာမြင့်စွာကပင် ဒီ သာသနာ့တာဝန်ကို ထမ်းလာကုန်သော အရှင်မြတ်ကြီးများ၊

သံဃပိတု - သံဃာတော်များ၏ ဖခင်(အဖေ) အရာ၌ တည်ကြကုန်ရှိကြကုန်သော အရှင်မြတ်ကြီးများ၊

သံဃပရိဏာယက- ဤထေရဝါဒသာသနာ၏ မီးရှူးတန်ဆောင်သဖွယ် ရှေ့ဆောင်ဖြစ်သော အရှင်မြတ်ကြီးများက ဦးဆောင်လျက် သံယံအာဝုသော ပဝါရေမိချီသောပါဠိကို ရွတ်ဆိုလျက် ဦးစွာဖိတ်ကြားပြီး (သိက္ခာဝါငယ်သော အရှင်မြတ်များကလည်း)တစ်ပါးချင်းစီ အသီးသီး သိမ်ထဲမှာ သံဃာကုန်အောင် အချင်းချင်းဖိတ်ကြားကြပေသည်။ ထိုဖိတ်ကြားသော ပါဠိ၏ မြန်မာပြန်မှာ "ငါ့ရှင်တို့ တပည့်တော်သည် သံဃာတော်ကို ဖိတ်ကြားပါ၏ (ဖိတ်မန္တကပြုပါ၏) တပည့်တော်ကို မြင်သော်လည်းကောင်း၊ ကြားသော်လည်းကောင်း၊ ယုံမှားသော် လည်းကောင်း (မသင့်မတင့်မြင်တာ၊ ကြားတာ၊ ယုံမှားတာ တစ်ခုခုရှိလျှင်) အရှင်ဘုရားတို့က ပြောကြားကြပါ။ မြင်ခဲ့သော် တပည့်တော်ကုစားပါမယ်။ (တပည့်တော် ဒါမျိုးမဖြစ်အောင် ရှောင်ကြဉ်ပါမည်။) ဟု အသံထုတ် မလျှောက်သော်လည်း ထိုအရှင်များ၏ ငြိမ်သက်အေးချမ်းဝမ်းသာသည့် မျက်နှာများက အထင်းသားပြနေပေသည်။

**မေတ္တာအရင်းခံ**

အထက်ပါဖိတ်ကြားမှုကို ကြည့်ပါလျှင် သံဃာတော်များသည် တစ်ပါးနှင့်တစ်ပါး ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာဟူသော မေတ္တာအခြေခံဖြင့် ကြည်နူးဝမ်းသာစွာ ကျေနပ်ပြုံးရွှင် အားရစွာဖိတ်ကြားခြင်းဖြစ်၍ အချင်းချင်း ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကို သနား စိတ်ထားရှိကြသောကြောင့် ယခုထက်တိုင် ဤထေရဝါဒ သာသနာတော်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားနေခြင်းဖြစ်ကြောင်း ဝမ်းသာကြရပါမည်။

ဤကဲ့သို့သော ဘုရားအဆုံးအမများ လက်တွေ့ကျင့်သုံးကြခြင်းဟူသော မိမိတို့တည်းဟူသော သံဃာတော်များသန္တန်မှာရှိကြသမျှ ကာလပတ်လုံး ထိုထိုအကြောင်းပြု၍ ဗုဒ္ဓသာသနာဝင်များမှာလည်း အထက်ပါကဲ့သို့ ဓာတ်ကူးပြီး ကျင့်ကြံလိုက်နာကြလျှင်ကား မြေကြီးလက်ခတ်မလွဲ ဝမ်းသာကြရမည် ဖြစ်ပါသည်။

> ❝ ဘုရားအဆုံးအမများ လက်တွေ့ကျင့်သုံးကြခြင်းဟူသော မိမိတို့တည်းဟူသော သံဃာတော်များသဏ္ဌာန်မှာ ရှိကြသမျှကာလ ပတ်လုံး ထိုထိုအကြောင်းပြု၍ ဗုဒ္ဓသာသနာဝင်များမှာလည်း ဓာတ်ကူးပြီး ကျင့်ကြံလိုက်နာကြလျှင်ကား မြေကြီးလက်ခတ်မလွဲ ဝမ်းသာကြရမည်ဖြစ် ❞



နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်၌ အပေါ့စားမီးသတ်စက်များနှင့် မီးသတ်ဆေးဘူးများ လှူဒါန်းပွဲအခမ်းအနားကို အောက်တိုဘာလ စတုတ္ထပတ်က မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူးရုံး၌ ကျင်းပရာ ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက အပေါ့စားမီးသတ်စက်များ မီးငြိမ်းသတ်ပုံကို လက်တွေ့သရုပ်ပြစဉ်။

မြို့နယ်(ပြန်/ဆက်)

## သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်သူသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၆**

အမျိုးသမီးများနှင့် လူငယ်လူရွယ်များ ပြည်တွင်းပြည်ပတို့၌ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးနှင့် သက်ကြီးသူများအား ပြုစုစောင့်ရှောက်ခြင်း ကုသိုလ်ပြုနိုင်သည့် အခွင့်အရေး ရရှိစေရေးတို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် နိုင်ငံတကာစံနှုန်းများနှင့်အညီ သင်တန်းချိန် နှစ်လကြာ ကြီးမှူးဖွင့်လှစ်ပေးခဲ့သည့် သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်သူ (Care Giver) သင်တန်း အမှတ်စဉ်(၁/၂၀၁၅)ဆင်းပွဲကို အောက်တိုဘာလ စတုတ္ထပတ်က ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း အမှတ် (၆၄) သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ၌ ကျင်းပခဲ့သည်။

ထို့နောက် သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်သူသင်တန်းဆင်း ၂၉ ဦးအား ညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ ထူးချွန် သင်တန်းဆင်း လေးဦးအား ညွှန်ကြားရေးမှူးက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ အမှတ်စဉ်(၂)သင်တန်းကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

## ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲကျင်းပ

**ပန်းတောင်း အောက်တိုဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် တလုပ်ပင်ကျေးရွာအုပ်စု ရှားဖြူကွင်းကျေးရွာ၊ ခြံစုကျေးရွာ၊ တလုပ်ပင်ကျေးရွာနှင့် ကျွဲရဲကျေးရွာများ၌ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့သော လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၂ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးကျော်မြင့်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက မီးလင်းရေးကို စက်ခလုပ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ မီးလင်းရေးအတွက် ဥသျှစ်ပင်မြို့နယ် လျှပ်စစ်မှူး ဦးရွှေမောင်သန်းက ၂၀၀ ကေဗွီ ထရန်စဖော်မာ တစ်လုံး တပ်ဆင်ပြီး ၄၀၀ ဗို့ ဓာတ်အားလိုင်းနှင့် အခြားဆက်စပ်ပစ္စည်းများ တပ်ဆင်ကာ အိမ်ခြေ ၅၀၀ ကျော်ရှိသည့်အနက် ၁၅၃ အိမ် မီတာများ တပ်ဆင်ပြီး ကျန်အိမ်များကိုဆက်လက်တပ်ဆင်လျက်ရှိရာ စုစုပေါင်း ကုန်ကျငွေမှာ ငွေကျပ်သိန်း ၈၀၀ ရှိပြီဖြစ်ကြောင်း သိရသည်။

**(ဝ၀၈)**

# ရန်ကုန်-မန္တလေးကားလမ်းတစ်လျှောက် စပါးခြွေလှေ့စက်များကို ယာဉ်မောင်းများ သတိပြုရန်လို

ရေတာရှည် အောက်တိုဘာ ၂၆

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ ရန်ကုန်-မန္တလေးကားလမ်းတစ်လျှောက် ခြွေလှေ့စက်များ အသုံးပြုလျက်ရှိပြီး အစုန်အဆန်မောင်းနှင်သွားလာနေကြသည့် ယာဉ်မောင်းများ အထူးသတိပြုရန် လိုအပ်နေသည်။

"တောင်သူတွေက ကားလမ်းဘေးကပ်လျက်မှာ စပါးခြွေနေကြတော့ ကောက်ရိုးတွေ၊ အမှုန်အမွှားတွေ လွင့်စဉ်တာ ရှိတယ်။ နောက်စက်တင်ထားတဲ့ လှည်းကို ကားလမ်းနဲ့ကပ်ပြီး ရပ်ထားတဲ့အခါကျတော့ ယာဉ်အန္တရာယ်အချိန်မရွေး ဖြစ်ပေါ်နိုင်တယ်"ဟု ကုန်တင်ယာဉ်မောင်းတစ်ဦးက ပြောသည်။ များသောအားဖြင့် ညပိုင်းအချိန်များတွင်



အဆိုပါ ခြွေလှေ့စက်များကို ရုတ်တရက် မမြင်နိုင်သည့်အတွက် ဆိုင်ကယ်ကဝင်တိုက်မိခြင်း၊ ကုန်တင်ယာဉ်က ဝင်ရောက်တိုက်မိခြင်းများ ဖြစ်ပွားခဲ့ဖူးသည့်အတွက် သတိပြုမောင်းနှင်ကြရန်လိုအပ်ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

# ရှုရီဒူရ်ဂါ စန္ဒီမယ်တော် ရေမျှောပူဇော်ပွဲကျင်းပ

မန္တလေး အောက်တိုဘာ ၂၆

ရှုရီဒူရ်ဂါစန္ဒီ မယ်တော်ဒက်စ်ဆိုက်ရာ ပူဇော်ပွဲနှင့် မယ်တော်ရေမျှောပူဇော်ပွဲကို အောက်တိုဘာလ စတုတ္ထပတ်က ဂေါဝိန်ဆိပ်ကမ်းကမ်းနားလမ်းတစ်လျှောက် စည်ကားစွာ ဆင်နွှဲခဲ့ကြောင်း သိရသည်။

ဟိန္ဒူဘာသာဝင်များ၏ ၁၂ လရာသီ ပွဲတော်များအနက် အောက်တိုဘာ ၁၃ ရက်မှ ၂၂ ရက်အထိ ကျင်းပသည့် ရှုရီဒူရ်ဂါ စန္ဒီမယ်တော်ဒက်စ်ဆိုက်ရာ ပူဇော်ပွဲကြီးကို အစဉ်အလာမပျက် နိုင်ငံတစ်ဝန်းလုံး၌ သာမက အထူးသဖြင့် မန္တလေးမြို့တော်ကြီး၌ ဟိန္ဒူရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ဟိန္ဒူဘာသာဝင်အပေါင်းတို့သည် ဘုရားကျောင်းအသီးသီး၌ ဥပုသ်သီတင်း သီလဆောက်တည်၍ စန္ဒီမယ်တော် ရှုရီဒူရ်ဂါရုပ်ပွားတော်မြတ်ကို ပန်း၊ သစ်သီး၊ ဆီမီး၊ ဖယောင်း၊ အမွှေးနံ့သာတို့ဖြင့် တင်လှူ၍ ဓမ္မတေးများဖြင့် ရွတ်ဆိုပူဇော်ကြည်ညိုကြရာ ပွဲတော် လာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဘုရားကျောင်း အသီးသီးက မယ်တော်ရုပ်ပွားတော်အား အမိုးဖွင့်မော်တော်ယာဉ်များဖြင့် ပင့်ဆောင်၍ မြို့တွင်း ၃၅ လမ်းနှင့်ကမ်းနားလမ်းထောင့်ရှိ ဟိန္ဒူဘုရားကျောင်းတော်ရှေ့ရှိ ဧရာဝတီဂေါဝိန်ဆိပ်ကမ်းသို့ ပွဲတော်လာပြည်သူများက တူညီရိုးရာဝတ်စုံအသစ်များ ဆင်မြန်းကာ ဓမ္မတေးများ၊ ခေတ်ပေါ်တေးသီချင်းများ ပျော်ရွှင်စွာ သီဆိုဖျော်ဖြေရင်း ရောက်ရှိကြပြီး မယ်တော်ရုပ်ပွားတော်မြတ်အား စက်လှေ၊ သမ္ပန်တို့ဖြင့် ဧရာဝတီမြစ်အတွင်း သယ်ဆောင်ကာ အစီအစဉ်အတိုင်း ရေမျှောပူဇော်ခဲ့ကြသည်။ ဟိန္ဒူဘုရားကျောင်းသို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ ဘုရားကျောင်းခန်းမအတွင်း၌လည်း ပွဲတော်လာ ဧည့်ပရိသတ်များအား စေတနာရှင် အလှူရှင်ဖြစ်သော မန္တလေးမြို့ မင်္ဂလာစတိုး မိသားစုက စတုဒိသာ ဒံပေါက်ဖြင့် ကျွေးမွေးလှူဒါန်းကြကြောင်းနှင့် မန္တလေးမြို့ရှိ အခြားဘုရားကျောင်းများမှလည်း သက်ကြီးသူများကို ပူဇော်ကန်တော့ကြပြီး ညစာသက်သတ်လွတ်ဖြင့် ကျွေးမွေးလှူဒါန်းကြကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

# ကူမဲ-ကင်းတားတမံသွား (၂၁)မိုင်လမ်းပိုင်း ပြုပြင်ပြီးစီး၍ ဒေသခံများအဆင်ပြေ

မြစ်သား အောက်တိုဘာ ၂၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည် ခရိုင်မြစ်သားမြို့နယ် ကူမဲ-ကင်းတားတမံသွား(၂၁)မိုင် လမ်းပိုင်းသည် လွန်ခဲ့သောနှစ်ပေါင်း ၃၀ ခန့်က ကင်းတား ဘက်စုံရေလှောင်တမံစီမံကိန်းအတွက် အဓိကထားရည်ရွယ်ဖောက်လုပ်ခဲ့သော လမ်းပိုင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ကျေးလက်နေပြည်သူများ အဆိုပါလမ်းပိုင်းကို ပိုမိုသွားလာမှုများပြားခြင်း၊ အချို့နေရာများတွင် တောင်ပြိုခြင်း၊ မြစ်ကမ်းပါးရေတိုက်စားခြင်းတို့ကြောင့် လမ်း သားကျဉ်းမြောင်းလာခြင်း၊ လမ်းပျက်စီးခြင်းများကြောင့် ပြန်လည်ပြုပြင်နေကြောင်း သိရသည်။

ပြည်သူ့လွှတ်တော်၏ (၂၁)မိုင်လမ်းပိုင်းအတွက် ရာသီမရွေးသွားလာနိုင်သော လမ်းပိုင်းအဖြစ်ခွဲဝေရရှိသော ရန်ပုံငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းနှင့်ကတ္တရာခင်းခြင်းလုပ်ငန်းကို လုပ်ကိုင်နေကြောင်း၊ အောက်တိုဘာ ၂၁ ရက်အထိ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း၊ မြစ်သားမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိက ပြောသည်။

အဆိုပါလမ်းပိုင်းကို ပြုပြင်ပြီးစီး၍ နေ့စဉ်သွားလာနေသော ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်(မလှိုင်)




ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ရေကျော်ကြီးကျေးရွာအုပ်စု ကမိုင်ကုန်းကျေးရွာ၌ ကြယ်စင်လမ်း စာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ ကော့ကရိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကမိုင်ကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဒေါ်နန်းကြည်ဖေါ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(ခရိုင် ပြန်/ဆက်)

# စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲနှင့် နယ်လှည့်စာဖတ်ဝိုင်းများ ဆောင်ရွက်

ပေါင် အောက်တိုဘာ ၂၆

ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲ၊ နယ်လှည့်စာကြည့်တိုက်လုပ်ငန်း၊ နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲများကို ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ တတိယပတ်က အီပြစ်ကျေးရွာ အထက(ခွဲ)ကျောင်း၌ ဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးအေးက ကျောင်းသား ကျောင်းသူများနှင့် ကျေးလက်နေပြည်သူများအား စာပေဖတ်ရှုလေ့လာခြင်းဖြင့် ရရှိသော အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောခဲ့ပြီး ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများနှင့် ကျေးလက်နေပြည်သူများအား စာဖတ်ဝိုင်းများ ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

# အထူးရဲတပ်ဖွဲ့ဝင် သင်တန်းဖွင့်

**မော်လမြိုင်**

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူး၍ မြို့နယ် ကိုးမြို့နယ်၌ အထူးရဲသင်တန်းများဖွင့်ပွဲကို အောက်တိုဘာလ စတုတ္ထပတ်က တစ်ပြိုင်တည်း ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အထူးရဲသင်တန်းသို့ မြို့နယ်အသီးသီးရှိ ရပ်ကွက်/ကျေးရွာများမှ အထူးရဲသင်တန်းသား ၇၉၈ ဦးတက်ရောက်ခဲ့ကြသည်။ အထူးရဲသင်တန်းသားများသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်ရေးနှင့် မကြာမီကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ မဲရုံများတွင် စည်းကမ်းနှင့်အညီ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန် သက်ဆိုင်ရာ မြို့နယ်များမှ ရဲတပ်ဖွဲ့မှူးများက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ (၁၀၇)

**ပုဏ္ဏားကျွန်း**

ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပူးပေါင်းပါဝင်ကူညီဆောင်ရွက်မည့် အထူးရဲတပ်ဖွဲ့ဝင်များ သင်တန်းဖွင့်ပွဲကို ပုဏ္ဏားကျွန်း၌ အောက်တိုဘာလ စတုတ္ထပတ်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်လတ်က အထူးရဲတပ်ဖွဲ့ သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းနှင့် ရွေးကောက်ပွဲနေ့ မဲရုံများ၌ တာဝန်ယူဆောင်ရွက်ရမည့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ မြို့နယ်အတွင်းရှိ မဲရုံ ၁၄၁ ရုံအတွက် အထူးရဲ ၁၄၁ ဦး သင်တန်းတက်ရောက်လျက်ရှိကြောင်း သိရသည်။ သူ(ပုဏ္ဏားမြို)

**လယ်ဝေး**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ရဲတပ်ဖွဲ့၊ အထူးရဲတပ်ဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးသင်တန်းဖွင့်ပွဲကို အောက်တိုဘာလ စတုတ္ထပတ်က အမှတ်(၃) ရပ်ကွက်ရှိ ဖောင်တော်ချက်မဘုရားဇာတ်ခုံ၌ ကျင်းပရာ ရဲမှူးကြီး ဇော်ခင်အောင်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်က အထူးရဲများသင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်လွင်က ရွေးကောက်ပွဲနှင့်ပတ်သက်၍ အထူးရဲများကို သိသင့်သိထိုက်သည့် အချက်အလက်များ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ ကိုကိုရှုပ(နေပြည်တော်)

**နမ့်ခမ်း**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် ရဲတပ်ဖွဲ့အထူးရဲများ၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ စတုတ္ထပတ်က နမ့်ခမ်းမြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းက နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးအား မြို့နယ်အတွင်းရှိ မဲရုံ ၁၁၁ ရုံ၌ ဆန္ဒမဲပေးမည့်မဲဆန္ဒရှင်ပြည်သူများ လုံခြုံအေးချမ်းစွာဖြင့် ဆန္ဒမဲပေးနိုင်ရန်အတွက် အထူးရဲများခန့်အပ်ပြီး သင်တန်းဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ (ခရိုင် ပြန်/ဆက်)

**သံတွဲ**

သံတွဲခရိုင် သံတွဲမြို့နယ်၌ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အထူးရဲသင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ စတုတ္ထပတ်က သံတွဲမြို့ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်/ ကျေးရွာများမှ အထူးရဲသင်တန်းသား ၁၈၅ ဦး တက်ရောက်ကြပြီး အထူးရဲများကို အောက်တိုဘာ၂၀ ရက်မှ ၃၁ ရက်အထိ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ အခမ်းအနားသို့ သံတွဲမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်ဇော်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါက်တာစိုးမြင့်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

**မင်းလှ**

ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သာယာဝတီခရိုင် မင်းလှမြို့နယ်၌ လုံခြုံရေးတာဝန်ထမ်းဆောင်ရန်အတွက် အထူးရဲတပ်ဖွဲ့ဝင်သင်တန်းကို အောက်တိုဘာလ စတုတ္ထပတ်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး စောဝေက အမှာစကားပြောကြားပြီး ဒုရဲမှူးစိုးနိုင်က သင်တန်းစည်းကမ်းချက်များကို မှာကြားခဲ့ကြောင်း သိရသည်။ ပေါက်စ(ပြန်/ဆက်)

**ကော့သောင်း**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့ ရွေးကောက်ပွဲဆိုင်ရာ အထူးရဲတပ်ဖွဲ့ဝင်သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက ကော့သောင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတက်မည့် အထူးရဲတပ်ဖွဲ့ဝင်များအတွက် စာရေးကိရိယာများကို မြို့နယ်ရဲတပ်ဖွဲ့မှူးက ထောက်ပံ့ပေးအပ်ပြီး မဲရုံပုံစံဖြင့် အထူးရဲတပ်ဖွဲ့ဝင်များ ရွေးကောက်ပွဲကာလအတွင်း မဲရုံလုံခြုံရေး တာဝန်ထမ်းဆောင်ရမည့် လုပ်ငန်းစဉ်များအား လက်တွေ့သရုပ်ပြလေ့ကျင့်ကြသည်။

ကျော်စိုး(ပြန်/ဆက်)

# အားမာန်ဝင့်ချီ အနာဂတ်ဆီသို့

ဒေါက်တာမင်းသန့်(ဒဿန)

**ဘင်္ဂလားပင်လယ်အော်ဘက်က အိန္ဒိယဘက်ကိုဝင်လာတဲ့ မုန်တိုင်းအဖျားခတ်လို့ ထင်ပါရဲ့။ အောက်တိုဘာလ ဒုတိယပတ်ထဲမှာ ရွာလိုက်တဲ့မိုး... မရပ်မနားပါပဲလား။ မိုးရွာလို့ အေးချမ်းနေတဲ့ ပတ်ဝန်းကျင်နဲ့အတူ စာရေးသူရင်မှာလည်း အေးမြငြိမ်သက်လို့နေပါတယ်။ ဒါပေမယ့် စာရေးသူရောက်ရှိနေတဲ့ ရန်ကုန်မြို့ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်မှာရှိတဲ့ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၊ ရန်ကုန်တစ်ခုလုံးကတော့ ပျားပန်းခပ်မျှ အလုပ်ရှုပ်နေကြတာကို တွေ့မြင်နေရပါတယ်။**



ကျောင်းက တာဝန်ရှိသူတွေ၊ ကျောင်းဆင်း ကျောင်းသားတွေရော၊ ကျောင်းမဆင်းသေးတဲ့ ကျောင်းသားတွေရော အလုပ်တွေရှုပ်နေကြပါတယ်။ ကျောင်းမုခ်ဦးမှာ ဘွဲ့နှင်းသဘင်နဲ့ ကျောင်းဆင်းပွဲ စာတန်း ဗီနိုင်းကြီးကို မိုးရွာကြီးထဲရအောင် ထောင်နေကြတာတစ်ဖွဲ့၊ ရွာနေတဲ့မိုးရပ်သွားတာနဲ့ ကျောင်းအဝင်သစ်ပင်တွေနဲ့ လမ်းဘေးပလက်ဖောင်းတွေကို ရေဆေးအဖြူသုတ်လိုက်၊ မိုးရွာရင် ပြန်ပြေးလာလိုက် လုပ်နေတာတစ်ဖွဲ့၊ ဘွဲ့နှင်းသဘင်ခန်းမမှာ ကျောင်းဆင်းပွဲ **Logo** တွေ လိုက်ချိတ်နေတာတစ်ဖွဲ့၊ နယ်စပ်ဒေသအသီးသီးက ဘွဲ့နှင်းသဘင်နဲ့ ကျောင်းဆင်းပွဲတက်လာကြတဲ့ မိဘတွေကြိုတဲ့ကား၊ တက္ကစီကားတဖွဲဖွဲဝင်လာတော့ အပြေးအလွှားနေရာချတာကတစ်ဖွဲ့... အို... အဖွဲ့တွေ... အဖွဲ့တွေ စုံနေတာပဲ။

ပြေးလိုက်ကြ... လွှားလိုက်ကြ... လုပ်လိုက်ကြ... ကိုင်လိုက်ကြနဲ့ ... ပျော်စရာကြီး။ သတင်းဆောင်းပါးရေးဖို့ ကြိုတင်ရောက်ရှိလေ့လာနေတဲ့ စာရေးသူတောင် သူတို့နဲ့အတူ ဝိုင်းကူလုပ်ချင်စိတ်တောင် ပေါ်လာပါတယ်။

အဆက်မပြတ် ရွာနေတဲ့ ရန်ကုန်မိုးကလည်း ပျားပန်းခပ်အလုပ်များနေတဲ့ ဝန်ထမ်းတွေ၊ ကျောင်းသားတွေကို သနားသွားလို့ ထင်ပါရဲ့။ အံ့သြစရာကောင်းလောက်အောင် မိုးတိတ်သွားလိုက်တာ၊ မကြာခင်မှာပဲ နေမင်းကြီးထွက်ပေါ်လာတော့ စာရေးသူတောင်သူတို့အတွက် ဝမ်းသာပေးလိုက်မိတယ်။ မိုးမင်းကြီးရယ်... နောက်ထပ် မရွာပါနဲ့ဦးပေါ့။

အဲဒီအချိန်မှာပဲ ကျောင်းအုပ်ကြီးနဲ့ ဘွဲ့နှင်းသဘင်အဝင်ဝမှာတွေ့တော့ သိချင်တာလေးတွေ မေးမြန်းကြည့်ပါတယ်။

ဒီဂရီကောလိပ်၊ ရန်ကုန်ကို ၁၅-၆-၂၀၀၀ ရက်နေ့မှာ ပရဟိတ (ကျား) ကျောင်း လှိုင်မြို့နယ်မှာ စတင်ဖွင့်လှစ်ခဲ့ပြီး ၅-၇-၂၀၀၅ ရက်နေ့မှာ လက်ရှိနေရာ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်ကို ပြောင်းရွှေ့ဖွင့်လှစ်ခဲ့တာလို့ သိရပါတယ်။

နယ်စပ်ရေးရာ ဝန်ကြီးဌာနအောက်မှာရှိတဲ့ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများနဲ့ နယ်စပ်ဒေသအသီးသီးမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးတဲ့ တိုင်းရင်းသားလူငယ်လေးတွေကို သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးမှ တစ်ဆင့်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့နဲ့ စနစ်တကျရွေးချယ်ကာ သင်ကြားပေးလျက်ရှိပြီး ရန်ကုန်မှာ တစ်ကျောင်း၊ စစ်ကိုင်းမှာ တစ်ကျောင်း စုစုပေါင်း နှစ်ကျောင်း ရှိပါတယ်။

ရွေးချယ်ပြီးတဲ့ တိုင်းရင်းသားတွေမှာ (ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း) စတဲ့ တိုင်းရင်းသားပေါင်းစုံ ပါဝင်နေတဲ့အတွက် ဒီဂရီကောလိပ်ကျောင်းတော်ကြီးဟာ ပြည်ထောင်စုကြီးထဲ ပြည်ထောင်စုငယ်လေးသဖွယ် စုစည်း ညီညွတ် အတူတကွ ပညာသင်ကြားလေ့ကျင့်နေကြရတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

တိုင်းရင်းသား ကျောင်းသားလူငယ်တွေအတွက် နိုင်ငံတော်က အပြည့်အစုံ ထောက်ပံ့ပေးထားပါတယ်။ အဝတ်အစား၊ အိပ်ရာ၊ စာရေးကိရိယာ၊ နေထိုင်စရာ သုံးထပ်အိပ်ဆောင်တွေ၊ နံနက်စောစာကြက်ဥ၊ နွားနို့၊ ထမင်းကြော်၊ နံနက်၊ ည အသားဟင်း၊ ငါးဟင်းကျွေးမွေးနေတာတွေ၊ လစဉ်မုန့်ဖိုး အားလုံး အခမဲ့ ထောက်ပံ့ပေးထားလို့ တိုင်းရင်းသားတွေအပေါ် နိုင်ငံတော်က ထားရှိတဲ့ စေတနာကို အထင်းသား မြင်တွေ့ရမှာဖြစ်ပါတယ်။

ဝိဇ္ဇာ/သိပ္ပံ၊ B.Tech၊ AGTI ဘွဲ့၊ ဒီပလိုမာတွေ အပ်နှင်းပေးပြီး လေးနှစ်တာကာလ ပညာသင်ကြားလေ့ကျင့်ကြရပါတယ်။ အဆင့်မီတဲ့ သူတွေ၊ မဟာကြို၊ မဟာတန်း၊ ပါရဂူတန်းတွေစတဲ့ ဘွဲ့လွန်တွေလည်း ဆက်လက်သင်ကြားခွင့်ရလို့ ယနေ့အထိ M.A ၉၈ ဦး၊ M.Sc ၁၉၀၊ M.Res ၉၉ ဦး၊ B.E ၁၉၉ ဦး၊ Ph.D ၁၂ ဦးအပါအဝင် ဘွဲ့ရအလုပ်ခန့်အပ်ပြီးသူ ၁၂၈၀ သီးပွင့်အောင်မြင်နေပြီဖြစ်ပါတယ်။



ပညာတတ်မြောက်ပြီးလို့ ကျောင်းဆင်းသွားတဲ့ တိုင်းရင်းသားလူငယ်တွေကိုလည်း နိုင်ငံတော်အစိုးရရဲ့ ဝန်ကြီးဌာန၊ ဦးစီးဌာနအသီးသီးက သူတို့ရဲ့ နယ်စပ်ဒေသအသီးသီးမှာ အကြီးတန်းစာရေး ရာထူးခန့်အပ်ပြီး မကြာမီမှာပဲ ဒုတိယဦးစီးမှူး (အရာရှိငယ်)အဖြစ် ခန့်အပ်ပေးတဲ့အတွက် သူတို့ရဲ့ ဘဝတွေ ခိုင်မာကောင်းမွန်စေတဲ့အပြင် သူတို့ကြီးပြင်းရာ နယ်စပ်ဒေသတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ခွင့်ရတဲ့အတွက် မိဘဆွေမျိုးတွေပါ ကျေနပ်ဝမ်းမြောက်လျက်ရှိပါတယ်။

ဩော်... ကြည့်လိုက်စမ်းပါဦး။ ဒီလို တက်ကြွရှင်လန်းနေတဲ့ တိုင်းရင်းသားလူငယ်လေးတွေကို လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်က ဆောင်ရွက်ပေးနေတာတွေ စာရေးသူကိုယ်တိုင်ကြားသိမြင်တွေ့ရတော့ အံ့သြဝမ်းမြောက်စွာ လှိုက်လှိုက်လှဲလှဲ ခံစားလိုက်ရပါတယ်။

ဒီဆောင်းပါးကို ဖတ်မိတဲ့သူတိုင်း၊ ဒီအကြောင်းအရာတွေ သိကြတဲ့သူတိုင်း စာရေးသူလိုပဲ အတိုင်းမသိ ဝမ်းမြောက်မိကြမှာပါ။ ၁၅-၁၀-၂၀၁၅ ရက်နေ့မှာ ကျင်းပတဲ့ ဝိဇ္ဇာဘွဲ့/ သိပ္ပံဘွဲ့ ဘွဲ့နှင်းသဘင် အခမ်းအနားမှာလည်း အသက် (၂၀၊ ၂၁၊ ၂၂) အရွယ်တွေမို့ နုပျိုလန်းဆန်းနေတဲ့ တိုင်းရင်းသား ကျောင်းဆင်းကျောင်းသားတွေနဲ့ မိဘဆွေမျိုးတွေရဲ့ မျက်နှာမှာ ဂုဏ်ယူဝင့်ကြွားစွာ ပြုံးပျော်နေကြတာကို အထင်းသားမြင်တွေ့နေရပါတယ်။ ရိုက်လိုက်ကြတဲ့ ဓာတ်ပုံတွေ၊ ကင်မရာတွေ၊ ဖုန်းကင်မရာတွေ တဝင်းဝင်း၊ တလက်လက်နဲ့ မိဘတွေနဲ့ တွဲရိုက်ကြ၊ ဆရာဆရာမတွေနဲ့ တွဲရိုက်ကြ၊ သူငယ်ချင်းအချင်းချင်း စုရိုက်လိုက်ကြနဲ့ ပျော်စရာကောင်းတဲ့ အဲဒီမြင်ကွင်းကို ဝမ်းမြောက်ဝမ်းသာ မြင်တွေ့ခဲ့ရပါတယ်။

၁၆-၁၀-၂၀၁၅ ရက်နေ့မှာတော့ ဒီဂရီကောလိပ်၊ ရန်ကုန်နဲ့ ကျောင်းဆင်း ကျောင်းသား၊ မိဘဆွေမျိုးများအတွက် သမိုင်းဝင် နေ့ထူးနေ့မြတ်ကြီးပါပဲ။ သင်တန်းအမှတ်စဉ် (၁၃)ရဲ့ ကျောင်းဆင်းပွဲနေ့ကြီးပါပဲ။

နံနက် ၉ နာရီမှာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက် မိန့်ခွန်းပြောကြားပါတယ်။ ပြည်ထောင်စုဝန်ကြီးက "ဒီကျောင်းတော်ကြီးဟာ နိုင်ငံတော်က ရည်ရွယ်ချက်ကောင်းတွေနဲ့ မျှော်မှန်းချက်တွေထားပြီး ဖွင့်လှစ်ထားတဲ့ ကျောင်းဖြစ်လို့ ဒီကျောင်းကဆင်းတဲ့ တိုင်းရင်းသားကျောင်းသားတွေကို နိုင်ငံတော်က အားလည်းကိုးတယ်၊ အားလည်းထားတယ်။ ဒါကြောင့် မိမိတာဝန်ကျရာဒေသကို ဖွံ့ဖြိုးတိုးတက်အောင် အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ နယ်စပ်ဒေသတွေတည်ငြိမ် အေးချမ်းဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ဖို့၊ တိုင်းရင်းသားလူမျိုးများရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးစေရေး အထူးအလေးထား ဆောင်ရွက်လျက်ရှိတယ်။ တိုင်းရင်းသားလူငယ်တွေအနေနဲ့ ဒီတာဝန်များအပြင် တို့တာဝန် အရေးသုံးပါးကိုလည်း ဦးထိပ်ပန်ဆင် စောင့်ထိန်းကြဖို့ အသက်တမျှ အရေးကြီးတယ်" လို့ မှာကြားခဲ့ပါတယ်။

နေ့ခင်းပိုင်းမှာတော့ တာဝန်ရှိသူက အလုပ်တာဝန်တွေအပ်နှင်းပေးခဲ့ပါတယ်။

တိုင်းရင်းသား လူငယ်တွေရဲ့ ကျောင်းဆင်း ဂုဏ်ပြုညစာစားပွဲဟာလည်း သိုက်သိုက်ဝန်းဝန်း ခန့်ခန့်ညားညား၊ ပျော်ပျော်ရွှင်ရွှင် ကျင်းပတာ မြင်တွေ့ခဲ့ရပါတယ်။

ညစာစားပွဲမှာ ပြည်ထောင်စုဝန်ကြီးနဲ့ဇနီးတို့ကလည်း ကျောင်းသားမိဘတွေကို စားပွဲတစ်ခုချင်းလိုက်လံနှုတ်ဆက်တော့ ပြုံးပျော်နေလိုက်ကြတာ...။ ပါးရဲထိုးထားတဲ့ ချင်းတိုင်းရင်းသူကြီးတစ်ဦးက ပြည်ထောင်စုဝန်ကြီးရဲ့ဇနီးကို ဆံထိုးလက်ဆောင်ပေးလို့ ခေါင်းမှာ ချက်ချင်းပန်လိုက်တော့ တိုင်းရင်းသားတွေ လက်ခုပ်တွေတီးပြီး အားပေးကြတာ မပြောပါနဲ့တော့... ပျော်စရာကြီးပါပဲ။

စာရေးသူအဖို့တော့ အဲဒီမြင်ကွင်းဟာ မေ့မှာမဟုတ်တော့ပါဘူး။ ဘွဲ့နှင်းသဘင်၊ သင်တန်းဆင်းပွဲ၊ အလုပ်တာဝန်အပ်နှင်းပွဲ၊ ညစာစားပွဲအားလုံး အောင်မြင်ချောမွေ့စွာပြီးဆုံးသွားခဲ့ပါတယ်။

ဒီနှစ်ကျောင်းဆင်းတာ ၁၇၆ ဦးရှိတယ်လို့ သိရပြီး ၂၀၁၆ ခုနှစ်မှာ ဝိဇ္ဇာ၊ သိပ္ပံ၊ အင်ဂျင်နီယာ ၃၇၄ ဦးဆင်းမှာလို့ သိရပါတယ်။

အပြန်လမ်းမှာလည်း ဘွဲ့နှင်းသဘင်၊ ကျောင်းဆင်းပွဲ၊ ညစာစားပွဲမှာ ပြုံးပျော်နေတဲ့ ပုံရိပ်တွေကိုပဲ ပြန်လည်တွေးတော မြင်ယောင်မိရင်း အမိနိုင်ငံတော်ကြီးရဲ့ အနာဂတ်ကာလမှာ အမျိုး၊ ဘာသာ၊ သာသနာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြမယ့် တိုင်းရင်းသားလူငယ်တွေ့ရဲ့ အားမာန်တွေကို မြင်ယောင် ကြည်နူးနေမိပါတော့တယ်။ ။

**တိုင်းရင်းသားပေါင်းစုံ ပါဝင်နေတဲ့အတွက် ဒီဂရီကောလိပ်ကျောင်းတော်ကြီးဟာ ပြည်ထောင်စုကြီးထဲ ပြည်ထောင်စုငယ်လေးသဖွယ် စုစည်းညီညွတ် အတူတကွ ပညာသင်ကြားလေ့ကျင့်နေကြရတာကို တွေ့မြင်ရမှာဖြစ်ပါတယ်...**




- MPT ၏ မိုဘိုင်းဖုန်း သုံးစွဲသူများအားလုံးအတွက် အကျုံးဝင်ပါသည်။
- MPT နံပါတ်အချင်းချင်းသာ SMS ပေးပို့နိုင်မည်ဖြစ်ပါသည်။
- ၂၀၁၅ ခုနှစ် အောက်တိုဘာလ (၂၈)ရက်နေ့(သီတင်းကျွတ်လပြည့်နေ့) တစ်ရက်တည်းသာ ပေးပို့နိုင်မည်ဖြစ်ပါသည်။
- သုံးစွဲသူတစ်ယောက်အနေဖြင့် SMS (၂၈)စောင်အထိ ပေးပို့နိုင်ပါသည်။

CALL CENTER 106 (၂၄)နာရီ အခမဲ့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

MPT
ရွှေ့သို့လှမ်းချီ မြန်မာပြည်

## သီတဂူ ရွှေပြည်ဟိန်း စကျွဲဒါနဆေးရုံ နိုဝင်ဘာလ၊ ၁၄-၁၅၊ (၅၃)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

အောက်တိုဘာလ(၁၀)ရက် (၅၂)ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ(၆၇၀၀)ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ နိုဝင်ဘာလ (၁၄၊ ၁၅)ရက်တွင် ၅၃-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀ဝိ/-ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူ ရွှေပြည်ဟိန်း စကျွဲဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း၊ (ကျိုက္ကဆံဂူပါဝမ်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉ ရွှေဂုံတိုင်ကမ္ဘောဇဘဏ် အရှင်စေမာသိရိလက်ခံရ (AccountNo.00750100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။


### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အထက(၂)၊ အဋ္ဌမတန်း(D)မှ မောင်ချစ်သဲကိုနှင့်အလက (ခွဲ)ထူပါရုံ ဒုတိယတန်း(ခ)မှ မထက်ထက်လင်း၏ ဖခင်အမည်မှန်မှာ ဦးကိုလေး ၅/မရန(နိုင်)၁၄၄၀၉၉ ဖြစ်ပါကြောင်း။

**ဦးကိုလေး**

### ဖခင်အမည်မှန်

စစ်ကိုင်းမြို့နယ်၊ ကျောက်ဆည် အထက တက္ကသိုလ်ဝင်တန်း(A)မှ မရွှေစင်၏ဖခင်အမည်မှန်မှာ ဦးတင့်ဝေ ၅/စကန (နိုင်)၂၂၈၉၇၂ ဖြစ်ပါကြောင်း။

**ဦးတင့်ဝေ**

### ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(အတွဲ ၁၊ D)မှ မောင်လွင်ငွေး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးကျော်ကျော်ခိုင် ဖြစ်ပါကြောင်း။

**ဦးကျော်ကျော်ခိုင် ၆/ကစန(နိုင်)၀၅၀၈၆၁**

### တစ်ဦးတည်းဖြစ်ပါကြောင်း

အောင်လံမြို့နယ်၊ မြို့လုကျေးရွာနေ ဦးခင်လှ၏သား မောင်ချမ်းပြည့်အောင်နှင့် မောင်ချမ်းမြေ့အောင် ၈/အလန(နိုင်) ၁၆၃၅၉၁ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ချမ်းပြည့်အောင်(ခ)**
**မောင်ချမ်းမြေ့အောင်**

### သတ္တုတွင်းဝန်ကြီးဌာန
### သတ္တုတွင်းဦးစီးဌာန
### (စက်သုံးဆီသိုလှောင်ခွင့်လိုင်စင်များ သက်တမ်းတိုးရန်နှိုးဆော်ခြင်း)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ ထုတ်ပေးထားသော ရေနံထွက်ပစ္စည်းသိုလှောင်ခွင့်လိုင်စင်များသည် ၂၀၁၅ခုနှစ် ဒီဇင်ဘာ၃၁ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ရာ ရေနံနည်းဥပဒေ(၁၁၉)အရ သက်တမ်းကုန်ဆုံးသော နေ့ရက်မတိုင်မီ နှစ်လကြိုတင်၍ နောင်လာမည့်နှစ်အတွက် သက်တမ်းတိုးမြှင့်လျှောက်ထားရန် လိုအပ်ပါသည်။

၂။ ရေနံထွက်ပစ္စည်းသိုလှောင်ခွင့်လိုင်စင်များသက်တမ်းတိုးမြှင့်မှုကို ၁-၁၁-၂၀၁၅ရက်မှ ၃၁-၁၂-၂၀၁၅ ရက်အတွင်း လျှောက်ထားကြရန်နှင့် ပျက်ကွက်သည့် သိုလှောင်ခွင့်လိုင်စင်များအတွက် ရက်လွန်ဒဏ်ကြေးအဖြစ် ၁-၁-၂၀၁၆ ရက်မှ စတင်ကာ တစ်ရက်လျှင် သိုလှောင်ခွင့် လိုင်စင်ကြေး၏ ၂ ရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်ပါသည်။

၃။ သက်တမ်းတိုးရန်လျှောက်ထားသည့်အခါ အောက်ပါစာရွက်စာတမ်းများ တစ်ပါတည်း ယူဆောင်လာရန် နှိုးဆော်အပ်ပါသည်-

(က) သတ်မှတ်ပုံစံဖြင့်လျှောက်လွှာ၊
(ခ) ဤဦးစီးဌာနမှ ထုတ်ပေးထားသောမူရင်းလိုင်စင်။
(ဂ) သိုလှောင်ကန်/သိုလှောင်ရုံများ၏လက်ရှိမှတ်တမ်းဓာတ်ပုံများ
(ဃ) ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊

**စစ်ဆေးရေးဌာနခွဲ**
**သတ္တုတွင်းဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန**
**ရုံးအမှတ်(၁၉)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၉၃၇၆**

## ရွှေရတုမင်္ဂလာနှစ်ပတ်လည်ဆုတောင်းလွှာ

သားတို့ သမီးတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးစိန်ဝင်း (အငြိမ်းစားဆရာကြီး) အ. ထ. က(၁) မော်ကျွန်းနှင့် ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်ခင်မြင့်တို့၏ (၂၇-၁၀-၂၀၁၅) နေ့တွင် ကျရောက်သည့် နှစ် (၅၀) ပြည့်မင်္ဂလာရက်မြတ်မှသည် စိန်ရတု၊ ပတ္တမြားရတုအထိမ်းအမှတ်တိုင်အောင် ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းသော ကျန်းမာပျော်ရွှင်စွာဖြင့် ချစ်သော သား၊ သမီး၊ မြေး၊ မြစ်များနှင့် အတူလက်တွဲပြီး ဘာသာ၊ သာသနာအကျိုး ဆောင်ရွက်လျက် လျှောက်လှမ်းနိုင်ကြပါစေကြောင်း ပူဇော်ဂါရဝပြု ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ချစ်သား၊ သမီးများ** - ဦးသတိုးဇေ(ခ)ဦးခင်မောင်ဝင်း-ဒေါ်သန်းသန်းအေး၊ ဒေါ်သီတာဝင်း၊ ဦးအောင်ကိုဦး-ဒေါ်သန္တာဝင်း၊ ဒေါ်ပပဝင်း၊ ဦးလှိုင်မင်းထက်ကောင်း-ဒေါ်စန္ဒာဝင်း၊ ဦးကောင်း မြတ်ဝင်း-ဒေါ်ဘေဘီဝင်းမြင့်။

**ချစ်မြေးများ** - ကိုစစ်နိုင်-မသော်နန္ဒာဇင်၊ မဆုရည်နန္ဒာ၊ မောင်ကောင်းထက်စံ၊ မောင်ထွဋ်မြတ်ပိုင်၊ မသဒ္ဒါထက်လျှံ

**ချစ်မြစ်ကလေး** - မခေတ်မြတ်နိုးမယ်(ခ)ခိုင်ဇင်သိမ့်

### အမည်မှန်

ဦးကီလ်ကျဲအို၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ အထက(၃) တက္ကသိုလ်ဝင်တန်းမှ မောင်ဇော့ထောင်တလန်း၏အမည်မှန်မှာ မောင်ဂျော့ထောင်တထန် ဖြစ်ပါကြောင်း။ **မောင်ဂျော့ထောင်တထန်**

### ဖခင်အမည်မှန်

စစ်ကိုင်းမြို့နယ်၊ ကျောက်ဆည် အထက၊ တက္ကသိုလ်ဝင်တန်း(A)မှ မဇင်ဇင်အေး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဆွေ ၅/စကန(နိုင်)၀၈၇၆၂၃ ဖြစ်ပါကြောင်း။

**ဦးမြင့်ဆွေ**

### အမည်မှန်

ဦးပုမ့်ခင်းခမ်၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ အထက(၃) တက္ကသိုလ်ဝင်တန်း(D)မှမောင်ကမ်းခန့်ထန်၏ အမည်မှန်မှာ မောင်လမ်ခန့်ထန် ဖြစ်ပါကြောင်း။ **မောင်လမ်ခန့်ထန်**

### မိုးကောင်းမြို့နယ်အသင်း (ရန်ကုန်)

(၁၁) ကြိမ်မြောက် ကထိန်သင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲကို (၁-၁၁-၂၀၁၅) ရက် ကျောက်စိမ်းတွင်းခမ္မာရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အသင်းဝင်များနှင့် မြို့နယ်သူ မြို့နယ်သား များအားလုံး ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ လှူဒါန်းလိုပါက ဦးမောင်ကြီး (ဖုန်း-၂၄၃၄၈၂)၊ ဦးချစ်မောင် (ဖုန်း-၅၀၃၁၉၈)၊ ဦးအောင်သိန်း (ဖုန်း-၃၈၃၉၄၆)၊ ဦးတင်မောင်အုန်း (ဖုန်း-၅၃၉၂၈၇)၊ ဦးထင်ဆိုက် (ဖုန်း-၂၂၄၅၉၁)၊ Drမြင့်ဦး (ဖုန်း-၀၉၃၁၇၈၈၁၇၉)၊ ဦးကျော် ကိုကို (ဖုန်း-၀၉၄၃၀၁၈၃၀၈)၊ ဒေါ်ခင်ပြုံးပြုံးမြင့် (ဖုန်း-၀၉၅၀၁၄၄၄၈) သို့ ဆက်သွယ်စာရင်းပေးကြပါရန် (သီးခြားဖိတ်စာမပို့ပါ)

**မိုးကောင်းမြို့နယ်အသင်း (ရန်ကုန်)**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(E)မှ မယုသန္တာ၏ ဖခင်အမည်မှန်မှာ ဦးသက်တင် ၅/ကလထ(နိုင်)၀၀၄၁၃၁ ဖြစ်ပါကြောင်း။

**ဦးသက်တင်**

### အမည်မှန်

ကလေးမြို့၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ(စက/၃၉၉၀)၏အမည်မှန်မှာ ဦးအောင် ၅/ကလထ(နိုင်) ၁၁၀၂၇၁ ဖြစ်ပါကြောင်း။

**ဦးအောင်**

### အမည်ပြောင်း

ဦးအောင်ဆန်းလင်း ၇/ကတခ(နိုင်) ၀၀၀၄၀၇ ၏ သား ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ ဖဒို အထက ကျောင်း အဋ္ဌမတန်း(A)မှ မောင်ဇင်လင်းနိုင်အား မောင်ဟိဏ်းလင်းကျော်၊ ဖဒို အထက ကျောင်း တတိယတန်း(A)မှ မောင်သုတစွမ်းအား မောင်ကျော်ဇောအောင်ဟု ပြောင်းလဲခေါ်ပါရန်။

## ပြည်တွင်းအခွန်များဦးစီးဌာန
## ဝန်ထမ်းဟောင်းများအသင်း
## တတိယအကြိမ်
## ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ပြည်တွင်းအခွန်များဦးစီးဌာန ဝန်ထမ်းဟောင်းများအသင်း၏ တတိယအကြိမ် ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၇ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၇ ရက်) ၄-၁၁-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ စံကားဝါလမ်း၊ အမှတ် ၁၄ ရှိ တိပိဋက နိကာယကျောင်းတိုက် ရွှေရတုသဘင်ခန်းမတွင် ကျင်းပသွားမည်ဖြစ်ရာ ဝန်ထမ်းဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် ကြွရောက်ကုသိုလ်ယူကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကထိန်သင်္ကန်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများကို ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီးရှိ ပြည်တွင်းအခွန်များဦးစီးဌာန ဓမ္မာရုံတွင် ၃၁-၁၀-၂၀၁၅ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိလည်းကောင်း ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပမည့်နေရာတွင် ၄-၁၁-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီမတိုင်မီလည်းကောင်း ကြွရောက်ပေးပို့လှူဒါန်းနိုင်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ဝန်ထမ်းဟောင်းများအသင်း**
**ပြည်တွင်းအခွန်များဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၌ ၂၀၁၅ခုနှစ်တွင် ကျင်းပမည့် စတုတ္ထအကြိမ် Computer Based Test (CBT) စနစ်ဖြင့် ကိုရီးယားဘာသာအရည်အချင်းစစ် အထူးသီးသန့်စာမေးပွဲကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာနတို့သည် နှစ်နိုင်ငံသဘောတူညီမှုစာချွန်လွှာအရ နိုင်ငံခြားသား လုပ်သားခေါ်ယူမှုစနစ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ကိုင်ရန်ဆန္ဒရှိသော မြန်မာလုပ်သားများအတွက် အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါ ကိုရီးယားသမ္မတနိုင်ငံတွင် အနိမ့်ဆုံး (၃)နှစ်ထက်ပို၍ တရားဝင်ကောင်းမွန်စွာနေထိုင်အလုပ်လုပ်ကိုင်ခဲ့ပြီး မြန်မာနိုင်ငံသို့ ၂၀၁၀ခုနှစ် ဇန်နဝါရီလနောက်ပိုင်း ပြန်လည်ရောက်ရှိခဲ့သော မြန်မာအလုပ်သမားများအတွက် ထပ်မံသွားရောက်အလုပ်လုပ်ကိုင်နိုင်ရေး ရည်ရွယ်ပြီး Computer Based Test (CBT) စနစ်ဖြင့် သီးသန့်ပြုလုပ်ပေးသော ကိုရီးယားဘာသာအရည်အချင်းစစ် အထူးစာမေးပွဲဖြစ်ပါသည်။ ထိုစာမေးပွဲ အောင်မြင်သူများသာလျှင် နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်အရ အလုပ်လျှောက်လွှာတင်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၁။ **စာမေးပွဲကျင်းပမည့် နေ့ရက်၊ အချိန်**
(က) ၃-၁၂-၂၀၁၅ ရက်မှ စတင်ကျင်းပမည်။
(ခ) ၀၉း၃၀ နာရီမှ ၁၀း၄၀ နာရီထိ (ပထမပိုင်း)နှင့် ၁၁း၅၀ နာရီမှ ၁၃း၀၀ နာရီထိ (ဒုတိယပိုင်း) နှစ်ကြိမ်ခွဲ၍ တစ်ကြိမ်လျှင် လုပ်သား(၃၀)ဦး စစ်ဆေးပါမည်။
- စာမေးပွဲဖြေဆိုသူများအား အသိပညာပေးခြင်းရှိပါသဖြင့် ပထမပိုင်းဖြေဆိုမည့်သူများသည် ၀၈း၃၀ နာရီတွင်လည်းကောင်း၊ ဒုတိယပိုင်းဖြေဆိုမည့်သူများသည် ၁၀း၅၀ နာရီတွင်လည်းကောင်း၊ သက်ဆိုင်ရာစာမေးပွဲခန်းများတွင် နေရာယူပြီး ဖြစ်ရပါမည်။

၂။ **စာမေးပွဲကျင်းပမည့်နေရာ**
- CBT Center အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၊ အမှတ်(၈/၁)၊ နဂါးရုံဘုရားလမ်း၊ ၅ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

၃။ **ခေါ်ယူမည့်လုပ်ငန်းအမျိုးအစား**

| လုပ်ငန်းအမျိုးအစား | အောင်စာရင်းသတ်မှတ်ချက် |
|---|---|
| ကုန်ထုတ်လုပ်ငန်း<br>ဆောက်လုပ်ရေးလုပ်ငန်း<br>စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း | အမှတ်ပြည့်(၂၀၀)ရှိသည့်အနက် အမှတ်(၈၀)အထက် ရရှိသူများအား အမှတ်အနည်း/အများအလိုက် သတ်မှတ်အရေအတွက်သာ အောင်မြင်ခွင့် |

၄။ **သတ်မှတ်ချက်များ**
(က) အသက်(၁၈)နှစ်မှ (၃၉)နှစ်အတွင်း
(၁၉၇၅ခုနှစ် နိုဝင်ဘာလ ၇ရက်မှ ၁၉၉၇ခုနှစ် နိုဝင်ဘာလ ၆ရက်အတွင်း မွေးဖွားသူ)
(ခ) ထောင်ဒဏ်အပြစ်ကျခံဖူးခြင်း မရှိသူ/မိခင်နိုင်ငံမှ ပြည်ပသို့ထွက်ခွာရန် တားမြစ်ခြင်းမခံရသူ
(ဂ) ကိုရီးယားသမ္မတနိုင်ငံမှ နှင်ထုတ်ထားခြင်း/ပြန်ပို့ခြင်းမခံရသူ (တရားမဝင်နေထိုင်ခဲ့ဖူးခြင်း မရှိသူဖြစ်ရမည်)
(ဃ) ကျန်းမာရေးကောင်းမွန်သူ (ကျန်းမာရေးအတွက် ဆေးစစ်ခြင်းပြုလုပ်ပါမည်)

၅။ **စာမေးပွဲလျှောက်လွှာတင်သွင်းခြင်း**
(က) **လျှောက်လွှာထုတ်ပေး/လက်ခံမည့်ရက်** - ၆-၁၁-၂၀၁၅ မှ ၉-၁၁-၂၀၁၅ ရက်အတွင်း နေ့စဉ် နံနက် ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီအထိ
(ခ) **လျှောက်လွှာထုတ်ပေး/လက်ခံဌာန** - အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ အမှတ်(၈/၁)၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
(ဂ) **လျှောက်လွှာတင်ရမည့်နည်းလမ်း** - လျှောက်ထားသူကိုယ်တိုင် လာရောက်တင်ရမည်။
(ဃ) **လိုအပ်သည့်စာရွက်စာတမ်းများ**
(၁) စာမေးပွဲလျှောက်လွှာ (စာမေးပွဲခုံနံပါတ်ပါရှိပြီးဖြစ်ပါ၍ ၁ ဦးလျှင် တစ်စောင်သာထုတ်ပေးမည်။)
(၂) နိုင်ငံကူးလက်မှတ်မူရင်းနှင့် မိတ္တူတစ်စောင်၊ (**မှတ်ချက်။** ကိုရီးယားသမ္မတနိုင်ငံမှ ထွက်ခွာခဲ့သည့် နိုင်ငံကူးလက်မှတ်/မိတ္တူ) စာမေးပွဲလျှောက်လွှာတွင် သက်တမ်းရှိသော နိုင်ငံကူးလက်မှတ်မိတ္တူအား ကပ်ပေးရပါမည်။
(၃) (၃.၅စမ×၄.၅စမ) ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ (၆ လအတွင်း ရိုက်ကူးထားသောဓာတ်ပုံ)
(၄) စာမေးပွဲဖြေဆိုခ ပေးသွင်းထားသည့် ငွေရပြေစာ
(င) **စာမေးပွဲဖြေဆိုခ** - အမေရိကန်ဒေါ်လာ - ၂၄
- လျှောက်ထားသူများသည် အကြောင်းအမျိုးမျိုးကြောင့် လျှောက်လွှာပယ်ဖျက်လိုလျှင် လျှောက်လွှာလက်ခံသည့် ကာလအတွင်း လျှောက်ထားလာပါက ပယ်ဖျက်ပေးမည့်အပြင် စာမေးပွဲကြေးအား ပြန်လည်ထုတ်ပေးပါမည်။

၆။ **စာမေးပွဲဖြေဆိုရန် နေ့ရက်၊ အချိန်ဇယားထုတ်ပြန်ကြေညာခြင်း**
(က) ၁၉-၁၁-၂၀၁၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၇။ **စာမေးပွဲအောင်စာရင်းထုတ်ပြန်ကြေညာမည့်ရက်**
(က) ကြေညာမည့်ရက် ၁၄-၁၂-၂၀၁၅ ရက်
(ခ) ကြေညာမည့်နည်းလမ်း
(၁) အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံး
(၂) ကိုရီးယားသမ္မတနိုင်ငံ၊ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်/ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ (EPS-TOPIK) နှင့် ကိုရီးယားလူ့စွမ်းအားဖွံ့ဖြိုးမှုအဖွဲ့အစည်းတို့၏ Homepage (http;//www.eps.go.kr), Homepage (http;//epstopik.hrdkorea.or.kr), (http;//www.hrdkorea.go.kr)
(၃) စာမေးပွဲသက်တမ်း ၁၄-၁၂-၂၀၁၅ရက်မှ ၁၄-၁၂-၂၀၁၇ [(အောင်စာရင်းထုတ်ပြန်ကြေညာသည့်ရက်မှ (၂)နှစ်တာ)]

၈။ **စာမေးပွဲမေးခွန်းပုံစံနှင့် အမှတ်ပေးစည်းမျဉ်း**

| မေးခွန်းပုံစံ | မေးခွန်းအရေအတွက် | အမှတ်ပေါင်း | ဖြေဆိုချိန် | မှတ်ချက် |
|---|---|---|---|---|
| အဖတ်စွမ်းရည် (Reading) | ၂၅ပုဒ် | ၁၀၀ | ၄၀မိနစ် | အဖတ်စွမ်းရည်စာမေးပွဲနှင့် အကြားစွမ်းရည် စာမေးပွဲအား တစ်ဆက်တည်း ဖြေဆိုရမည်။ |
| အကြားစွမ်းရည် (Listening) | ၂၅ပုဒ် | ၁၀၀ | ၃၀မိနစ် | |
| **စုစုပေါင်း** | **၅၀ပုဒ်** | **၂၀၀** | **၇၀မိနစ်** | |

၉။ **စာမေးပွဲဖြေဆိုသည့်ရက်တွင် ဖြေဆိုသူယူဆောင်လာရမည့်စာရွက်စာတမ်းများ**
(က) ဖြေဆိုခွင့်ကတ်ပြား
(ခ) နိုင်ငံကူးလက်မှတ် (စာမေးပွဲလျှောက်လွှာတွင်ကပ်ထားခဲ့သော နိုင်ငံကူးလက်မှတ်)မူရင်း
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား
အထက်အပိုဒ်(က)၊ (ခ)၊ (ဂ)ပါ အထောက်အထားများယူဆောင်လာခြင်းမရှိပါက စာမေးပွဲအား ဝင်ရောက်ဖြေဆိုခွင့်မရှိပါ။

၁၀။ **သတိပြုရန်အချက်များ**
(က) စာမေးပွဲအောင်သူများ၏ အမှတ်စာရင်းအား ၁၄-၁၂-၂၀၁၅ရက်မှစ၍ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ ကြေညာပေးပါမည်။
(ခ) စာမေးပွဲဖြေဆိုချိန်တွင် မမှန်ကန်သည့်နည်းလမ်းဖြင့် ပြုလုပ်နိုင်သည့်စက်ပစ္စည်းများ (လက်ကိုင်တယ်လီဖုန်း၊ ကက်ဆက်၊ MP3၊ လျှပ်စစ်လက်ကိုင်အဘိဓာန်စသည်များ)အား ယူဆောင်လာခွင့်မရှိပါ။
(ဂ) စာမေးပွဲအတွင်း မမှန်ကန်သည့်အပြုအမူများ လုပ်ဆောင်ခဲ့လျှင် ဖြေဆိုခွင့်အား (၂)နှစ်ကြာပိတ်ပင်ခြင်းခံရမည်ဖြစ်ပါသည်။
(ဃ) စာမေးပွဲလျှောက်လွှာတွင်ရေးသားဖြည့်စွက်ခဲ့သောအမည်၊ မွေးသက္ကရာဇ်၊ နိုင်ငံကူးလက်မှတ်အမှတ်စသည့်အချက်များသည် နိုင်ငံကူးလက်မှတ်တွင်ပါရှိသော အချက်အလက်များနှင့် တူညီရန်လိုအပ်ပြီး ကွဲလွဲမှုရှိခဲ့လျှင် အမည်စာရင်းထည့်သွင်းခြင်းနှင့် အလုပ်ခွင်ဝင်ရောက်ခွင့်များရရှိမည်မဟုတ်ပါ။ ရေးသားဖြည့်စွက်သူ ကာယကံရှင်၏တာဝန်သာဖြစ်ကြောင်း အထူးသတိပေးအပ်ပါသည်။
(င) မိမိလျှောက်ထားသည့်လုပ်ငန်းမှအပ အခြားလုပ်ငန်းသို့ ပြောင်းလဲလျှောက်ထားခွင့်မရှိပါ။
(စ) ကိုရီးယားသမ္မတနိုင်ငံ၊ အင်ချွန်းလေဆိပ်ရောက်ရှိပြီးမှ တရားမဝင်ထွက်ပြေးခြင်း၊ သက်ဆိုင်ရာလုပ်ငန်းခွင်ရောက်ရှိပြီး နောက်တွင်လည်း တရားဝင်ခွင့်ပြုချက်ဖြင့် အလုပ်ပြောင်းခြင်းမဟုတ်ဘဲ လုပ်ငန်းခွင်မှထွက်ပြေးခြင်း၊ အလုပ်အကိုင်စာချုပ်ပါ အချိန်ကာလပြည့်ဝပြီးနောက် ကိုရီးယားသမ္မတနိုင်ငံတွင် တရားမဝင်ဆက်လက်နေထိုင်လုပ်ကိုင်ခြင်းများ တစ်စတစ်စတိုးပွားလာရာ နှစ်နိုင်ငံ အလုပ်သမားပေးပို့ခြင်းဆိုင်ရာ သဘောတူညီချက်(MoU)ကို ထိခိုက်လာနိုင်ပြီး ယင်း(MoU)အား ရပ်ဆိုင်းခံရသည့် အခြေအနေမျိုးထိ ဖြစ်ပေါ်လာနိုင်ပါသည်။ ယင်းအခြေအနေမျိုးမှ ကာကွယ်တားဆီးနိုင်ရန် ကြိုတင်အာမခံကြေးငွေအဖြစ် ၁၅၀၀၀၀ဝိ/- (ကျပ်တစ်ဆယ့်ငါးသိန်းတိတိ)ကို မြန်မာနိုင်ငံမှမထွက်ခွာမီ မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ငွေစာရင်းအမှတ်(OA-010254)သို့ ပေးသွင်း၍ ကျပ်သိန်း ၃၀တန် စာချုပ်ချုပ်ဆို ဆောင်ရွက်ရပါမည်။ အလုပ်အကိုင်စာချုပ်ကို သဘောတူလက်ခံပြီးနောက် အထက်ဖော်ပြပါအချက်များကို ဖောက်ဖျက်ခဲ့လျှင် ကြိုတင်အာမခံကြေးငွေဆုံးရှုံးခံရမည်ဖြစ်ပြီး ခံဝန်စာချုပ်အရ ကျန်ကျပ် ၁၅သိန်းကို အာမခံထားသူ (၂)ဦးမှ ပေးလျော်ရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

* ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲအား အောင်မြင်ခဲ့သည့်တိုင်အောင် အလုပ်လျှောက်လွှာစာရင်းတွင် ပါဝင်နိုင်ခွင့်ရရှိရုံမျှသာဖြစ်ပြီး၊ ကိုရီးယားသမ္မတနိုင်ငံသို့ ကျိန်းသေသွားရောက်အလုပ်လုပ်ခွင့်ရရှိရန် ရာနှုန်းပြည့်အာမခံနိုင်ခြင်းမရှိပါ။ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ အလုပ်လျှောက်ထားသူစာရင်းတွင် မှတ်ပုံတင်ထားသူများကိုသာ ကိုရီးယားသမ္မတနိုင်ငံမှ လုပ်သားခေါ်ယူလိုသူက ခေါ်ယူမည်ဖြစ်ပါသည်။
* ထို့ပြင် ကျန်းမာရေးစစ်ဆေးမှုမအောင်မြင်ခြင်း၊ တရားမဝင်နေထိုင်ခဲ့သည့် မှတ်တမ်းရှိခြင်း အစရှိသဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ခွင့်ပိတ်ပင်ခြင်းခံရသူသည် အလုပ်လျှောက်ထားသူအဖြစ် ရွေးချယ်ခြင်းမခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။
* ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့်အလုပ်သမားဝန်ကြီးဌာန(MOEL)နှင့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန(MOLES)တို့မှ အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီတစ်ခုတည်းသာလျှင် မြန်မာ အလုပ်သမားများအား ကိုရီးယားသမ္မတနိုင်ငံသို့ ပို့ဆောင်ပေးနိုင်သော တရားဝင်လုပ်ပိုင်ခွင့်ရရှိထားပါသည်။
* ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲမှတစ်ဆင့် အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ အလုပ်လျှောက်လွှာလက်ခံသူများကိုသာ အလုပ်ရှင်မှ ခေါ်ယူသွားမည်ဖြစ်ပါသည်။
* EPS စနစ်အရ အလုပ်သမားများစေလွှတ်သည့်ကိစ္စတွင် ဆောင်ရွက်နိုင်ခွင့်မရှိသောပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် ပါဝင်ပတ်သက်မှုရှိခဲ့ပါက တရားဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ပါသည်။
* နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်အရ ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲကြေး အမေရိကန်ဒေါ်လာ-၂၄နှင့် စာမေးပွဲအောင်မြင်ပြီးနောက် ကိုရီးယားနိုင်ငံသို့ရောက်ရှိသည်အထိ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီသို့ တရားဝင်သတ်မှတ်ထားသည့် ပို့ဆောင်စရိတ်မျှသာ ပေးသွားရမည်ဖြစ်ပါသည်။ သို့ပါ၍ အလုပ်အကိုင်နှင့်ပတ်သက်ပြီး တစ်ဦးတစ်ယောက်မှဖြစ်စေ၊ အဖွဲ့အစည်းများမှဖြစ်စေ လိမ်လည်တောင်းဆိုမှုများတွင် ဆုံးရှုံးနစ်နာမှုများမခံရစေရန် အထူးသတိပြုစေလိုပါသည်။

**အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ**
**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**
**အမှတ်(၈/၁)၊ နဂါးရုံဘုရားလမ်း၊ ၅ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း-၀၁-၆၆၇၇၅၄၊ ၀၁-၆၅၆၈၄၃**




**အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့်**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**

**စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်**

**၂၀၁၅ခုနှစ် တရားမပထမအယူခံမှုအမှတ်-၄၄**

မလတ်လတ်ကျော် (၎င်း၏အထွေထွေ **နှင့်** မောင်သိန်းဌေးဦး
ကိုယ်စားလှယ်စာရသူ ဒေါ်ခင်ခင်ပြုံး)

**အယူခံတရားလို** **အယူခံတရားပြိုင်**

၂၀၁၅ ခုနှစ် ဩဂုတ် ၁၃ရက်စွဲပါ ရွှေဘိုခရိုင်တရားရုံးတော်မှ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

အယူခံတရားပြိုင် မောင်သိန်းဌေးဦး (ဘ-ဦးမျိုးသိန်း)၊ သဲတောရွာ၊ မြို့မရပ်ကွက်၊ စွယ်တော်လမ်း၊ ဝမ်းတွင်းမြို့နယ်၊ မိတ္ထီလာခရိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ရွှေဘိုခရိုင်တရားမရုံးတော်က ချမှတ်ပေးသည့် ဒီကရီကို မလတ်လတ်ကျော် (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ခင်ခင်ပြုံး)က အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်းပြီး ထိုအယူခံမှုကို ၂၀၁၅ခုနှစ် နိုဝင်ဘာ ၁၂ရက် (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ရက်)တွင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ရှက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။ ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၁၅ခုနှစ် အောက်တိုဘာ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးတင့်)**
**ဒုတိယညွှန်ကြားရေးမှူး**
**စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်**

**၃-၁၀-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့်**
**၄-၁၀-၂၀၁၅ ရက်ထုတ် ကြေးမုံသတင်းစာတို့မှ**
**ဒေါ်သန္တာမြင့် ၇/ပခန(နိုင်)၁၈၉၁၂၁၏**
**တရားဝင်ဇနီးဖြစ်ကြောင်း ကြေညာချက်ကို**

## ပြန်လည်ရှင်းလင်းကြေညာခြင်း

အထက်ခေါင်းစဉ်ပါ ကြေညာသူ ဒေါ်သန္တာမြင့်သည် ပဲခူးမြို့၊ ဇိုင်းဂနိုင်းမြောက်ရပ်ကွက်၊ ထန်းတောကြီးလမ်း၊ အမှတ် ၃၈၈ တွင်နေထိုင်ပြီး အောင်ပြည့်စုံဆန်ရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်စဉ် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ္တလင်းမြို့နေ ဦးမင်းမင်းထွန်း ၇/နတလ(နိုင်)၀၃၆၃၉၉နှင့် ၂၀၀၀ ပြည့်နှစ်တွင် လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းပြီးနောက် အထက်ခေါင်းစဉ်ပါ သတင်းစာများဖြင့် ကြေညာသူ ဒေါ်သန္တာမြင့်နှင့် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားတိုက်ဆိုင်မှုမရှိခြင်း၊ လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိခြင်းတို့ကြောင့် ၆-၉-၂၀၀၆ရက်မှစပြီး ကျွန်ုပ်၏အမှုသည် ဦးမင်းမင်းထွန်းက မိမိမူလနေထိုင်ရာ နတ္တလင်းမြို့၌ အပြီးပိုင်ခွဲခွာနေထိုင်ခြင်းဖြစ်ကြောင်း ထိုကာလအတွင်း တစ်ဦးနှင့်တစ်ဦး လင်မယားအဖြစ် ဆက်ဆံမှုမရှိသည့်အပြင် အပြန်အလှန်စွန့်ပစ်နေထိုင်ကြခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ဦးမင်းမင်းထွန်းနှင့် ဒေါ်သန္တာမြင့်တို့သည် လင်မယားအဖြစ်မှ ပြတ်စဲနေကြသူများဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ဦးမင်းမင်းထွန်း၏ ညွှန်ကြားချက်ဖြင့်-**

**ဒေါ်ခင်နှင်းခိုင် LL.B** **ဒေါ်မြင့်မြင့်အေး LL.B**
**အထက်တန်းရှေ့နေ (စဉ်-၄၀၇၆၀)** **တရားလွှတ်တော်ရှေ့နေ (စဉ်-၄၄၄၁)**
**အမှတ် ၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း တောင်ရပ်ကွက်၊ ဗားကရာလမ်း၊ အမှတ်(၂၄၀)၊ (၆)ထပ်(ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း (20'x50')ရှိတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်သူ ဒေါ်ဖြူဖြူဝင်း(၁၂/မရက(နိုင်)၁၀၃၄၈၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်း(၁)ခန်းနှင့်တကွအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍(၅)ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားဖြင့် ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်ကို အပြီးချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ကျော့ကျော့လှိုင်(တရားလွှတ်တော်ရှေ့နေ)(စဉ်-၇၀၉၉)
LL.B,LL.M,M.P.A,D.I.L,D.M.L,D.B.L.
အမှတ်(၈၅)၊ ၁၃လမ်း၊ ၃လွှာ၊ လမ်းမတော်မြို့နယ်။ ဖုန်း- ၀၉၅၀၄၉၆၈၃

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ(၁၁/၂)ရပ်ကွက်၊ အမှတ်(၃၆၇)ဟုခေါ်တွင်သော အလျား×အနံပေ(၄၀×၆၀)၊ ဧရိယာ ၂၄၀၀ စတုရန်းပေအကျယ်ရှိ ပါမစ်မြေအမျိုးအစားမြေကွက်ကို မြေချပါမစ်မှတ်ပုံတင်စာရင်းအမှတ် ၂၀၅၄၆(၉-၉-၂၀၁၃) အရ ဦးကျော်ဇင်ဦးမှ အမည်ပေါက်၍ ဆက်စပ်စာချုပ်များဖြင့် လွှဲပြောင်းဝယ်ယူထားပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးဘိုစိန် ၁၂/ဥကမ(နိုင်)၀၀၄၇၂၃ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်သည့်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းထိုက်စိုး LL.B, D.B.L**
**အထက်တန်းရှေ့နေ (စဉ်-၂၃၀၁၁)**
**အမှတ်(၈၃/၁၂)၊ ဒု-ထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၀၀၅၆၈၆၅၊ ၀၉-၇၉၉၃၀၈၀၅၃**

## Kinetic Myanmar Technology Co., Ltd. မှ Telecom/Power Engineer အလိုရှိသည်

Telecom Engineer, Power Engineer, Telecom Project Assistant
BE,B-Tech, AGTI (EC,EP, Mechatronic, IT, MC) Male (50) posts

အတွေ့အကြုံမရှိသူများကို Training စီစဉ်ပေးမည်။ လူကိုယ်တိုင်(သို့) E-mail ဖြင့် လျှောက်ထားနိုင်ပါသည်။

**No.(797/A), Room (702), MAC Tower II, Corner of Bogyoke Aung San Road & Wardan Street, Lanmadaw Township, Yangon,**
**hrm.kinetic@gmail. com, Ph: 09 422490274**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**တပ်ကုန်းမြို့နယ်တရားရုံး**

**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၇၃**

မချိုမာ (ဘ) ဦးဖိုးကျင် **နှင့်** ကိုဝင်းခိုင် (ဘ) ဦးညီခင်
နယ်မြေ(၇)၊ ဆရာစံရပ်ကွက် နယ်မြေ ၇၊ ဆရာစံရပ်ကွက်၊
တပ်ကုန်းမြို့ တပ်ကုန်းမြို့

**တရားလို** **တရားပြိုင်**

တပ်ကုန်းမြို့၊ နယ်မြေ ၇၊ ဆရာစံရပ်ကွက်နေ ဦးဝင်းခိုင် (ဘ) ဦးညီခင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို မချိုမာက လင်မယားကွာရှင်းပြတ်စဲလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် နိုဝင်ဘာ ၅ရက် (၁၃၇၇ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် အောက်တိုဘာ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ဇော်အောင်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**တပ်ကုန်းမြို့နယ်တရားရုံး**

## အများသိရှိရန်ကြေညာချက်

ကျွန်ုပ်အား အမှုလွှဲအပ်ထားသူ ဒေါ်အေးအေးနှင်း ၁၂/အစန(နိုင်)၀၅၃၉၄၉၊ အမှတ် ၄၁၃၊ သစ္စာလမ်း၊ စဉ့်ကူရပ်ကွက်၊ အင်းစိန်မြို့နယ်နေသူ၏လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သရဖီလမ်း၊ အမှတ် ၁၀၄၆(ခ)နှင့် ၁၀၄၇(က)၊ ၁၉/၄၇ရပ်ကွက်ဟုခေါ်တွင်သော ဧရိယာ ပေ (၂၀×၆၀)ရှိ ဘေးချင်းကပ် မြေကွက်နှစ်ကွက်နှင့် နေအိမ်ဥပစာတို့အား မူလအမည်ပေါက်များထံမှ ဝယ်ယူလက်ရောက်ရရှိထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသိန်းထွန်း ၁၂/ကမတ(နိုင်)၀၈၃၅၇၇ ထံမှ တန်ဖိုးငွေပေးပြီး ၁၆-၁-၂၀၁၅ရက်တွင် ဝယ်ယူလက်ရောက်ရရှိခဲ့ပါသည်။ ယင်းမြေကွက်များကိုလည်း ကျွန်ုပ်အမှုသည်မှ လက်ဝယ်ထိန်းသိမ်းထားရှိခဲ့သည်မှာ ယခုထက်တိုင်ဖြစ်ပါသည်။ ယင်းမြေကွက်များနှင့်ပတ်သက်၍ ဝင်ရောက်ကျူးကျော်ခြင်း၊ ခြံခတ်ခြင်း၊ ဖျက်ဆီးခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ မပြုလုပ်ကြရန် အသိပေးအပ်ပါသည်။ အကယ်၍ ကျွန်ုပ်အမှုသည်ပိုင် ခြံအတွင်း၌ ကျူးကျော်ဝင်ရောက်ဖျက်ဆီးသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမြင့်စိုး (၄၅၀၄)** **ဦးသီဟကျော် (၃၄၈၆၀)**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံး၊ အင်းစိန်မြို့နယ်**

iStock® ကုန်ပစ္စည်းထိန်းကွပ်ပျူတာစနစ်

- ကုန်ရောင်း/ကုန်ဝယ်စာရင်း
- ငွေစာရင်း
- ကုန်လက်ကျန်စာရင်း
- ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
- အကြွေးစာရင်း
- လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း

Contact Us ...
YGN 09-43064181, 09-252424002, 09-254151516
MDY 09-257333214, 09-978030881
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd.
www.galaxy.com.mm

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7J/3699 Toyota Passo KGC35 Hatch Back (4x4)® ယာဉ်လက်ဝယ်ရှိသူ ဦးဇာနည်မောင် ၁၂/ခရန(နိုင်)၁၀၂၀၃၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ရီ(မအူပင်-ကျုံစုတ်) အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၄/မြောက်)ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ်(၂/က)နေ (ဦးကျင်)၏ ဇနီး၊ ဇီးကုန်းမြို့၊ ဓမ္မရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဇောတိပါလ၏မယ်တော်၊ ကိုဟန်စိုး၊ မမြင့်မြင့်စိန်တို့၏မိခင်၊ မစိမ်းလဲ့ဖြူ (ခေတ္တ-စင်ကာပူ)၊ မောင်ထွန်းနိုင်ဦး (မြန်မာ့ရေနံဆောင်ဘဏ်)၊ မောင်မင်းသူခန့် (Grade-9၊ အထက-၁၊ ဒဂုံ) တို့၏အဘွားသည် ၂၄-၁၀-၂၀၁၅ရက် (စနေနေ့) နံနက် ၀၀း၁၅နာရီတွင်ကွယ်လွန်သွားပါ၍ ၂၈-၁၀-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက်ရှိ အိမ်အမှတ် ၂၁၊ မြေကွက်အမှတ် ၃၅၊ ဦးပိုင်အမှတ် ၅၅၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ဦးပီတာဒွဲလှအမည်ပေါက် မြေငှားဂရန်အား ဦးသန့်ဇင်ဌေး ၁/မစန(နိုင်)၀၁၄၃၇၁ ပြင်ဦးလွင်ရပ်ကွက်၊ မန်စီမြို့က ဗန်းမော်မြို့ စာချုပ်စာတမ်းရုံး၌ ၅-၁၀-၂၀၁၅ ရက်က တရားဝင်မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး ဗန်းမော်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင် အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တရားဝင်ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အမည်ပြောင်းခြင်းကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းလွင် B.A(Law) LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၃၀၇/၈၂)**
**ညပ(၂၀၅)၊ ညောင်ပင်ရပ်၊ ဗန်းမော်မြို့၊**
**ဖုန်း-၀၉-၄၃၁၂၅၅၀၄**

## ကန့်ကွက်နိုင်ပါကြောင်း

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ ခွန်သာရပ်ကွက်ရှိ မြေကွက်အမှတ်(၃၇)၊ ဦးပိုင်အမှတ်(၁၄၀)၊ မြေဧရိယာ ၀ ဒသမ ၀၆၇ ဧကရှိ ဒေါ်ကြူကြူဝေ အမည်ပေါက်မြေငှားဂရန်အား ဒေါ်မေမေဝင်း ၁/မစန(နိုင်)၀၄၈၃၄၄ (ဘ) ဦးအဖောင်း မင်းကုန်းရပ်၊ ဗန်းမော်မြို့က ဗန်းမော်မြို့ စာချုပ်စာတမ်းရုံး၌ ၅-၁၀-၂၀၁၅ ရက်က တရားဝင်မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး ဗန်းမော်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ အမည်ပြောင်းရန်လျှောက်ထားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တရားဝင်ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အမည်ပြောင်းခြင်းကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းလွင် B.A(Law), LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၃၀၇/၈၂)**
**ညပ(၂၀၅)၊ ညောင်ပင်ရပ်၊ ဗန်းမော်မြို့**
**ဖုန်း-၀၉-၄၃၁၂၅၅၀၄**

## တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
## ဦးကျော်ဆွေ (ပ·ဆ·လ ငြိမ်း) AGTI မြို့ပြ (၁၉၇၂)
## မြို့သစ်(၁) မန္တလေးမြို့

မိသားစုအပေါ် ကြီးမားသောမေတ္တာစေတနာများဖြင့် ဘဝတစ်လျှောက်လုံး လုံခြုံနွေးထွေးမှု၊ အေးချမ်းသာယာမှု၊ တိကျမှန်ကန်မှု၊ ကောင်းမွန်စွာ သွန်သင်ညွှန်ပြမှုတို့ကို အပြည့်အဝပေးအပ်ခဲ့သော ကျေးဇူးရှင် ဖခင်ကြီးခွဲခွာသွားသည်မှာ ၂၇-၁၀-၂၀၁၅ ရက်တွင် တစ်နှစ်ပြည့်ခဲ့ပါပြီ။

ဖခင်ကြီးကိုယ်တိုင်ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုများအပြင် ဒါန၊ သီလ၊ ဘာဝနာတရားများကို ကျင့်ကြံအားထုတ်ရင်း မိသားစုအား ခွဲခွာသွားတာမို့ ကောင်းမွန်မြင့်မြတ်သော ဘုံဘဝကို ရောက်ရှိနေလိမ့်မည်ဟု ယုံကြည်လျက်ပါ။ ဖခင်ကြီး ခွဲခွာသည့်ရက်မှစ၍ သဒ္ဓါကြည်ညိုစွာဖြင့် လှူဒါန်းခဲ့သောကုသိုလ်ကောင်းမှုအစုစုတို့ကိုအမျှပေးဝေပါသည်။ ရောက်ရာဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။ ဘဝတိုတိုနှင့် မဂ်ဖိုလ်နိဗ္ဗာန် မျက်မှောက်ပြုနိုင်ပါစေသော်။

**လွမ်းဆွတ်သတိရလျက်**

| | | |
|---|---|---|
| ချစ်ဇနီး | - | ဒေါ်မြင့်မြင့်ဆွေ |
| ချစ်သမီးကြီး | - | ဦးဇင်လတ်-ဒေါ်ယုကေခိုင်ဆွေ |
| ချစ်သမီးငယ် | - | ဒေါက်တာအောင်သူရ-ဒေါက်တာသင်းသီရိဆွေ |
| ချစ်သားငယ် | - | ဦးကျော်သူရဆွေ-ဒေါ်သော်သော်မင်း |
| မြေးများ | - | Dustin သူရိန်လတ် |
| | | သက်သဉ္ဇာဆွေ |
| | | Kiara-Grace ခွန်းသံစဉ်သူရ |

## ဒေါ်လှိုင်းအိဖြူ ၁၂/ဒဂတ(နိုင်)၀၄၇၄၉၈ နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ပန်းလှိုင်ဂေါက်ကွင်း၊ မကျီးဥယျာဉ်အိမ်ရာ၊ အမှတ် ၃၈ နေ MR. KATSUYUKI KUMANO(မစ္စတာကတ်ဆူယူ ကီကူးမားနို) ဂျပန်နိုင်ငံသား Passport No. TR2801451 ၏ ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

ဒေါ်လှိုင်းအိဖြူသည် ဂျပန်နိုင်ငံသား Passport No. TR2801451 ကိုင်ဆောင်သူ MR. KATSUYUKI KUMANO(မစ္စတာကတ်ဆူယူကီကူးမားနို)၏ တရားဝင် ဇနီးဖြစ်ပြီး သားသမီး(၂)ဦးရှိကြောင်းနှင့် အတူပေါင်းသင်းနေရာမှ ၅-၇-၂၀၁၂ ရက်တွင် နေအိမ်မှ ထွက်သွားကြောင်း၊ ၁၁-၈-၂၀၁၂ ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၁၃)၌ ထည့်သွင်းကြော်ငြာခဲ့ရာ ဒေါ်လှိုင်းအိဖြူဘက်က ၁၅-၈-၂၀၁၂ ရက်နေ့ ကြေးမုံသတင်းစာနှင့် ၁၈-၈-၂၀၁၂ ရက်နေ့ မြန်မာ့အလင်းသတင်းစာတို့တွင် "ဒေါ်လှိုင်းအိဖြူသည် Mr. KATSUYUKI KUMANO ၏ဇနီးဖြစ်ပြီး ကလေး(၂)ဦးရှိသည်မှာ လုံးဝမဟုတ်ပါ"ဟု ပြန်လည်ရှင်းလင်း ကြော်ငြာဖော်ပြထည့်သွင်းခဲ့သည့်အပေါ် (Mr. KATSUYUKI KUMANO)က ၎င်း၏ ဂုဏ်သရေကို ထိခိုက်ညှိုးနွမ်းစေသည့်အတွက် လှိုင်သာယာမြို့နယ် တရားရုံးတွင် ဒေါ်လှိုင်းအိဖြူအပေါ် ပြစ်မှုကြီးမှု အမှတ်-၁၅၆၉/၂၀၁၂၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၅၀၀ အရ ဦးတိုက်လျှောက်ထား စွဲဆိုထားပါသည်။

ဒေါ်လှိုင်းအိဖြူသည် အထက်ပါနေ့ရက်များ၌ ပြန်လည်ရှင်းလင်းကြော်ငြာချက်ပါ လိပ်စာ၌ နေထိုင်ခြင်းမရှိ၍ တရားရုံးက ဆင့်ခေါ်ခြင်းအတည်မဖြစ်ခဲ့ပါ။

ဤကြေညာချက်ပါရှိသည့်နေ့မှ ခုနစ်ရက်အတွင်း ဒေါ်လှိုင်းအိဖြူ၏ လိပ်စာအမှန်ကို အကြောင်းပြန်ကြားပေးရန်နှင့် Mr. KATSUYUKI KUMANO ဘက်က ပြည့်စုံစွာဖြေရှင်းမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ရတနာလှိုင်**
**အထက်တန်းရှေ့နေ-၃၈၀၉၈**

**ဒေါ်သန်းသန်းနီ**
**အထက်တန်းရှေ့နေ-၇၇၂၆**
**အမှတ် ၄၃၉၊ ဘုရင့်နောင်လမ်း၊**
**၃၉(A)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၀၃၃၇၁**

## အများသိစေရန်ကြေညာခြင်း

ဒေါ်ဝင်းဝင်းမြင့် ၁၂/ပဇတ(နိုင်)၀၁၂၄၁၄ ၏သား ဦးကျော်ဝင်းထွဋ်(ဘ)ဦးကိုကိုသန်း ၁၂/ပဇတ(နိုင်)၀၂၇၅၁၈ သည် လွန်ခဲ့သော(၂)နှစ်ခန့်မှစ၍ ကျွန်မတို့၏မိသားစုနှင့်မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါ။ ထို့ကြောင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံးအား တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)** **ဒေါ်ဝင်းဝင်းမြင့် ၁၂/ပဇတ(နိုင်)၀၁၂၄၁၄**

## (၁၈-၁၀-၂၀၁၅)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၂)တွင် ကြော်ငြာခဲ့သော"အမြန်ပြန်လာပါ" ကြော်ငြာချက်ကို ပြန်လည်ရုပ်သိမ်းခြင်းနှင့် အမွေပြတ်စွန့်လွှတ်ခြင်း

သမီးဖြစ်သူ မနေခြည်အောင် ၇/သနပ(ပြု)၀၀၀၀၁၉ အား အိမ်သို့ဆက်သွယ်ရန်ကိစ္စများကို ကြော်ငြာခဲ့ပါသည်။ ယခုအချိန်တွင် မနေခြည်အောင်၏ အိမ်မှဆင်းသွားသည့် အပြုအမူများကို အလုံးစုံသိရှိခဲ့ပြီးဖြစ်ပါ၍ မိဘက ခွင့်မလွှတ်နိုင်ခြင်းကြောင့် ၁၈-၁၀-၂၀၁၅ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၂)တွင် ကြော်ငြာခဲ့သော "အမြန်ပြန်လာပါ"ဟူသော ကြော်ငြာချက်ကို ဤကြော်ငြာချက်ဖြင့် ပြန်လည်ရုပ်သိမ်း၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ဖြစ်ပေါ်လာသော မနေခြည်အောင်၏ကိစ္စများအား လုံးဝတာဝန်မယူပါ။

**(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)**

**ဦးအောင်သိန်း-ဒေါ်ခင်မြင့်**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လက်ဝဲမင်းဒင်လမ်း၊ အမှတ် ၉၀၂နေ ဦးသက်နောင်ဝင်း ၁၂/တမန(နိုင်)၀၀၂၉၁၃၏ လွှဲအပ်ညွှန်ကြားချက်အရ သိစေအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးသက်နောင်ဝင်းမှာ ဦးအောင်ကြိုင်၊ ဒေါ်သန်းရင်တို့က မွေးဖွားခဲ့ပြီး ဖခင်နှင့်မိခင်တို့မှာ ကွယ်လွန်ခဲ့ပြီး ညီဖြစ်သူ ဦးဆန်းနောင်ဝင်းမှာလည်း ကွယ်လွန်ခဲ့၍ ဖခင်အမည်ပေါက် ပိုင်ဆိုင်ခဲ့သော တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လက်ဝဲမင်းဒင်လမ်း၊ အမှတ် ၉၀၂ ရှိ နှစ်၆၀ မြေငှားဂရန်နှင့်တကွ အကျိုးခံစားခွင့်အားလုံးသည် ကျွန်ုပ်၏ မိတ်ဆွေ ဦးသက်နောင်ဝင်း တစ်ဦးတည်းသာလျှင်ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသက်နောင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးမြသီတာ(LL.B)** — **စဉ်-၃၄၆၈၀**

**ဒေါ်အေးသန္တာမင်းအောင်(LL.B, D.B.L)** — **စဉ်-၃၅၁၅၅**

**အထက်တန်းရှေ့နေများ**
**ဖုန်း-၀၉-၄၂၁၁၄၀၃၂၉၊ ၀၉-၄၂၀၇၂၄၉၄**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်

အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားသည် ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်မြင့်မြင့် (၁၃/သပန (နိုင်) ၀၅၂၆၇၅ ) ကိုင်ဆောင်သူက ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၁၃၁၄၅ / ၂၀၁၅) ဖြင့် (၂၈-၉-၂၀၁၅) နေ့တွင် မှတ်ပုံတင်ပြီးဖြစ်ပါသည်။ အဆိုပါ ကုန်အမှတ်တံဆိပ် အမည်များကိုအသုံးပြု၍ လျှပ်စစ်ပစ္စည်းအမျိုးမျိုးနှင့် လျှပ်စစ်အပိုပစ္စည်းအမျိုးမျိုးတို့ကို ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

木林森MLS
Forest Lighting

( ၁၃၁၄၅ / ၂၀၁၅ )

အထက်ပါ "Forest Lighting" ကုန်အမှတ်တံဆိပ်အမည်နှင့် ပတ်သက်၍ အခြားမည်သူ တစ်ဦးတစ်ယောက်ကမျှ ကုန်အမှတ်တံဆိပ်တစ်ခုလုံးကို ဖြစ်စေ တစ်စိတ် တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ပုံတုပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပသုံးစွဲခြင်း မပြုရန်နှင့် တုပသုံးစွဲနေသည်ကို တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B,D.B.L,D.I.L, Dip.CA, WIPO**
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂)
**Hein Htet San Law Firm**

**ဦးထိန်လင်းသန်း**
**LL.B, D.B.L, D.I.L, D.M.L, WIPO**
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)
ဖုန်း - ၀၉၅၅၁၀၆၁၄၆ ၊ ၀၉၅၅၀၄၂၆၅

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ညောင်အုပ်ဖီး အထက(ခွဲ)ကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်နေထက်အောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေ စာရင်းအရ ဦးစိုးပိုင် ဖြစ်ပါကြောင်း။

**ဦးစိုးပိုင် ၉/ဝတန(နိုင်)၀၇၅၄၂၅**

## ဖခင်အမည်မှန်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ အထက ဇင်ချောင်း၊ တက္ကသိုလ်ဝင်တန်း(B)မှ မလွင်လွင်အေး၏ ဖခင်အမည်မှန်မှာ ဦးမောင်ဝင်း ၁၁/ကဖန (နိုင်) ၀၆၇၆၄၇ ဖြစ်ပါကြောင်း။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဘုရားကြီးလမ်းထိပ်၊ ဆားမလောက်ကျေးရွာ၊ ညောင်တုန်းမြို့နယ်၊ မအူပင်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီးနေ ဦးအောင်ညွန့် ၁၄/ညတန(နိုင်)၀၄၁၀၄၆၊ ဒေါ်မြင့်မြင့်အေး ၁၄/ညတန (နိုင်) ၀၅၁၄၃၇ တို့၏သား ကိုသန်းဌေးအောင် ၁၄/ညတန(နိုင်)၀၀၂၅၈၁ သည် မိဘညီအစ်ကိုမောင်နှမများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးအောင်ညွန့်-ဒေါ်မြင့်မြင့်အေး**

## ဒေါ်ဖြူဖြူဇော် ၉/ပခန(နိုင်)၂၂၈၄၁၂၊ ဒေါ်ယဉ်ကြွယ် တရားလွှတ်တော်ရှေ့နေ(စဉ်-၅၉၉၉) နှင့် ဒေါ်ငုဝါခင် အထက်တန်းရှေ့နေ (စဉ်-၃၀၀၆၄)တို့၏ ၇-၁၀-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် အသိပေးကြေညာသည့်ကြေညာချက်အပေါ် ရှင်းလင်းခြင်းနှင့် ပြန်လည်ကြေညာအသိပေးအကြောင်းကြားခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ် ၂၃၄ (မြေညီထပ်) နေ ဒေါ်မေရီ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းရှင်းလင်း၍ ပြန်လည်ကြေညာ အသိပေးအကြောင်းကြားလိုက်ပါသည်။

လူကြီးမင်း၏ ကြေညာချက်ပါအကြောင်းအရာများသည် မှန်ကန်မှုမရှိပါ။ ၂၁-၈-၂၀၁၁ ရက်စွဲဖြင့် ချုပ်ဆိုခဲ့သော "အဆောက်အအုံ(ဆိုင်ခန်း) ငှားရမ်းခြင်းကတိစာချုပ် အပိုဒ်(၃)တွင် ငှားရမ်းသူမှ ပြင်ဆင်စရိတ်များ ကုန်ကျထားသည့်အတွက် အဆိုပါငှားရမ်းကာလ (၄)နှစ်ပြည့်ပြီးနောက်ပိုင်းတွင်လည်း ငှားရမ်းသူ ဒေါ်မေရီညွန့်ကို ဆက်လက်ငှားရမ်းရန် ပိုင်ရှင်က ဝန်ခံကတိပြုပါသည်။ ငှားရမ်းခကို နောက်ဆုံးငှားရမ်းခ၏ ၁၀ ရာခိုင်နှုန်းဘောင်အတွင်း ညှိနှိုင်း၍ ငှားရမ်းခသတ်မှတ်ကြရန် သဘောတူပါသည်"ဟု အတိအလင်းဖော်ပြရေးသား ချုပ်ဆိုထားသဖြင့် အိမ်ရှင်-အိမ်ငှားဆက်သွယ်မှုသည် ဆက်လက်တည်ရှိနေပါသည်။

လူကြီးမင်းမှ ဒေါ်မေရီညွန့်အပေါ် ယခုဥပစာနှင့်ပတ်သက်၍ သတင်းစာတွင် ကြေညာလိုက်သည့်အတွက် အမှန်တကယ်ပိုင်ရှင်ဖြစ်သူ ဦးကျော်ကျော်နိုင်၏ဇနီး ဒေါ်ကြူကြူမော် ကိုယ်တိုင်လာရောက်ပြီး အိမ်လခများကို မည်သူ့ကိုမျှမပေးဘဲ ၎င်းတို့အပေါ်စွဲဆိုထားသည့် ပဲခူးခရိုင်တရားရုံး ၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ် ၄၀ အား ပြီးဆုံးသည်အထိ ထိန်းသိမ်းထားပေးပါရန် မေတ္တာရပ်ခံလာသည့်အတွက် လူကြီးမင်းအမှုသည်မှ အဆိုပါငှားရမ်းသည့် အဆောက်အအုံအား လက်ရှိတရားဝင်ပိုင်ဆိုင်သော အခန်းမဟုတ်ကြောင်း၊ တရားဝင်အမည်ပေါက်ပိုင်ရှင်မှာ ဒေါ်သန်းတင်ဖြစ်ကြောင်းသိရှိရပါသည်။

လူကြီးမင်း၏ကြေညာချက်များသည် ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာကို ထိပါးစေရန် တမင်ရည်ရွယ်ထည့်သွင်းကြေညာခြင်းဖြစ်ကြောင်း၊ ကြေညာချက်ပါ အိမ်လခအပြင် တစ်နေ့ ငွေကျပ် ၁၀၀၀၀၀ိ/-နှုန်းဖြင့် တရားဥပဒေအရ တောင်းဆိုပိုင်ခွင့်အလျဉ်းမရှိသည်ကိုသိရှိပါလျက် တောင်းဆိုနေခြင်းဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

လူကြီးမင်းသည် ကျွန်ုပ်မိတ်ဆွေအပေါ် တရားစွဲဆိုလာပါက တရားဥပဒေနှင့်အညီ ခုခံဖြေရှင်းသွားမည်ဖြစ်ပြီး တရားရုံးအဆင့်ဆင့်၏ ကုန်ကျစရိတ်များအားလုံးသည် လူကြီးမင်း၏အမှုသည်အပေါ် တာဝန်ကျရောက်မည်ဖြစ်ကြောင်း ပြန်လည်ကြေညာ၍ အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးတင်သောင်း H.G.P, B.A(Law), LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၈၉)**

**ဒေါ်နေခြည်ဝင့် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၈၄)**

**အမှတ် ၅၆၅၊ အခန်း ၁၀၃/ဒီ၊ MAC Tower၊ ကုန်သည်လမ်း၊**
**ဖုန်း-၀၉-၅၀၁၆၄၈၆၊ email:utinthaung@gmail.com**

## ကန့်ကွက်နိုင်ပါရန်

မှော်ဘီမြို့နယ် မြို့မ(၄)ရပ်ကွက်ရှိ မြေကွက်အမှတ် (ကဝ-၈)မြေကွက်အား မူလပိုင်ရှင်ထံမှ စာချုပ်စာတမ်းဖြင့်အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ လုပ်ငန်းများဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း အောက်ပါလိပ်စာသို့ ကန့်ကွက်နိုင်ပါသည်။

**ဦးမြင့်စိုး**
**အမှတ်(၄၂)၊ တာပတ်လမ်း၊ တိုးချဲ့(၄)ရပ်ကွက်၊ မှော်ဘီမြို့**
**ဖုန်း-၀၉-၄၂၁၀၆၀၀၆၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အရှိုးကုန်းရပ်ကွက်၊ ၁၄၆လမ်း၊ အမှတ်(၂၉)၊ မြေညီထပ်+ထပ်ခိုး(ဟောင်ကောင်)ပုံစံ(ခြေရင်းခန်း)နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ရှင်ဒေါ်အေးကြည်ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့က စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများသည် ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်သိန်း၊ ဒေါ်လှလှစိန်**
**ဖုန်း-၀၉-၇၃၀၉၉၂၁၄**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးသင် (သန်လျင်မြို့)
အသက်(၈၉)နှစ်

သန်လျင်မြို့၊ ပဲခူးစုရပ်ကွက်၊ အမှတ် ၁၈၂၊ ဗိုလ်ချုပ်နေဝင်းလမ်းနေ (ဦးမြမောင်)၏ဇနီး၊ (ဦးမောင်တင်)-ဒေါ်အုန်းမြင့်၊ ဦးမြင့်အေး-ဒေါ်မြင့်မြင့်ဦး၊ ဦးမြင့်ရွှေ-ဒေါ်ခင်မာကြည်၊ ဦးဇော်ဝင်းလတ်-ဒေါ်တင်တင်ရီ(နေလ လေထိုးကျွတ်ဖာ)၊ ဦးခင်မောင်မြင့်(မြို့နယ်ဦးစီးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တိုက်ကြီး) - ဒေါ်ခင်ပြုံး၊ ဒေါ်စန်းစန်းမြင့်(အလယ်တန်းပြ၊ အထက-၁၊ သန်လျင်)၊ ဦးမြင့်ကြိုင်(ခရိုင်မြေစာရင်းဦးစီးမှူး၊ တာချီလိတ်ခရိုင်)-ဒေါ်ထိုက်ထိုက်၊ ဒေါ်တင်ပြုံးချစ် (ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ရုံးချုပ်၊ နေပြည်တော်)တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၂၆-၁၀-၂၀၁၅ရက်(တနင်္လာနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ထီး၊ သာသနာ့ ဒါယိကာမကြီး
သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဗဟိုအဖွဲ့(ဓမ္မမာမကအဖွဲ့ခေါင်းဆောင်)
## ဒေါ်မြရီ အသက်(၈၅)နှစ်

ကျွန်းကလေးကျေးရွာနေ (ဦးအုန်းသင်-ဒေါ်စိန်ရင်)တို့၏သမီး၊ အုန်းနဲ့ကျေးရွာနေ ဒေါ်သန်းငွေ၊ ဦးတင်ငွေ-ဒေါ်မြသန်း၊ ကျွန်းကလေးကျေးရွာနေ ဦးသိန်းရွှေ-ဒေါ်ငြိမ်းမြင့်၊ ဦးတင်မြင့်-ဒေါ်စန်းစန်းကြည်၊ (ဦးကြည်ထွန်း)-ဒေါ်ပု၊ (ဦးမြင့်ဆွေ)-ဒေါ်လုံး၊ ဦးပြုံးနောင်-ဒေါ်ဝင်းလှိုင်၊ ဦးအောင်ထွေး-ဒေါ်တင်တင်နိုင်တို့၏အစ်မ၊ ဦးအောင်သွင်-ဒေါ်ခင်သိန်း၊ ဦးသောင်းအေး-ဒေါ်တင်ငွေး၊ ဦးစိုးသိန်း-ဒေါ်သိန်းမြင့်၊ ဦးသန်းမြင့်-ဒေါ်အေးဝင်း၊ ဦးမြင့်ငွေး-ဒေါ်သန်းဆင့်တို့၏အဒေါ်၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ရေကူးဘူတာရုံလမ်း၊ အမှတ် ၁၆၇နေ (ဦးစိန်တင်)-ဒေါ်ဝင်းမြ၊ ဦးကျင်စိုး-ဒေါ်မြသွင်၊ ဦးသန်းထွန်း-ဒေါ်လှမြင့်(ရဲအုပ်၊ ငြိမ်း)၊ (ဦးအောင်တိုး)-ဒေါ်ငွေငွေး၊ ဦးအောင်စိုး-ဒေါ်စိုးစိုးမြင့်၊ ဦးမောင်မောင်-ဒေါ်စိုးစိုးတင့်၊ ဦးအောင်ဗိုလ်ကြီး-ဒေါ်မြင့်မြင့်ဝေ၊ ဦးရဲမြင့်နိုင်-ဒေါ်နီနီစိုးတို့၏မိခင်၊ မြေး ၃၉ယောက်၊ မြစ် ၂၇ယောက်တို့၏အဘွား၊ (ဦးချစ်)၏ချစ်လှစွာသောဇနီးသည် ၂၆-၁၀-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၁း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၅ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြကြွယ်
အသက်(၈၄)နှစ်

ပါမောက္ခ ဒေါက်တာမြင့်သိန်း(ပါမောက္ခချုပ်၊ ငြိမ်း၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်)-ဒေါ်ဝင်းဝင်းသိန်းတို့၏မိခင် ဒေါ်မြကြွယ်သည် ၂၄-၁၀-၂၀၁၅ရက် (စနေနေ့)နံနက် ၃း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ**
**ဆရာ၊ ဆရာမများ၊ ဝန်ထမ်းမိသားစုများ**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးကြည် (လေးထောင့်ကန်၊ ဝေါမြို့၊ ရန်ကုန်မြို့)
အသက်(၇၈)နှစ်

နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်နိုင်-ဒေါ်မေရီခိုင်တို့၏မိခင် ဒေါ်အေးကြည်(လေးထောင့်ကန်၊ ရန်ကုန်မြို့)သည် ၂၆-၁၀-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ဝ၉း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**နိုင်ငံတော်သမ္မတရုံး**

အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးကြည်(ဝေါမြို့) အသက်(၇၈)နှစ်

နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူး ဦးအောင်နိုင်-ဒေါ်မေရီခိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်အေးကြည် အသက်(၇၈)နှစ် (ဝေါမြို့) လေးထောင့်ကန်စိုက်/မွေး(၁)သည် ၂၆-၁၀-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၉း၀၅နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ချစ်သူငယ်ချင်းများ**
- **ရဲမှူးချုပ်ဇော်မိုးသန်း**
- **ဦးဇော်ကြီး(မန္တလေး)၊ ဦးဇော်လင်း(မန္တလေး)**
- **ဦးဆေးနိုင်(ဘုရင့်နောင်ရန်ကုန်)**
- **ဦးခင်အောင်(ရန်ကုန်)၊ ဦးအောင်ဦးကျော်(ရန်ကုန်)**
- **ဦးညီညီလင်း(မြောင်းမြ)**
- **ဦးဟိန်းမြတ်ကျော်(ရန်ကုန်)**
- **ဦးမြင့်သိန်း(ကိုကတ်)**

အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးလှမြင့် (ငြိမ်း)
စစ်တက္ကသိုလ်အပတ်စဉ်(၃)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ နဝရတ်လမ်း၊ ရတနာကျွန်းရိပ်သာ၊ အမှတ် ၈၈နေ ဒေါ်တင်တင်နု၏ခင်ပွန်း၊ စစ်တက္ကသိုလ်လေ့ကျင့်ရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သော ဆရာ ဒုတိယဗိုလ်မှူးကြီးလှမြင့်(ငြိမ်း)သည် ၂၄-၁၀-၂၀၁၅ရက် နံနက် ၁း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ချယ်ရီရိပ်ဖောင်ဒေးရှင်း**

## ဒေါ်မြင့်မြင့်စိန် အသက်(၇၇)နှစ်
ရုံးအုပ်ကြီး(လဝက၊ငြိမ်း၊ နိုင်ငံသားပြဋ္ဌာနခွဲ)
အထက်မင်းလှအသင်းဝင်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ ရန်နိုင်လမ်းသွယ်(၁၁)၊တိုက်အမှတ် ၁၆၃၊ အခန်း ၅နေ ဦးတင်ဝင်း(Rep-Bellotti S.P.A Italy)၏ဇနီး၊ [ဦးစိန်(အထက-၁၊ ရန်ကင်း၊ ကျောင်းအုပ်ကြီး၊ ငြိမ်း)-ဒေါ်သောင်းသောင်း] တို့၏သမီး၊ ဦးဇော်ကိုထွန်း၊ ဦးငြိမ်းချမ်းထွန်း-ဒေါ်သီတာ၊ဦးရဲနောင်ထွန်း-ဒေါ်မော်မော်သန်းတို့၏မိခင်၊ ဒေါက်တာအောင်ခန့်ပိုင်(AYC)၊ မခင်သက်ထားငြိမ်း(USA)၊ မောင်ဟိန်းထက်စံ(2nd Arch, YU)၊ မောင်အောင်ဟိန်းထွန်း(2nd MB, UM-2)တို့၏အဘွား၊ ဦးလှဦး-ဒေါ်အေးမြမြငြိမ်း၊ (ဦးအောင်ငြိမ်း)-ဒေါ်စန္ဒီစန်း၊ (ဦးညီညီမင်း)-ဒေါ်သိန်းသိန်းစိန်၊ ဒေါ်စိုးစန္ဒာ၊ ဦးတင်မောင်နိုင်-(ဒေါ်စုသီတာ)တို့၏အစ်မ၊ တူ/တူမ ကိုးယောက်တို့၏ကြီးကြီးသည် ၂၆-၁၀-၂၀၁၅ရက် (တနင်္လာနေ့)နံနက် ၇း၅၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၈-၁၀-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းရီ(ခ)ဒေါ်ပုချို (ဒိုက်ဦး၊ သုံးခွ)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ အမှတ် ၂၆၆၊ လှည်းတန်းလမ်းမနေ(ဦးတင်အောင်)၏ဇနီး၊ ဒေါက်တာသန်းထွဋ်ဦး(ဒု-ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ မြန်မာနိုင်ငံ ပညာရေးသုတေသနဦးစီးဌာန)-ဒေါက်တာခင်မျိုးနောင်(ပါမောက္ခ၊ ဌာနမှူး၊ ဓာတုဗေဒဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)တို့၏မိခင်၊ မအေးမာထွဋ်၊ ဒေါက်တာရဲမင်းထွဋ်(မြောက်ဥက္ကလာပဆေးရုံကြီး)-မနှင်းဇေရီစိုး၊ မကေဇင်ထွဋ်(အင်ချွန်းတက္ကသိုလ်၊ တောင်ကိုရီးယား)တို့၏အဘွား၊ ခြူးဟေသာထွဋ်၏ဘွားဘွားကြီးသည် ၂၆-၁၀-၂၀၁၅ရက်(တနင်္လာနေ့) နံနက်တွင် ကွယ်လွန်သွားပါ၍ ၂၈-၁၀-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်အုန်းမြင့်
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ အမှတ် ၁၄၄၊ နေကြာလမ်း၊ ပုလဲ(၃)နေ(ဗိုလ်ကြီးခင်မောင်၊ငြိမ်း)၏ဇနီး၊ ဗိုလ်မှူးကြီးခင်မောင်ဆင့်(ငြိမ်း)-ဒေါ်နီလာဦး၊ ဦးသိန်းငွေး-ဒေါ်လဲ့ယဉ်မြင့်(MAI)တို့၏မိခင်ကြီး၊ ကိုကျော်ကျော်လင်း-မသက်ထားဆင့်(IFRC)၊ မမေသင်းမွန်(MAI)၊ မသက်အိန္ဒြာဆင့်၊ မောင်အောင်ဖြိုးသူတို့၏အဘွား၊ မဖြူစင်ကျော်လင်း၊ မကြယ်စင်ကျော်လင်းတို့၏ဘွားဘွားကြီးသည် ၂၆-၁၀-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၇း၂၀နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေတွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်အုန်းမြင့်
အသက်(၈၁)နှစ်

တေဇ(၉)မှ သူငယ်ချင်း ဗိုလ်မှူးကြီးခင်မောင်ဆင့်(ငြိမ်း)-ဒေါ်နီလာဦးတို့၏မိခင်ကြီး ဒေါ်ခင်အုန်းမြင့်သည် ၂၆-၁၀-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၇း၂၀နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၉)မှ**
**သူငယ်ချင်းများနှင့်မိသားစုဝင်များ**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးကြည် (ဝေါမြို့)လေးထောင့်ကန်
အသက်(၇၈)နှစ်

ဝေါမြို့နေ (ဦးစိန်ထွန်း-ဒေါ်သန်းကြည်)တို့၏သမီး၊ (ဦးပေါ်ကြွယ်)-ဒေါ်စန်းမြင့်တို့၏အစ်မ၊ ရန်ကုန်မြို့၊ လေးထောင့်ကန်စံပြ၊ စိုက်/မွေး(၁)၊ အမှတ် ၃/၂/၁၀နေ (ဗိုလ်ကြီးသိန်းမောင်၊ ငြိမ်း)၏ဇနီး၊ ဦးကျော်လွင်-ဒေါ်နီလာအေး၊ ဦးအောင်နိုင်(ညွှန်ကြားရေးမှူး၊ နိုင်ငံတော်သမ္မတရုံး)-ဒေါ်မေရီခိုင်၊ ဦးအောင်မျိုးသိန်း-ဒေါ်ပုလဲ(ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်များဦးစီးဌာန)၊ (ဦးအောင်ဇော်)-ဒေါ်စန္ဒာအေး(JAPFA-Group)တို့၏မိခင်၊ ဗိုလ်ကြီးအောင်ဇေယျာသိန်း(၃၀၀၉၊ လေကြောင်းရန်ကာကွယ်ရေးတပ်၊ နမ့်ဆန်)၊ ကိုလွင်မောင်မြင့်-မတိုးရတနာသိန်း၊ မဆုရတနာသိန်း၊ မောင်အောင်မြတ်ဘုန်းသိန်း၊ မနန္ဒာကျော်သိန်း(ခ)သျှားထွဋ်အိန္ဒြာ၊ မသီရိကျော်သိန်း၊ မဆုထက်ထက်အောင်၊ မမေပန်းချီအောင်၊ မောင်အောင်ခန့်တို့၏အဘွားသည် ၂၆-၁၀-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၉း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် နေပြည်တော် ကျေ့ကြီးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေပြည်တော်ခုတင်-၁၀၀၀ ဆေးရုံကြီးအအေးတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၅ရက် (သောကြာနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ နေပြည်တော်၊ စပယ်အိမ်ရာ၊ တိုက်(၇)၊ အခန်း ၂ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဝေဝေ
ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊ အမက(၁)ဗဟန်း
အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီးနေ (ဦးစံထွန်း-ဒေါ်ခင်ချိုချို)တို့၏သမီးကြီး၊ ဦးစိုးညွန့်-ဒေါ်တင်မျိုးဇော်၊ (ဦးတင်ထွန်း)-ဒေါ်အေးအေးစိုးတို့၏ညီမ၊ ဦးမင်းမောင်၊ဦးအောင်ဆန်းဦး၊ ဒေါ်ခင်နွယ်နွယ်၊ ဦးစိုးမြင့်-ဒေါ်သီသီမြင့်တို့၏အစ်မ၊ တူ/တူမ ရှစ်ယောက်တို့၏အဒေါ်သည် ၂၆-၁၀-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၁း၃၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၈-၁၀-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## စောသေတာမူး(ခ)မန်းဒေးဒေး အသက်(၆၁)နှစ်
တပ်မတော်(ရေ)(ငြိမ်း)

(စောဘသန်း-နော်အေးကြိုင်)တို့၏သား၊ (စောတဘိုး)-နော်လောလ၊ (စောညီညီ)-နော်အက်စတာဖေတို့၏ညီ၊ နော်မူးမူ-စောစံခိုင်၊ နော်လူးလူ-စောကနဲလီ၊နော်ခူးခူ-မန်းဂျိုးဇက်တို့၏အစ်ကို၊ အမှတ် ၆၂(ငါးလွှာ-B)၊ သီတာလမ်း၊သီတာရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေ နန့်ညိုမီချစ်၏ချစ်လှစွာသောခင်ပွန်း၊နန့်မြတ်သီတာ၊စထွင့်ခေါင်(ခ)ကြီးကြီး၊စထွင့်အောင်(ခ)ငယ်ငယ်တို့၏ချစ်လှစွာသောဖခင်၊ တူ၊ တူမ ၁၉ယောက်တို့၏ဦးလေးသည် ၂၆-၁၀-၂၀၁၅ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၈-၁၀-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ဘရေတန်ပိုးကရင်နှစ်ခြင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ထိန်ပင်ကရင်နှစ်ခြင်း ခရစ်ယာန်သုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဝေဝေ
ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
အမက(၁)ဗဟန်း
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာဥယျာဉ်၊ ကျူစိုက်အိမ်ရာနေ ဦးတင်မောင်လွင် (ဦးစီးအရာရှိ၊ ငြိမ်း၊ အား/ကာဦးစီးဌာန)၏ ချစ်လှစွာသောဇနီး၊ ဦးမောင်မောင်ဝင်း-ဒေါ်ကြည်ပြာဦး၊ ဦးဖြိုးဝေထွန်း-ဒေါက်တာကြည်သာလွင်တို့၏မိခင်၊ မဆုပြည့်ရတနာ၊ မချောသီရိသွယ်၊ မဖြိုးသဒ္ဒါခင်တို့၏အဘွားသည် ၂၆-၁၀-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁း၃၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဝေလင်းဆွေ
အသက်(၄၀)

ပဲခူးမြို့နေ(ဦးဘအောင်-ဒေါ်သန်း)၊ (ဦးလှမောင် - ဒေါ်မြတင်)တို့၏မြေး၊ ဦးသန်းဆွေ-(ဒေါ်ခင်သန်းမြင့်)တို့၏သား၊(ဦးအေးချစ်)-ဒေါ်တင်ညွန့်တို့၏သားသမက်၊ ဦးတင်ဝင်း-ဒေါ်တင့်တင့်လွင်(သစ်စက်)၊ ဦးတိုး-ဒေါ်ကြည်ကြည်သန်း (မြနန္ဒာဟိုတယ်)တို့၏တူ၊ ကိုသီဟစိုး-မဝင်းထိုက်ထိုက်စိုး၊မောင်လှိုင်ဝင်းအောင်၊ မသူသူအောင်တို့၏အစ်ကို၊ မောင်မြတ်မင်း-မရွှေရည်ဝင်းအိ၊ မောင်မင်းသုဝေတို့၏ဖခင်၊ မဝင်းဝင်းအေး၏ချစ်လှစွာသောခင်ပွန်းသည် ၂၅-၁၀-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၇-၁၀-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ပဲခူးမြို့၊ ဥဿာမြို့သစ်၊ တပင်ရွှေထီးလမ်း၊ အမှတ် ၁၂နေ ဦးသန်းဆွေ-(ဒေါ်ခင်သန်းမြင့်)တို့၏နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဒေါ်နှင်းဥ(ခ)
## ဒေါ်ကြည်ကြည် (ဒေးဒရဲ)
သက်ကြီးကန်တော့ခံ
အသက်(၈၆)နှစ်

ဒေးဒရဲမြို့နေ(ဦးစိုးမင်း-ဒေါ်စိန်နု)တို့၏သမီး၊ (ဦးအောင်မြင့်-ဒေါ်လှအုံးမယ်)တို့၏ချွေးမ၊ ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)၏ ဒုတိယဥက္ကဋ္ဌဟောင်း (ဦးမြင့်အောင်)၏ဇနီး၊ ဒေါ်မေဇင်ဦး (ဦးကျော်ထွန်းအောင်)၊ ဒေါ်ချိုချိုအောင်၊ ဦးမျိုးမြင့်-ဒေါ်ခင်မာအောင်၊ ဦးကျော်မိုးဟန်-ဒေါ်ခင်မာချိုတို့၏မိခင်၊ အသင်းဝင်အမှတ်(၈၃)၊ သက်ကြီးကန်တော့ခံသည် ၂၀-၁၀-၂၀၁၅ရက်(အင်္ဂါနေ့)ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၁-၁၀-၂၀၁၅ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ အသင်းသားများနှင့် မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းရီ(ခ)ဒေါ်ပုချို
(ဒိုက်ဦး၊ သုံးခွ)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်းမ၊ အမှတ် ၂၆၆နေ (ဦးသာကြွယ် - ဒေါ်မြိုင်)တို့၏သမီး၊ (ဦးတင်အောင်)၏ဇနီး၊ (ဦးဟန်စိုး)-ဒေါ်သိန်းနွဲ့၊ ဦးလှမြင့်-ဒေါ်ခင်စန်း၊ ဦးမြင့်စိုး-ဒေါ်ကံစိန်(ရွှေယုန်မင်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)၊ ဒေါက်တာဦးတင်ထွေး(ဆေးရုံအုပ်ကြီး၊ငြိမ်း)-ဒေါ်စန်းစန်းနွယ်၊ ဦးခင်မောင်ရီ (ဌာနမှူး၊ ငြိမ်း၊ စ/လ ပြန်ကြားရေးဝန်ကြီးဌာန)-ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်သန်းသန်းလွင်၊ ဦးမြင့်သိန်းတို့၏အစ်မ၊ တူ/တူမ ၁၃ယောက်တို့၏ကြီးကြီးသည် ၂၆-၁၀-၂၀၁၅ရက် (တနင်္လာနေ့) နံနက်တွင် ကွယ်လွန်သွားပါ၍ ၂၈-၁၀-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးခင်မောင်(ခ)ဦးသက်နိုင်
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တောင်ရပ်ကွက်၊ ဦးဖိုးကျားလမ်း၊ အမှတ် ၄/၈၊ ခြောက်လွှာ(အေ)နေ(ဦးစု-ဒေါ်ကြူး)၊ (ဦးဝင်း-ဒေါ်လှ)တို့၏သားသမက်၊ ဒေါ်ခင်ဖြူ၏ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်စိုး-ဒေါ်စန္ဒာကြူတို့၏အစ်ကို၊ ဦးရဲလင်းနိုင်(ခ)မိတ်ကပ်သူရိန်၊ ကိုမျိုးအောင်(ခ)မင်းခန့်ကျော် - ဒေါ်လင်းသန္တာဦး(ခ)မီးငယ် (ကောင်းဆုစံ ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး)၊ ဦးကျော်စိုးနိုင်-ဒေါ်သက်သဥ္ဇာဖြိုးတို့၏ ချစ်လှစွာသောဖခင်၊ ဖြိုးဝေပိုင်၊ မသဲစုသက်ညှာ၊ ဖြိုးဝေနိုင်တို့၏အဘိုးသည် ၂၆-၁၀-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၂း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၁၀-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဒေါ်ခင်အုံ့ခိုင်(ခ)Aisha Bi
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၂၀နေ (ဦးသိန်းတင်-ဒေါ်ခင်မမ)တို့၏သမီး၊ ဒေါ်မီမီတင်၊ ဟာဂျီဦးစိုးသန့်-ဟာဂျီမဒေါ်ခင်ဆွေဝင်း၊ ဦးသိန်းဝင်း-ဒေါ်စန်းစန်းတင့်(Jakarta)၊ ဒေါ်ဆုမွန်(Perth)၊ ဦးမောင်မောင်အေး-ဒေါ်ခင်ခင်ကြီး၊ ဒေါက်တာဒေါ်လှိုင်လှိုင်ကြီး၊ ဒေါ်စုစုတို့၏အစ်မ/ညီမ၊ ဦးနေလင်းကျော်-ဒေါ်ဖြူငြိမ်းစိုး(Perth)၊ဦးသက်ထွေးမောင်-ဟာဂျီမ ဒေါ်အေးငြိမ်းစိုး၊ မခိုင်ဇာသွယ်၊ မောင်ဉာဏ်လင်းထက်တို့၏အဒေါ်၊ကောင်းမြတ်ကျော်၊ဖွဲ့မြတ်ကျော်၊ ဆုငြိမ်းသက်စံတို့၏ အဘွားသည် ၂၄-၁၀-၂၀၁၅ရက်နံနက် ၆း၄၅နာရီတွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့နံနက် ၁၁နာရီတွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမြင့်သိန်း (ညောင်လေးပင်)
ကျောင်းအုပ်ဆရာကြီး(ငြိမ်း)၊ (အလက-၂၊ ကန်လမ်း) တောင်ငူ
အသက်(၈၄)နှစ်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ဦးမှန်းလမ်း၊ အမှတ် ၁၃/၃၀၁နေ ဒေါ်ခင်နွဲ့၏ခင်ပွန်း ဦးမြင့်သိန်း(အငြိမ်းစားကျောင်းအုပ်ကြီး)သည် ၂၆-၁၀-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၁၀-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ တောင်ငူမြို့ အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသိန်းမောင် (ရေကျော်)
(ပြစက်မှူး၊ သမ္မတရပ်ရှင်ရုံ၊ ဝဇီရာရပ်ရှင်ရုံ)
ရုပ်ရှင်ကော်ပိုရေးရှင်း
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ် ၁၁ (သုံးလွှာ)နေ(ဦးမောင်ကြီး-ဒေါ်ဖွားစိန်)တို့၏သား၊ (ဦးထွန်းလှိုင်)-ဒေါ်သိန်းဦး၊ (ဦးဝင်းမောင်)-ဒေါ်သန်းအေးတို့၏အစ်ကို၊ ဒေါ်ယဉ်ယဉ်နု၏ခင်ပွန်း၊ ဦးထွန်းကိုကို-ဒေါ်စပယ်သိန်း၊ ဦးညီညီအောင်၊ ဦးထွန်းထွန်းဝင်း၊ (ဦးဝင်းကိုကို)-ဒေါ်စုစုမြတ်၊ ဦးကျော်ကျော်အောင်၊ ဒေါ်စုစုလတ်(ခ)Disco၊ မမြတ်ဝတ်ရည်(ခ)ဖြူမတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၂၅-၁၀-၂၀၁၅ရက် ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၀-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၀-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသန်းရွှေ (ကျောက်ဖြူ)
ရွှေပန်းထိမ်ဆရာကြီး
အသက်(၇၀)

ရန်ကုန်မြို့၊ ကျောက်မြောင်း၊ ဘယသုဒ္ဓိလမ်း၊ အမှတ် ၉ (ပထပ်)နေ ဒေါ်အေးယဉ်၏ချစ်လှစွာသောခင်ပွန်း၊ ကိုစိုးမြင့်-မစန်းစန်းမော်၊ ကိုစိုးတင့်-မမေစုလှိုင်၊ ကိုဘုန်းမြင့်(Uniteam Marine)-မဇာနွယ်လှိုင်၊ မယဉ်ဆွေခိုင်(ခ)စိုးစိုးထွေး(IGE)တို့၏ဖခင်ကြီး၊ မောင်လွင်ကိုဖြိုး၊ မဖူးပွင့်သဲချို၊ မသုရွှန်းနဒီ၊ မောင်လှိုင်လင်းဆက်ဟန်၊ မောင်ဘုန်းနေခန့်၊ မလှိုင်မြတ်နိုးချယ်တို့၏ဘိုးဘိုးကြီးသည် ၂၄-၁၀-၂၀၁၅ရက်(စနေနေ့) နံနက် ၉း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအေးသိန်း(ပြည်) အသက်(၆၉)နှစ်
ညွှန်ကြားရေးမှူး(ငြိမ်း) ဆည်မြောင်းဦးစီးဌာန

(ဦးချောင်ရီ-ဒေါ်သန်းကြည်)တို့၏သား၊ (ဦးညွန့်မောင်)-ဒေါ်သိန်းတို့၏သားသမက်၊ (ဒေါ်သန်းသန်းဆွေ)၏ခင်ပွန်း၊ ဒေါက်တာအောင်ဇော်မြင့်-မအေးမွန်သာ၊ ကိုရဲခေါင်-မမေသက်ခိုင်တို့၏ဖခင်ကြီး၊ မောင်ဟန်လင်းသစ်၊ မောင်ကောင်းခန့်သော်တို့၏အဘိုးသည် ၂၃-၁၀-၂၀၁၅ရက်(သောကြာနေ့)ညနေ ၆နာရီတွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကုန်းမြင့်ရိပ်သာ၊ ဇေယျာခေမာလမ်း၊ အမှတ် ၅၀၈ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၀-၂၀၁၅ရက် (အင်္ဂါနေ့)တွင် ပြည်မြို့ကန်မြသုသာန်၌ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာ
## ဦးအေးဝင်း
ဒုအင်ဂျင်နီယာချုပ်(ငြိမ်း)၊ (MOEP)
BE (Mechanical) 77 Batch
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City၊ ဆောင်းနှင်းသဇင်လမ်း၊ အမှတ် ၃၆နေ (ဦးချစ်လှိုင်-ဒေါ်ခင်စိန်)တို့၏သား၊ (ဦးရွှေ-ဒေါ်မြမြ)တို့၏သားသမက်၊ ဒေါ်ခင်လေး(ခ)ဒေါ်ငွေးဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ကိုကျော်ကျော်မင်း-မအေးနန္ဒာဦး၊ ကိုရှိန်ဝေလင်း-မအေးသန္တာဦး၊ ကိုကောင်းမြတ်ဦးတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၅-၁၀-၂၀၁၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၀-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ငွေးကြည် (ငါးသိုင်းချောင်း)
အသက်(၆၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ အောင်ဆန်းရပ်ကွက်၊ သူရလွင်လမ်း၊ အမှတ် ၃၇၂နေ (ဦးစိုးမြင့်-ဒေါ်တင်တင်)တို့၏သမီး၊ (ဦးခင်ယုံ)၊ ဒေါ်လှတင်တို့၏ချွေးမ၊ ဦးတင့်နိုင်၏ဇနီး၊ ဦးငွေးအောင်(နေပြည်တော်)၊ (ဒေါ်သန်းကြိုင်)၏ညီမ၊ ဦးတိုးအောင်(MESC)၊ ဒေါ်မေမေလွင်တို့၏အစ်မသည် ၂၅-၁၀-၂၀၁၅ရက် ညနေ ၆နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၀-၂၀၁၅ရက် မွန်းလွဲ ၁း၃၀နာရီတွင် ငါးသိုင်းချောင်းမြို့မီးသင်္ဂြိုဟ်စက်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း၊ ကန် ဒါယကာကြီး
## ဒေါက်တာဦးဇော်ဝင်း
BVS (1974-80) မြို့မကျောင်းသားဟောင်း
အသက်(၅၈)နှစ်

တိုက်(ဘီ)၊ အခန်း ၁၀၁၊ မေသူအိမ်ရာ၊ အောင်မြေသာစည်ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ (ဦးစိန်မောင်-ဒေါ်သန်း)တို့၏မြေး၊ ဦးကျော်သိန်း-(ဒေါ်တင်ရီ)တို့၏တစ်ဦးတည်းသောသား၊ ဒေါ်ခင်သန်းအေး (Y.I.T, သတ္တုဗေဒဌာန)၏ခင်ပွန်း၊ ကိုကောင်းမြတ်ဝင်း(OCBC ဘဏ်၊ရန်ကုန်)-မဇင်ဝေဖူး၊ကိုအေးဇော်ဝင်း(သတ္တုတွင်းအင်ဂျင်နီယာ၊ ဩစတြေးလျ)-မနွယ်နွယ်ထွန်းလတ်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၄-၁၀-၂၀၁၅ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၅ရက်(သောကြာနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အား/ကာသိပ္ပံများမှ ဘောလုံးသမားကောင်းများ မွေးထုတ်ပေးနေ

**နေပြည်တော်   အောက်တိုဘာ   ၂၆**

**သတင်း-မြင့်မောင်စိုး ➤ ဓာတ်ပုံ-မောင်ကျော်ကြီး**

မြန်မာ့ဘောလုံးလောက တိုးတက်အောင်မြင်ရေးအတွက် အားကစားဝန်ကြီးဌာနလက်အောက်ရှိ အားကစားနှင့်ကာယပညာသိပ္ပံများမှ လူငယ်မျိုးဆက်သစ်အားကစားသမားများကို မွေးထုတ်ပေးလျက်ရှိကြောင်း အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"နာမည်ကြီး ဘောလုံးသမားအများစုမှာ လက်ရှိအားကစားနှင့်ကာယပညာသိပ္ပံကျောင်းများမှ ဖြစ်ပါတယ်။ ဒါ့အပြင် MNL လိဂ်မှာဆိုရင်လည်း အား/ကာသိပ္ပံမှဘောလုံးသမားတွေကို တွေ့ရမှာဖြစ်ပါတယ်"ဟု အားကစားဝန်ကြီးဌာန ပြောရေးဆိုခွင့်နှင့်သတင်းထုတ်ပြန်ရေးအဖွဲ့ အတွင်းရေးမှူးလည်းဖြစ် ဒုတိယအမြဲတမ်းအတွင်းဝန်လည်းဖြစ်သည့် ဦးကျော်ဦးက မြန်မာ့အလင်းသို့ ပြောသည်။

ထို့အပြင် အားကစားဝန်ကြီးဌာနအနေဖြင့် အားကစားနှင့်ကာယပညာသိပ္ပံ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်နှင့် *စာမျက်နှာ ၁၄ ကော်လံ ၅* ✻



အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများမှ မြန်မာ့လက်ရွေးစင် အားကစားသမားများ နှစ်စဉ်မွေးထုတ်ပေးလျက်ရှိသည်။

## ယနေ့ ဖတ်စရာ

**ရွှေ့ပြောင်းဒုက္ခသည်များအရေး ပူးပေါင်းဆောင်ရွက်ရန် အီးယူခေါင်းဆောင်များနှင့် ဘော်လ်ကန်နိုင်ငံများ သဘောတူညီမှုရရှိ**

စာမျက်နှာ-၄

**၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များနှင့် ပတ်သက်၍ အသိပေးကြေညာ**

စာမျက်နှာ-၇

**ရွေးကောက်ပွဲစည်းရုံးဟောပြောမှုအား ဥပဒေနှင့်အညီ စည်းရုံးဟောပြောကြရန် သတင်းထုတ်ပြန်**

စာမျက်နှာ-၇

## အင်အားပြင်းမြေငလျင်လှုပ်

**နေပြည်တော်   အောက်တိုဘာ   ၂၆**

ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီ ၄၄ မိနစ် ၄၆ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက်မိုင် ၂၉၂၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ အာဖဂန်နစ္စတန်နိုင်ငံ ဟိန္ဒူကွတ်ရှ်ဒေသကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ ဒသမ ၅ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်သွားသည်ကို မိုးလေသဝနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(မြန်မာ့အလင်း)**

## အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိ


**ယနေ့ထုတ်မြန်မာ့အလင်းသတင်းစာတွင် ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁-၂၀၁၅ အထူးကဏ္ဍအချပ်ပို လေးမျက်နှာ ပါရှိပါသည်။**

## ဆွာရက်ဇ်၏ ဟက်ထရစ်ဂိုးနဲ့ ဘာစီလိုနာတို့ အနိုင်ရ

**သီဟ**

စပိန် လာလီဂါပွဲစဉ် (၉)မှ အောက်တိုဘာ ၂၅ ရက် တနင်္ဂနွေနေ့ည ပွဲစဉ်တစ်ပွဲ ဖြစ်သည့် ဘာစီလိုနာနှင့် အီဘာပွဲကို နူးကမ့်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်း သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ယင်းပွဲတွင် မက်ဆီဒဏ်ရာမသက်သာသေး၍ နာမည်ကြီးMSN တိုက်စစ်အတွဲ ထုတ်မသုံးခဲ့သော်လည်း တိုက်စစ်မှူး ဆွာရက်ဇ်၏ တစ်ကိုယ်တော် ဟက်ထရစ်သွင်းဂိုးများဖြင့် ဘာစီလိုနာအသင်း နိုင်ပွဲရရှိခဲ့သည်။ ဘာစီလိုနာအသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့ပြီး တိုက်စစ်ပိုင်းတွင် နေမာ၊ ဆွာရက်ဇ်၊ ရာမီရက်ဇ်တို့ ပွဲထွက်လာခဲ့သည်။ ကွင်းလယ်တွင် ရာကီတစ်၊ ဘက်စ် ကွက်မ်၊ မာရှေယာနိုတို့နှင့် နောက်တန်းတွင် ဘာထရာ၊ အဲလ်ဗက်စ်၊ *စာမျက်နှာ ၅ ကော်လံ ၄* ◆



ဘာစီလိုနာတိုက်စစ်မှူး ဆွာရက်ဇ် ဂိုးသွင်းပြီး အောင်ပွဲခံနေစဉ်။






မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNEWS

မြန်မာ့အလင်း

ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁-၂၀၁၅

အောက်တိုဘာ ၂၇၊ ၂၀၁၅ (အင်္ဂါနေ့)



## ငြိမ်းချမ်းရေး၏ အသီးအပွင့်များ အချိန်တိုအတွင်း ခံစားကြရမည်

၂၀၁၄-၂၀၁၅ နှစ်တွေရဲ့ စစ်တမ်းတွေအရ မြန်မာနိုင်ငံရဲ့ လူဦးရေ ၁၀ ရာခိုင်နှုန်းဟာ တိုက်ပွဲဖြစ်ပွားရာဒေသတွေမှာ နေထိုင်ကြပါတယ်။ လူဦးရေ ၄၀ ရာခိုင်နှုန်းခန့်ဟာ လက်နက်ကိုင်ပဋိပက္ခရဲ့ အကျိုးသက်ရောက်မှုရှိတဲ့ ဒေသတွေမှာ နေထိုင်ကြပါတယ်။ NCA လက်မှတ်ရေးထိုးလိုက်ပြီး လုပ်ငန်းစဉ်တွေကို စတင် အကောင်အထည်ဖော်တာနဲ့ ပဋိပက္ခဘေးထွက်ဆိုးကျိုးတွေခံစားနေရတဲ့ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဟာ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်တွေကို အချိန်တိုတိုအတွင်းမှာ ခံစားကြရမှာဖြစ်ပါတယ်။ (နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့ MICC-2 တွင် ကျင်းပသည့် NCA လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင်ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများကို သွားရောက်အလုပ်လုပ်ကိုင်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ



လူမှုဖူလုံရေးအဖွဲ့ နယ်လှည့်ဆေးကုသယာဉ်(MMU) အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။ (ဓာတ်ပုံ-မျိုးထက်)

**အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန**

လူမှုဖူလုံရေးအာမခံအလုပ်သမားများအား ခုတင်(၂၅၀)ဆံ့ ရန်ကုန်အလုပ်သမားဆေးရုံကြီး၊ ခုတင်(၁၅၀)ဆံ့ မန္တလေးအလုပ်သမားဆေးရုံကြီးနှင့် ခုတင်(၁၀၀)ဆံ့ ထန်းတပင်အလုပ်သမားဆေးရုံကြီး(ရန်ကုန်)၊ လူမှုဖူလုံရေးဆေးခန်း (၉၄)ခန်းနှင့် ဌာနကြီးဆေးခန်း (၄၅) ခန်းတွင် ဆေးဝါးကုသပေးခြင်း နယ်လှည့်ဆေးကုသယာဉ် (MMU)ဖြင့် အလုပ်ဌာနများအရောက် အာမခံအလုပ်သမားများအား ဆေးဝါးကုသမှုပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**အနည်းဆုံးအခကြေးငွေ**

၂၀၁၃ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် အနည်းဆုံးအခကြေးငွေဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေ ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဃ)နှင့်အညီ မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှစ၍ တစ်နိုင်ငံလုံး တစ်ပြေးညီသတ်မှတ်သည့် အနည်းဆုံးအခကြေးငွေမှာ တစ်နာရီလျှင် ငွေကျပ် ၄၅၀ (ကျပ်လေးရာငါးဆယ်တိတိ) နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်)အတွက် ငွေကျပ် ၃၆၀၀ ဖြစ်ကြောင်းနှင့် ယင်းသတ်မှတ်ချက်သည် အလုပ်သမား ၁၅ ဦးနှင့်အောက်ရှိသည့် လုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းများနှင့် သက်ဆိုင်မှုမရှိကြောင်း ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

**Complaints Mechanism Center များ**

ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြဿနာများဖြေရှင်းနိုင်ရန် Complaints Mechanism Center များကို ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် ဖွင့်လှစ်ပေးခဲ့ပြီး တစ်ပတ်လျှင် ခုနစ်ရက်၊ တစ်ရက်လျှင် ၂၄ နာရီဖြင့် တိုင်ကြားမှုများ လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။

တရားမဝင်ရွှေ့ပြောင်းသွားလာခြင်းများကို လျှော့နည်းပပျောက်စေရေး၊ အလုပ်သမားအခွင့်အရေးများ အပြည့်အဝရရှိစေရေး၊ အလုပ်သမားများအား ကာကွယ်စောင့်ရှောက်မှုတိုးမြှင့်ပေးရေး၊ ရွှေ့ပြောင်းအလုပ်သမားများ၏ သတင်းအချက်အလက်များ စုဆောင်းနိုင်ရေးနှင့် ပြန်လည်ရောက်ရှိလာသူများ၏ အချက်အလက်အတွေ့အကြုံများရရှိရေးအတွက် ရည်ရွယ်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဆိုက်ရောက်နှင့် ထွက်ခွာခန်းမတို့တွင် မြန်မာရွှေ့ပြောင်း လုပ်သားများ သတင်းပို့နေရာ (Myanmar Migrant Workers’ Reporting Counter) ဖွင့်လှစ်ခဲ့သည်။

ILO နှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) တို့နှင့် ပူးပေါင်း၍ ရွှေ့ပြောင်းလုပ်သားများ ကူညီထောက်ပံ့ပေးရေး ဗဟိုဌာန (Migrant Resources Centre) များကို ရွှေ့ပြောင်းသွားလာသည့်ဒေသများနှင့် ရွှေ့ပြောင်းအလုပ် သမားများအား သတင်းအချက်အလက် ဖြန့်ဖြူးပေးရန် ဖြစ်နိုင်ခြေရှိသော တိုင်းဒေသကြီး/ပြည်နယ်များတွင် ဖွင့်လှစ်ပေးခဲ့သည်။

*စာမျက်နှာ (ခ)သို့*

# သဘာဝရှိရင်းစွဲ အရင်းအမြစ်ကိုအခြေခံ၍ နိုင်ငံခြားငွေအမြောက်အများရှာဖွေ

**ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန**

ခရီးသွားလုပ်ငန်းသည် ခရီးသွားဧည့်သည်များ၏ ခရီးစဉ်ဒေသများသို့ သွားလာလည်ပတ်ရေးသာမက ခရီးစဉ်ကာလအတွင်း ၎င်းတို့၏ နေထိုင်စားသောက်မှုဆိုင်ရာ ဝန်ဆောင်မှုများဖြည့်ဆည်းပေးရေး၊ ဘေးကင်းလုံခြုံရေးနှင့် စိတ်ချမ်းမြေ့သာယာရေး၊ အတွေ့အကြုံသစ်များနှင့် နိုင်ငံကိုယ်စားပြုအမှတ်တရပစ္စည်းများ ဖန်တီးရေးတို့ကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရသဖြင့် လုပ်ငန်းကဏ္ဍကျယ်ပြန့်များပြားသည့်နည်းတူ မိမိတို့၏သဘာဝ ရှိရင်းစွဲအရင်းအမြစ်များကိုအခြေခံ၍ နိုင်ငံခြားငွေ အမြောက်အများကို ရှာဖွေပေးနိုင်သည့် လုပ်ငန်းတစ်ခုလည်းဖြစ်သည်။

**ကမ္ဘာလှည့်ခရီးသည် ၃ ဒသမ ၃၇ သန်းကျော်**

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုမှာ တစ်နှစ်ထက်တစ်နှစ် သိသိသာသာ တိုးတက်ခဲ့ပြီး ယခု ၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ ဧည့်သည်ဝင်ရောက်မှုမှာ ၃ ဒသမ ၃၇ သန်းကျော်ရှိနေပြီဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီး၏ ခရီးသွားလုပ်ငန်းတိုးတက်မှု အခြေအနေများကို စောင့်ကြည့်လေ့လာလျက်ရှိသော WTTC ၏ သုတေသနစစ်တမ်းအရ မြန်မာ့ခရီးသွားလုပ်ငန်းမှ နိုင်ငံတော်သို့ စုစုပေါင်းဝင်ငွေရှာဖွေပေးနိုင်မှု ပမာဏမှာ ၂၀၁၄ ခုနှစ်တွင် ငွေကျပ် ၃၀၂၅ ဒသမ ၆ ဘီလီယံရရှိခဲ့ပြီး

*စာမျက်နှာ (ဂ)သို့*



ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်စေရန်နှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုလာစေရန်အတွက် မောတောင်စင်ခွန်းနယ်စပ်ဖြတ်ကျော် စက်ဘီးစီးပွဲတော် ကျင်းပစဉ်။ (ဓာတ်ပုံ-ဟိုတယ်/ခရီး)

# ပြည်သူ့အတွက်ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁ – ၂၀၁၅

**ရှေ့ဖုံးမှ**
GDB ၏ ၄ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ အလုပ်အကိုင်ပေါင်း ၁ ဒသမ ၁၃၄ သန်းကို လည်း ရှာဖွေပေးနိုင်ခဲ့သဖြင့် စုစုပေါင်း အလုပ်အကိုင်၏ ၄ ရာခိုင်နှုန်းဖြစ်ကြောင်း ဖော်ပြထားသည်။

ထိုနည်းတူ ၂၀၁၅ ခုနှစ်တွင်လည်း ဝင်ငွေအားဖြင့် ၂၀၁၄ ခုနှစ်ကထက် ၆ ဒသမ ၇ ရာခိုင်နှုန်းနှင့် အလုပ်အကိုင်အခွင့်အလမ်း ၂ ဒသမ ၉ ရာခိုင်နှုန်းအသီးသီး တိုးတက်လာနိုင်ကြောင်း ခန့်မှန်းထားသည်ဟု သိရှိရသည်။

**ဟိုတယ်အခန်းပေါင်း ငါးသောင်းခန့်**

၂၀၁၅ခုနှစ် စက်တင်ဘာလအထိ တစ်နိုင်ငံလုံးတွင် ဟိုတယ်အလုံးပေါင်း ၁၂၁၅ လုံး၊ အခန်းပေါင်း ၄၈၄၂၅ ခန်းအထိရှိနေပြီဖြစ်ရာ တိုးတက်လာမည့် ဧည့်သည်များအတွက် အခန်းလိုအပ်ချက်ကို လုံလောက်စွာဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

ထို့အတူ ခရီးလှည့်လည်ရေး လုပ်ငန်းများသည်လည်း ၂၀၁၁ခုနှစ်မတိုင်မီက စုစုပေါင်း ၆၈၇ ခုသာ ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ခရီးလှည့်လည်ရေးလုပ်ငန်းကုမ္ပဏီပေါင်း ၁၆၇၀ အထိ တိုးတက်များပြားလာခဲ့သည်။ ၂၀၁၅ ခုနှစ် စက်တင်ဘာအထိ တစ်နိုင်ငံလုံးတွင် နိုင်ငံသားပိုင်ကုမ္ပဏီ ၁၈၃၄ ခု၊ နိုင်ငံသားနှင့် နိုင်ငံခြားသားပိုင်ဖက်စပ်ကုမ္ပဏီ ၃၉ ခု၊ နိုင်ငံခြားသားပိုင်ကုမ္ပဏီ ၁ ခု၊ စုစုပေါင်း ခရီးသွားကုမ္ပဏီ ၁၈၇၄ ခုအထိ တိုးတက်လာခဲ့သည်။

**အမေရိကန်ဒေါ်လာ သန်း ၂၅၀၀ ကျော်**

၂၀၁၁ ခုနှစ်တွင် ဟိုတယ်နှင့်စီးပွားရေးအဆောက်အအုံစီမံကိန်း ၃၆ခု၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၄၄ ဒသမ ၄၁၉ သန်းသာရှိခဲ့သည်။

၂၀၁၅ ခုနှစ် စက်တင်ဘာလကုန်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ဖက်စပ်ရင်းနှီးမြှုပ်နှံမှု ဟိုတယ်စီမံကိန်း




ခရီးသွားလုပ်ငန်းမှ ဝင်ငွေများသည် အလွှာပေါင်းစုံသို့ စီးဝင်သက်ရောက်မှုရှိသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်းကို ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ (World Travel and Tourism Council)က သရုပ်ဖော်ပြထားသည့်ပုံ။

Welcome to the Golden Land၊ ခုနှစ်အလိုက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍနှင့်ပတ်သက်သည့် အချက်အလက်များကို ဖော်ပြထားသော Myanmar Tourism Statistics လက်ကမ်းစာစောင်များနှင့် Let the Journey Begin DVD၊ Visit Myanmar Now DVD - 5 တို့ကို ထုတ်ဝေဖြန့်ချိခဲ့ပြီး ပြည်တွင်း၌သာမက ပြည်ပရှိ မြန်မာနိုင်ငံဆိုင်ရာသံရုံးများ၊ ကောင်စစ်ဝန်ရုံးများမှတစ်ဆင့် နိုင်ငံတကာသို့ ဖြန့်ချိမြှင့်တင်ခဲ့သည်။

ဆက်လက်ပြီး လက်ရှိထုတ်ဝေလျက်ရှိသော လက်ကမ်းစာစောင်များကိုလည်း ပိုမိုဆွဲဆောင်မှုရှိစေရန် ဒီဇိုင်းများပြင်ဆင်ထုတ်ဝေခြင်း၊ အလားအလာရှိသော ခရီးစဉ်ဒေသ အသစ်များကိုဖော်ထုတ်၍ လက်ကမ်းစာစောင်များ တိုးချဲ့ထုတ်ဝေဖြန့်ချိမည့်အပြင် အင်တာနက်မှတစ်ဆင့် ခရီးသွားလုပ်ငန်းများမြှင့်တင်ကြော်ငြာနိုင်ရေးအတွက် ဝန်ကြီးဌာန၏ Website အား အဆင့်မြှင့်တင်ရေးဆောင်ရွက်လျက်ရှိသည်။


ခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကို ပြည့်ပြည့်စုံစုံနှင့် ခရီးသွားဧည့်သည်များ အလွယ်တကူသိရှိနိုင်စေရေးအတွက် Tourism Mobile Application ရေးဆွဲပြုလုပ်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။


ပြည်တွင်း၌ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးလှုပ်ရှားမှုများကို ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ အဓိကခရီးစဉ်တစ်ခုဖြစ်သော အင်းလေးကန်ဒေသ၌ သစ်ခွပန်းပြပွဲကို ၂၀၁၁ ခုနှစ်မှစ၍ နှစ်နှစ်ဆက်တိုက်ကျင်းပခဲ့သည်။

မြန်မာနိုင်ငံသို့ ပုံမှန်လေကြောင်းမှ ဝင်ရောက်ခြင်းမဟုတ်ဘဲ ပင်လယ်ရေကြောင်းမှ Cruise သင်္ဘောများဖြင့် ဝင်ရောက်လာသည့် ခရီးသွားဧည့်သည်များအား ဧည့်ဝတ်ပြုခြင်း၊ နယ်စပ်ဝင်ပေါက်များမှ မော်တော်ယာဉ်၊ ဆိုင်ကယ်များဖြင့် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် ခရီးသွားဧည့်သည်များ၏ လမ်းခရီးလွယ်ကူ




ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မိတ်ဖက်အဖွဲ့အစည်းများ




## လူမှုဘဝဖွံ့ဖြိုးရေး၊ GDP နှင့် အလုပ်အကိုင်အခွင့်အလမ်းများ

၄၇ ခုနှင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၆၄၁ ဒသမ ၃ သန်းထိ တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံအလိုက်ရင်းနှီးမြှုပ်နှံမှုများတွင် စင်ကာပူနိုင်ငံက အမေရိကန်ဒေါ်လာ ၁၄၇၇ ဒသမ ၁၆၄ သန်းဖြင့် ရင်းနှီးမြှုပ်နှံမှုအများဆုံးနေရာတွင် ရပ်တည်လျက်ရှိသည်။ ဒုတိယနေရာမှ ဗီယက်နမ်နိုင်ငံက အမေရိကန်ဒေါ်လာသန်း ၄၄၀ ရင်းနှီးမြှုပ်နှံထားသည်။

၂၀၁၃ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းပြီးနောက် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သဘောထားမှတ်ချက်တောင်းခံပြီး ကော်မရှင်၏ခွင့်ပြုမိန့် ထုတ်ပေးဆောင်ရွက်ခဲ့သော ဟိုတယ် ၄၂ လုံး၊ အခန်းပေါင်း ၆၃၉၈ ခန်းနှင့် ရင်းနှီးမြှုပ်နှံမှု တန်ဖိုးငွေကျပ်သန်းပေါင်း ၆၀၉၃၁၅ ဒသမ ၀၆ သိန်းအထိ ရှိလာပြီဖြစ်သည်။

**ငပလီ၊ ငွေဆောင်ကမ်းခြေ**

ငပလီကမ်းခြေဒေသကို စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေးအတွက် လက်ရှိအခြေအနေများအား ကောင်းကင်မှတ်တမ်းဓာတ်ပုံများရယူကာ ပင်မစီမံကိန်းအား ရေးဆွဲပြုစု၍ ၂၀၁၃ ခုနှစ် အောက်တိုဘာလမှစ၍ လည်းကောင်း၊ ငွေဆောင်ဒေသ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ပင်မနှစ် ၂၀ စီမံကိန်းအား ငါးနှစ်စီမံကိန်းလေးကြိမ်ဖြင့် ပိုင်းခြားအကောင်အထည်ဖော်မည့်အစီအစဉ်(မူကြမ်း)ကို ၂၀၁၅ ခုနှစ် မေလဆန်းမှစ၍ လည်းကောင်း ဖော်ထုတ်ရေးဆွဲနိုင်ခဲ့သည်။

ခရီးသွားဧည့်သည်များအား ခရီးစဉ်ဒေသအလိုက် ဧည့်လမ်းညွှန်ဝန်ဆောင်မှုများကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေးအတွက် မြန်မာနိုင်ငံ၏ အဓိကခရီးစဉ်ဒေသများဖြစ်သော မန္တလေး၊ ပုဂံ၊ မိုးကုတ်၊ ညောင်ရွှေ၊ တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံ၊ တာချီလိတ်၊ ပြည်၊ မော်လမြိုင်၊ ဘားအံ၊ လွိုင်ကော်၊ စစ်တွေ၊ ကန်ပက်လက်၊ ကသာ၊ ကော့သောင်းမြို့များတွင် ဒေသဆိုင်ရာဧည့်လမ်းညွှန် (Regional Tourist Guide) သင်တန်းများကို အသီးသီးဖွင့်လှစ်ပို့ချပေးခဲ့ပြီး ၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ စုစုပေါင်း ၁၆၃၅ ဦးကို လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့သည်။

ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု သင်တန်းလေးမျိုးဖြစ်သောဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း၊ အစားအစာနှင့် အဖျော်ယမကာ ထုတ်လုပ်ရေးသင်တန်း၊ အစားအစာနှင့်အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေးသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပေးခဲ့ရာ စုစုပေါင်းသင်တန်းဖွင့်လှစ်မှု ၂၇ ကြိမ်တွင် သင်တန်းသား၊ သင်တန်းသူ ၄၀၆၀ ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည်။

**Tourism ကျောင်းသား၊ ကျောင်းသူများ**

အမျိုးသားစီမံခန့်ခွဲမှုကောလိပ်(ရန်ကုန်)နှင့် မန္တလာကောလိပ်(မန္တလေး)တို့တွင် B . A (Tourism) ဘာသာရပ်ကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ စတင်ဖွင့်လှစ်ခဲ့ရာ ယခုအခါ ပထမနှစ်ကျောင်းသား၊ ကျောင်းသူပေါင်း ၃၂၆ ဦး၊ ဒုတိယနှစ်ကျောင်းသား၊ ကျောင်းသူပေါင်း ၁၅၃ ဦးနှင့် တတိယနှစ်ကျောင်းသား၊ ကျောင်းသူပေါင်း ၁၃၃ ဦးတို့ တက်ရောက်ပညာသင်ကြားနေကြပြီဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူများအား စာတွေ့နှင့်လက်တွေ့ပေါင်းစပ်ရေးအတွက် ပြည်တွင်းတွင် လုပ်ငန်းခွင်သင်တန်းများ ဖြည့်ဆည်းပေးသည့်အပြင် အခါအားလျော်စွာ ပြည်ပသင်တန်းများသို့ပါ စေလွှတ်လျက်ရှိရာ သင်တန်းလေးကြိမ်သို့ ကျောင်းသား ကျောင်းသူ ၃၉ ဦးစေလွှတ်ခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံ၏ ထင်ရှားသော ခရီးစဉ်ဒေသများအပြင် ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ရေးကို ဆောင်ရွက်ခဲ့ရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစ၍ ခရီးစဉ်ဒေသမြှင့်တင်ရေးလက်ကမ်းစာစောင်များဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေး၊ နေပြည်တော်၊ မွန်-ကရင်၊ မြိတ်ကျွန်းစု၊ ပျူရှေးဟောင်းမြို့များ၊ ချင်းတောင်တန်းခရီးစဉ်ဒေသ လက်ကမ်းစာစောင်များ၊ မြန်မာနိုင်ငံရှိ အထင်ကရခရီးစဉ်ဒေသများကို ဖော်ပြထားသည့် အဆင်ပြေစေရေး စီစဉ်ဆောင်ရွက်ပေးခြင်း၊ Sports Tourism Activity အနေဖြင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသတွင် မာရသွန်ပြိုင်ပွဲများကို ၂၀၁၅ ခုနှစ်တွင် နှစ်ကြိမ်ကျင်းပခဲ့၍ နိုင်ငံခြားသားခရီးသွားများပါ စိတ်အားထက်သန်စွာပါဝင်ခဲ့ပြီး ၂၀၁၅ ခုနှစ် နိုဝင်ဘာတွင်လည်း ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**သတင်းမီဒီယာနှင့် ရုပ်သံလိုင်းများ**

ခရီးစဉ်ဒေသသစ်တစ်ခုသို့ လာရောက်လည်ပတ်ရာတွင် ခရီးစဉ်ဆိုင်ရာ သတင်း အချက်အလက်များအား သတင်းမီဒီယာများမှတစ်ဆင့်ရရှိမှုသည် ၃၀ ရာခိုင်နှုန်းခန့်ရှိသည်။

သတင်းမီဒီယာများ၏ အခန်းကဏ္ဍသည်လည်း ခရီးသွားလုပ်ငန်းတိုးတက်ရေးတွင် အလွန်အရေးကြီးရာ မြန်မာ့ရေမြေသဘာဝအလှအပများ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ထင်ရှားသောဆွဲဆောင်မှုများ၊ အစားအသောက်များအား ကမ္ဘာတစ်ဝန်းမှသိရှိနိုင်ရေးအတွက် နိုင်ငံတကာရုပ်သံလိုင်းများနှင့် လည်းကောင်း၊ ထိုင်းနိုင်ငံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့နှင့်ပူးပေါင်း၍ ဥရောပ၊ အမေရိကနှင့်ထိုင်းနိုင်ငံတို့မှ ခရီးသွားလုပ်ငန်းရှင်များ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် မီဒီယာများပါဝင်သော Mega Joint FAM Trip နှင့် Education Trip to Myanmar စသည့် FAM Trip များကိုလည်းကောင်း ချိတ်ဆက်ဆောင်ရွက်ခဲ့သည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ (World Travel and Tourism Council)က လက်ရှိမြန်မာ့ခရီးသွားလုပ်ငန်း၏ ခရီးသွားလုပ်ငန်းမှ ဝင်ငွေရရှိမှုနှင့် GDP သို့ ထည့်ဝင်မှုအချိုး၊ ဖွံ့ဖြိုးတိုးတက်မှုနှုန်း၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပို့ကုန်အခြေအနေများအရ အနာဂတ်အခွင့်အလမ်းနှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးမှုများကို ကမ္ဘာ့နိုင်ငံပေါင်း ၁၈၀ အပေါ် အခြေခံနှိုင်းယှဉ်ရာတွင် ၂၀၁၅ ခုနှစ်မှ ၂၀၂၅ အတွင်း မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် အဆိုပါနိုင်ငံများအတွင်း ထိပ်တန်းနေရာတွင်ရှိနိုင်ကြောင်း ဖော်ပြထားခြင်းသည်လည်း ခရီးသွားလုပ်ငန်းမှ အပြုသဘောဆောင်သည့် တိုးတက်မည့်အခြေအနေအရပ်ရပ်ကို ခန့်မှန်းလေ့လာသိရှိနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။



**Caravan Tour များ မြန်မာနိုင်ငံအတွင်းသို့ လှည့်လည်ဝင်ရောက်စဉ်။**

# ကျေးလက်ပြည်သူအဆင်ပြေဖို့ ဝင်ငွေရနို့စားနွားတွေ မွေးမြူစို့

**မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရန်အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ရာသီဥတုနှင့် စိုက်ပျိုးရန် ရေအရင်းအမြစ်ပေါများသည့် နိုင်ငံဖြစ်သည်ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(World Trade Organization-WTO) ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။**

သတင်းဆောင်းပါး-မင်းမင်းဇော်၊
ဟန်နီဝင်း(သတင်းစဉ်)

ကမ္ဘာ့ပေါ်တွင် ပြောင်းလဲလာသောရာသီဥတုအခြေအနေများကြောင့် ရာသီဥတုနှင့်လိုက်ဖက်ညီသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ထူထောင်ရန်လိုအပ်သည်ဟု ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(Food and Agriculture Organization-FAO) ၏ ဖော်ပြချက်များအရ သိရသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကို အခြေခံထားပြီး လုပ်ဆောင်ကြသော ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများသည် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့်သော်လည်းကောင်း၊ လူမှုနေထိုင်မှုပုံစံများ ပြောင်းလဲလာမှုများကြောင့်သော်လည်းကောင်း စားဝတ်နေရေးအတွက် ရာသီအလိုက် သီးနှံပေါ်ချိန်ဝင်ငွေအပြင် ပုံမှန်ဝင်ငွေရရှိမည့် လုပ်ငန်းများကိုပါ တွဲဖက်လုပ်ကိုင်လာကြသည်။

ထို့သို့ ပုံမှန်ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြရာတွင် မွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်ခြင်းများရှိပြီး နို့စားနွားမွေးမြူခြင်းကိုလည်း တွဲဖက်လုပ်ကိုင်ဆောင်ရွက်လာကြသည်။

"ကျွန်တော်တို့နိုင်ငံမှာ ကျေးလက်နေပြည်သူတွေက စိုက်ပျိုးရေးအများစုလုပ်ကြတယ်။ ဒီထဲက အပူပိုင်းဇုန်ဒေသတွေမှာ စိုက်ပျိုးရေးဆိုတာ မိုးလေဝသကောင်းမှ သီးနှံကရနိုင်တာပါ။ ဒါကြောင့် အပူပိုင်းဇုန်တွေမှာ အခုဆို နို့စားနွားမွေးမြူရေးကို လုပ်ကိုင်လာကြတယ်။ ဖြစ်လည်းဖြစ်ထွန်းကြတယ်။ စိုက်ပျိုးရေးက ရာသီချိန်ရှိပါတယ်။ ဒါကြောင့် ပုံမှန်ဝင်ငွေအတွက်တွဲဖက်ပြီး နို့စားနွားမွေးတာမျိုး လုပ်ကိုင်လာကြတယ်။

"နို့စားနွားမွေးမြူတာဟာ အိမ်တစ်အိမ်ရဲ့ စီးပွားရေးကို သိသိသာသာအထောက်အကူပြုပါတယ်။ နို့စားနွားကနေ တစ်နေ့ နို့ခုနစ်ပိဿာ ရှစ်ပိဿာလောက်ထွက်တယ်။ တစ်ခါတလေ ၁၅ ပိဿာ၊ ပိဿာ ၂၀ ဒီလိုထွက်တဲ့အတွက် စီးပွားဖြစ်ရောင်းချလို့ရတယ်။ ပုံမှန်ဝင်ငွေရနိုင်တယ်။ ဒါကြောင့် စီးပွားဖြစ်မွေးလို့ရပါတယ်။ မျိုးပွားပြီးရင်လည်း သားပေါက်ကိုလည်း ရောင်းချလို့ရတယ်။

"ကျွန်တော်တို့ဆီမှာ ဒေသနွားနဲ့နို့စားနွားဆိုပြီး နှစ်မျိုးရှိတယ်။ နို့စားနွားဆိုတာကတော့ နို့ထုတ်လုပ်မှုအတွက် အဓိကဦးစားပေးပြီး မွေးရတာပါ။ ဒေသနွားကတော့ ခိုင်းနွားအဖြစ်သုံးကြတာများပြီး နို့ထုတ်မှုမှာကျရင်တော့ နို့ကငါးဆယ်သား၊ တစ်ပိဿာအလွန်ဆုံးပဲ ထွက်ပါတယ်"ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက ပြောပြသည်။

နို့စားနွားမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် မွေးမြူရေးအထောက်အကူပြုသင်တန်းများ၊ မေထုန်မဲ့သားစပ်လုပ်ငန်းများ၊ နွားမွေးမြူရေးကျေးရွာများ ထူထောင်ပေးခြင်းနှင့် နို့စားနွားထောက်ပံ့ပေးခြင်းများကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း နို့ထုတ်လုပ်မှု၏ ၈၀ ရာခိုင်နှုန်းသည် ဒေသနွားများမှ ထုတ်လုပ်သောနို့ဖြစ်ပြီး ဒေသနွားတစ်ကောင်၏ ပျမ်းမျှနို့အထွက်နှုန်းသည် ၆၀ ကျပ်သားခန့်သာရှိသည်။ ထို့ကြောင့် ဒေသနွားများ၏ နို့ထုတ်လုပ်မှုတိုးတက်စေရန် မျိုးမြင့်သားစပ်ခြင်းများကို လုပ်ဆောင်ရမည်ဖြစ်သည်။

"မေထုန်မဲ့သားစပ်နည်း လုပ်ငန်းတွေကို အခမဲ့လုပ်ဆောင်ပေးတာပါ။ ဒီလို မျိုးမြင့်သားစပ်လုပ်ငန်းတွေကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ရှမ်း၊ ဧရာဝတီ၊ မွန် စတဲ့နေရာများများမှာ လုပ်ဆောင်ပေးတာမျိုးရှိပေမယ့် မြို့နယ်အားလုံးမှာတော့ မရှိပါဘူး။ ပူတာအိုဘက်မှာဆိုပို့ရတာ ခက်ခဲတဲ့အတွက်မရှိပါဘူး။ ဘာလို့မရှိတာလဲဆိုတော့ သားစပ်ဖို့အတွက် လိုအပ်တဲ့ နိုက်ထရိုဂျင်မျိုးရည်ထည့်ထားတဲ့ မျိုးချောင်းတွေကို လေယာဉ်ပျံနဲ့ပို့လို့မရဘူး။ အေးခဲအမှတ်အောက်မှာပဲထားပြီး ကားနဲ့ပဲပို့လို့ရတဲ့အတွက်ကြောင့်ပါ။

"ကျွန်တော်တို့ဝန်ကြီးဌာနကနေ ရန်ကုန်မှာ မျိုးချောင်းထုတ်လုပ်တာလည်းရှိပါတယ်။ နှစ်ပေါင်းသုံးဆယ်လောက်ရှိပါပြီ။ ပြီးတော့ နယူးဇီလန်က မျိုးရည်ခဲချောင်းတွေ မှာတာလည်းရှိတယ်။ ထိုင်းနိုင်ငံ၊ ဂျာမနီကနေမှာတာလည်း ရှိတယ်။

"ဒီလို မျိုးမြင့်သားစပ်တဲ့အခါ လွန်ခဲ့တဲ့နှစ်နှစ်လောက်က နိုက်ထရိုဂျင်နဲ့ မျိုးချောင်းဖိုးအတွက် သတ်မှတ်ထားတာရှိပါတယ်။ အခုကတော့ အခမဲ့ဆောင်ရွက်ပေးနေတာပါ၊ အစိုးရဘတ်ဂျက်ကနေ ဆောင်ရွက်ပါတယ်"ဟုလည်း ပြောကြားခဲ့သည်။

ထိုသို့ လတ်ဆတ်မျိုးရည်ကို ရောရည်နှင့်ရောခြင်းဖြင့် မေထုန်မဲ့သားစပ်ခြင်းကို ၁၉၃၆ ခုနှစ်က ဥရောပနှင့် မြောက်အမေရိကတို့တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မေထုန်မဲ့သားစပ်ရာတွင် အသုံးပြုသည့် လတ်ဆတ်မျိုးရည်သည် ၃ ရက်ခန့်သာ ထားရှိနိုင်သည့်အတွက် ၁၉၆၀ ပြည့်နှစ် နောက်ပိုင်းမှစ၍ အေးခဲမှတ်ဖြင့် နိုက်ထရိုဂျင်အရည်တွင် သိမ်းဆည်းနိုင်သည့် အေးခဲမျိုးရည်ကို အသုံးပြုလာကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ၁၉၅၉ ခုနှစ်မှစတင်ပြီး လတ်ဆတ်မျိုးရည်အသုံးပြု မေထုန်မဲ့သားစပ်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၇၃ ခုနှစ်မှစတင်ကာ အေးခဲမျိုးရည်ခဲချောင်းများနှင့်သားစပ်ခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် နို့စားနွားမွေးမြူခြင်းများ ရှိသော်လည်း စီးပွားဖြစ်မွေးမြူခြင်း ဖွံ့ဖြိုးရန်လိုအပ်လျက်ရှိပြီး ပြည်တွင်းနို့ထွက်ပစ္စည်း စားသုံးမှုလိုအပ်ချက်အတွက် ပြည်ပမှတင်သွင်းနေရကြောင်း သိရသည်။

"ပြည်တွင်းရဲ့ နို့ထွက်ပစ္စည်းစားသုံးမှု လိုအပ်ချက်အတွက် ပြည်ပကနေ သန်း ၇၀ ကျော်ဖိုးလောက် တင်သွင်းနေရတာပါ။ တင်သွင်းတဲ့နေရာမှာ အဓိကအားဖြင့် နို့ဆီ၊ နို့မှုန့်၊ နို့စိမ်းတွေ တင်သွင်းတာများပါတယ်။ ကိုယ့်ဆီမှာဖွံ့ဖြိုးပြီး ထုတ်လုပ်မှုများလာရင် တင်သွင်းတာကို လျှော့ချနိုင်မှာပါ။

"နို့မှာ အာဟာရဓာတ်အများကြီး ပါဝင်ပါတယ်။ ကျွန်တော်တို့ဆီမှာ နို့သောက်ကြပါတယ်။ အာဟာရတန်ဖိုးအပြည့်အဝပါဖို့၊ သန့်ရှင်းမှုရှိဖို့လိုအပ်ပါတယ်။ အရည်အသွေးအပြည့်၊ အာဟာရတန်ဖိုးအပြည့်နို့တွေကို သောက်သုံးနိုင်ဖို့ လိုအပ်ပါတယ်။

ကျွန်တော်တို့ဆီမှာ နို့ထုတ်လုပ်တဲ့အခါ နို့ညှစ်ရင် လက်နဲ့ညှစ်တယ်။ ပြီးတော့ နို့ထည့်တဲ့ခွက်တွေ ပိုးမသတ်ထားပါဘူး။ ဒါကြောင့် တစ်ခါတလေမှာ နို့သောက်ရင် ဝမ်းသွားတာမျိုးတွေ ဖြစ်တတ်တယ်။ ထုတ်လုပ်မှုက အစ စနစ်တကျလုပ်ဆောင်ဖို့ ချက်ချင်းတော့ မဖြစ်နိုင်သေးပေမယ့် တဖြည်းဖြည်းပြောင်းလဲယူရမှာပါ"ဟု ညွှန်ကြားရေးမှူးချုပ်က ရှင်းပြသည်။

ဆက်လက်၍ ၎င်းက "မွေးမြူရေးမှာ ထုတ်လုပ်မှုတွေ တိုးတက်ဖို့နဲ့အောင်မြင်ဖို့အတွက် အဓိကကျတာအစာပါ။ အစာအတွက် အာဟာရတန်ဖိုးရှိဖို့လိုအပ်သလို ကုန်ကျစရိတ်သက်သာဖို့လည်း လိုပါတယ်။ ကျွန်တော်တို့ဆီမှာက နွားစာအတွက် စိုက်ပျိုးသီးနှံရဲ့ ဘေးထွက်ပစ္စည်းဖြစ်တဲ့ ကောက်ရိုး၊ ပဲရိုးတွေ စတာတွေကျွေးကြတာများပါတယ်။

"ကျွန်တော်တို့ဌာနက နွားစာအတွက် ဒေသနဲ့သင့်လျော်တဲ့မြက်မျိုးတွေပေးပါတယ်။ စိုက်နည်း၊ ပျိုးနည်းလည်း သင်တန်းတွေပေးပါတယ်။ စိုက်လည်း စိုက်ပြပါတယ်။ အစာအတွက် မြက်စိုက်တာမျိုးရှိသလို ရောင်းချဖို့အတွက်လည်း စိုက်ကြတယ်။ မြက်က ၄၅ ရက်ဆို ရတဲ့မြက်မျိုးပါ၊ ၄၅ ရက် တစ်ကြိမ်ရိတ်နိုင်ပြီး ရိတ်ပြီးတဲ့နေရာကနေ အသစ်ထပ်ထွက်မယ်၊ သုံးနှစ်လောက်အထိ အထွက်ကောင်းတယ်၊ ထွက်တာကတော့ ငါးနှစ်လောက်အထိထွက်ပါတယ်။

"ပြီးတော့ နွားစာကိုလည်း အာဟာရဖြစ်အောင် ပြုပြင်ဖန်တီးတတ်ဖို့လိုပါတယ်။ အများစုကျွေးနေကျ ကောက်ရိုးမှာ အာဟာရပါဝင်မှုက နည်းပါတယ်။ ဒီလိုသမရိုးကျကောက်ရိုးကို အာဟာရဖြစ်အောင်၊ အားရှိအောင် ယူရီးယား(Urea)နဲ့ ပြုပြင်တာမျိုး ပြုပြင်လို့ရပါတယ်။ ပြုပြင်ထားတဲ့အတွက် ပိုပြီးအစာကြေလွယ်တယ်၊ တိရစ္ဆာန်တွေ ကြီးထွားကြံ့ခိုင်ပြီးအားရှိတော့ ထုတ်လုပ်မှုပိုရမယ်။

"နွားစာကို အခြောက်ကျွေးတာထက် အစိုကျွေးတာက ပိုပြီးအာဟာရဖြစ်စေပါတယ်။ ကျွန်တော်တို့ဆီမှာက နွေရာသီမှာ နွားစာရှားတာမျိုးရှိပါတယ်။ ဒါကြောင့် နွားတွေကို အခြောက်ကျွေးတာထက် ဒီလိုအစာရှားချိန်မှာလည်း အစာအစိုကျွေးလို့ရအောင် မြက်ချဉ်ထည့်ထားလို့ရပါတယ်။ အစာပေါတဲ့ရာသီမှာ မြက်ချဉ်သိပ်ပြီး စုဆောင်းထားလို့ရပါတယ်။ မြက်ချဉ်ဆိုတာကလည်း တအားချဉ်အောင်တော့ မဟုတ်ပေမယ့် အာဟာရဓာတ်မပျက် အစိုထိန်းသိမ်းထားတဲ့သဘောပါ။

"ရေဘေးသင့်ဒေသတွေမှာလည်း နွားစာအတွက် မြက်စိုက်ပေးတာရှိပါတယ်။ ရေဘေးသင့်ဒေသတွေမှာ ရွှံ့နွံတွေဖုံးသွားတယ်။ မြက်အသစ်မပေါက်နိုင်တဲ့အတွက် မြက်တွေပြန်စိုက်ပေးတာရှိပါတယ်။ ရွာတွေမှာ ပြန်စိုက်တဲ့အခါ ရွာပိုင်၊ အများပိုင်မြေနေရာလေးတွေမှာ စိုက်ပျိုးပြပါတယ်"ဟု ဆိုသည်။

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ နို့စားနွားမွေးမြူလုပ်ကိုင်ဆောင်ရွက်သူများ၊ ပြည်တွင်းပြည်ပပညာရှင်များနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ပူးပေါင်းကာ နို့စားနွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်မှု (မူကြမ်း)ရေးဆွဲနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို ယခုလ ၁၄ ရက်က နေပြည်တော်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ နို့စားနွားနွားမွေးမြူရေးနဲ့ နို့ထွက်ပစ္စည်းထုတ်လုပ်မှုတွေ တိုးတက်ဖို့အတွက် ဆောင်ရွက်တဲ့အခါ ကျေးလက်ဒေသတွေမှာ နွားမွေးဘဏ်ပေးတာမျိုးနဲ့ နွားမွေးမြူရေးဘဏ်စနစ်တွေ လုပ်ဆောင်ပေးတာမျိုးလည်းရှိပါတယ်။

"မွေးဘဏ်ပေးတာက ကျေးလက်ဒေသတွေက ဓလေ့အတိုင်းပါပဲ။ နွားမွေးမြူရေးဖြစ်ထွန်းဖို့အတွက် အရင်းအမြစ်စိုက်ထုတ်လိုက်တာဖြစ်ပါတယ်။

"နောက်တစ်ခုကတော့ မွေးမြူရေးဘဏ်စနစ်ပါ။ မွေးမြူရေးဘဏ်စနစ်မှာတော့ ဥပမာအနေနဲ့ ကျွန်တော်တို့က အခုနွားပေးလိုက်တယ်။ နောင်သုံးနှစ်ကြာရင် အဲဒီနွားပြန်ပေးရပါမယ်။ ပေးတဲ့အခါမှာလည်း သူက တိုက်ရိုက်ပေးလို့မရပါဘူး။ သူက ကျေးရွာကော်မတီထံ ပြန်လည်အပ်နှံပြီးပေးရပါမယ်။ ကော်မတီကနေမှ နောက်တစ်ဖွဲ့က နောက်တစ်ယောက်ကို စာချုပ်ဖြင့် ပြန်လည်ပေးအပ်မယ်။ ထပ်ရတဲ့သူကလည်း အဲဒီအတိုင်းပဲ ထပ်ပြီးပြန်လည်ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ အများနဲ့ဆိုင်တဲ့ကိစ္စဖြစ်လို့ ဘဏ်စနစ်လို့ ပြောတာပါ။

"မွေးမြူရေးဘဏ်စနစ်ကတော့ မိမိတို့ သတ်မှတ်ပေးထားတဲ့ အချိန်အတွင်းမှာ နွားအစားပြန်ပေးလိုက်နိုင်ရင် ကျန်တဲ့နွားအား မွေးမြူသူကပိုင်ဆိုင်တယ်။ သူ့ရဲ့တာဝန်က သတ်မှတ်ကာလမှာ တစ်ကောင်ပြန်ပေးဖို့ပါပဲ။ ကျွန်တော်တို့ပေးထားတဲ့ နွားအကောင် ၁၀၀ ဟာမပျောက်ပျက်ရဘူး။ အချိန်ပြည့်ရင် အမြဲတမ်းအကောင် ၁၀၀ အတိုင်း ဖြစ်နေရပါမယ်။ သုံးနှစ်နေရင် နောက်ထပ်တစ်ဆတိုးမယ်၊ နောက်သုံးနှစ်နေရင် နောက်ထပ်တစ်ဆတိုးမယ်"ဟုလည်း ဒေါက်တာ ရဲထွန်းဝင်းက ရှင်းပြသည်။

> "နို့မှာ အာဟာရဓာတ် အများကြီး ပါဝင်ပါတယ်။ ကျွန်တော်တို့ဆီမှာ နို့သောက်ကြပါတယ်။ အာဟာရတန်ဖိုး အပြည့်အဝပါဖို့၊ သန့်ရှင်းမှုရှိဖို့ လိုအပ်ပါတယ်။ အရည်အသွေးအပြည့်၊ အာဟာရတန်ဖိုးအပြည့်နို့တွေကို သောက်သုံးနိုင်ဖို့ လိုအပ်ပါတယ်"

နို့စားနွားမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးလာစေရေး၊ နို့နှင့်နို့ထွက်ကုန်ပစ္စည်း ထုတ်ကုန်များထုတ်လုပ်နိုင်ရေးအပြင် ကျောင်းနေအရွယ်ကလေးများအား နို့နှင့်နို့ထွက်ပစ္စည်းများ သောက်သုံးနိုင်ရေးအတွက် ဒေသတွင်း နို့စားနွားမွေးမြူရေးဘုတ်အဖွဲ့များကို တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဖွဲ့စည်းထားပြီး သန့်ရှင်းသောနို့များသောက်သုံးနိုင်ရေးအတွက်လည်း နို့ပေါင်းစက်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖြန့်ဖြူးထားကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံတွင် နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မွေးမြူရေးအသင်းများပူးပေါင်းကာ မြန်မာနိုင်ငံ နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု ကြီးကြပ်ရေးအဖွဲ့ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းမဟောင်းဘေးအနောက်ဘက်ရှိ အောင်ချမ်းသာနို့စားနွားမွေးမြူရေးခြံ။ ဓာတ်ပုံ-တင်မောင်လွင်